မြန်မာနိုင်ငံဒေသဆိုင်ရာအုပ်ချုပ်မှုစနစ် ဆွေးနွေးချက်စာတမ်းများ

မြန်မာနိုင်ငံ၏ သဘာဝသယံဇာတအရင်းအမြစ်များ နှင့် ဒေသဆိုင်ရာ အစိုးရများ

ဥစ္စာဓနခွဲဝေမှုအတွက် အဓိကစဉ်းစားစရာများ

သက်အောင်လင်း နှင့် မာရီအိုးရ

ဇွန်လ ၂၀၁၄

ဆွေးနွေးချက် စာတမ်း အမှတ် - ၄

IGC International Growth Centre

MDRI CESD

The Asia Foundation
Improving Lives, Expanding Opportunities

မြန်မာနိုင်ငံ၏ သဘာဝသယံဇာတအရင်းအမြစ်များနှင့် ဒေသဆိုင်ရာအစိုးရများ

ဥစ္စာနေခွဲဝေမှုအတွက် အဓိကစဉ်းစားစရာများ

သက်အောင်လင်း နှင့် မာရီအိုးရ

ဇွန်လ ၂၀၁၄

သက်အောင်လင်း သည်မြန်မာ့ဖွံ့ဖြိုးတိုးတက်ရေး အရင်းအမြစ်အဖွဲ့၏ စီးပွားရေးနှင့်လူမှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့(MDRI-CESD) မှ တွဲဖက်သုတေသီတစ်ဦးဖြစ်ပြီး **မာရီအိုးရ်** သည် နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (International Growth Centre) ၏ မြန်မာနိုင်ငံရုံးမှ စီးပွားရေးပညာရှင်တစ်ဦးဖြစ်ပါသည်။ ဗားမောင့် ဥပဒေကျောင်းမှ **မာတင်ကော်စီယာ** ကလည်း မြန်မာနိုင်ငံ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေဆိုင်ရာ အခန်းကို ပါဝင်ရေးသားပေးခဲ့ပါသည်။ စာရေးသူများအနေဖြင့် တွေ့ဆုံခဲ့ရာတွင် ၄င်းတို့၏ အသိအမြင် နှင့် ယူဆချက်များကို အချိန်ပေး၍ မျှဝေပေးခဲ့သော အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီဝင်များ၊ ပြည်နယ်အစိုးရအရာရှိများ နှင့် ပြည်ထောင်စု ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များအားလုံး ကို ကျေးဇူးတင်ကြောင်းပြောလိုပါသည်။ အထူးအားဖြင့် MDRI-CESD မှဦးဇော်ဦး၊ ဦးတင်မောင်သန်း၊ ဦးဝင်းမင်း နှင့် ပေါမင်နေဒ့လတ်တီတို့နှင့် တကွ ဟမ်းမစ်ရ်နစ်ဆင်၊ IGC/Duke University မှ ပါမောက္ခ ရောဘတ်ကွန်ရတ်၊ International Senior Lawyers Project မှ ဂျိုးဇက်ဘဲ၊ Natural Resource Governance Institute မှ လော်ရန်ဗိုဒဲလတ်စ်ဂတ်စ်၊ Myanmar Centre for Responsible Business မှ ဗစ်ကီတိုးမန်း၊ Peace Nexus မှ ဂျေးကာဗာနော့ တို့ကိုလည်း ၄င်းတို့၏ မှတ်ချက်များနှင့် လမ်းညွှန်ပြသမှု တို့အတွက် ကျေးဇူးတင်ရှိပါသည်။ ထို့အပြင် IGC မှ ဂျိုအန်လိုင်၊ ဟယ်လင် ဆင်စ်နှင့် အန်ဒရီယာစမူရာ၊ MDRI-CESD မှ ဝင်းပိုပိုအောင်တို့ကိုလည်း ၄င်းတို့၏ အကူအညီ များအတွက် ကျေးဇူးတင်ကြောင်းပြောလိုပါသည်။

မြန်မာနိုင်ငံ ဒေသဆိုင်ရာအုပ်ချုပ်မှုစနစ် ဆွေးနွေးချက်စာတမ်းများ သည် မြန်မာ့ဖွံ့ဖြိုး တိုးတက်ရေး အရင်းအမြစ်အဖွဲ့အစည်း၊ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (MDRI-CESD) နှင့် အာရှဖောင်ဒေးရှင်း (The Asia Foundation) တို့အကြား သုတေသန ပူးပေါင်းဆောင်ရွက်မှုကြိုးပမ်းချက် တစ်ရပ် ဖြစ်သည်။ ဤ ဆွေးနွေးချက်စာတမ်းများသည် နိုင်ငံအဆင့်နှင့် ဒေသန္တရအဆင့်ရှိ မူဝါဒ ချမှတ်သူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ စီးပွားရေး နယ်ပယ်၊ ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများနှင့်တကွ အခြားသော စိတ်ပါဝင်စားကြသည့် သက်ဆိုင်သူများအားလုံးအား မူဝါဒနှင့် ပြုပြင်ပြောင်းလဲရေး ဖြစ်စဉ်များအပေါ် တိုက်ရိုက် အသိပေးသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များအား အချိန်မီ သုတေသနပြု တင်ပြနိုင်ရန်ရည်ရွယ်သည်။ ယခုစာတမ်းကို International Growth Centre (IGC) အဖွဲ့က ပူးပေါင်းပါဝင်ကူညီခဲ့ ပါသည်။ ဤစာတမ်းများအတွက် ပြုလုပ်သည့် သုတေသနများတွင် အစိုးရ၊ နိုင်ငံရေးနယ်ပယ်၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ရပ်ရွာလူမှု အသိုက်အဝန်းများထံမှ အမြင်များကို ထည့်သွင်းလေ့လာထားပြီး ဆီလျော်မှု အရှိနိုင်ဆုံးမူဝါဒ ဆန်းစစ်လေ့လာချက် နှင့် နိုင်ငံတကာမှ အတွေ့အကြုံများကိုလည်း တင်ပြထားပါသည်။ ထုတ်ဝေခဲ့ပြီး ဖြစ်သော၊ ဆောင်ရွက်ဆဲဖြစ်သော၊ ရှေ့တွင် ဆောင်ရွက်မည်ဖြစ်သော သုတေသနများအပေါ် ပါဝင်အကြံပြု ဆွေးနွေးမှုများကို ကြိုဆိုပါသည်။

မြန်မာ့ဖွံ့ဖြိုးတိုးတက်ရေး အရင်းအမြစ်အဖွဲ့အစည်း၊ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (MDRI-CESD) သည် လွတ်လပ်သည့် သုတေသနအဖွဲ့အစည်း တစ်ခုဖြစ်ပြီး၊ မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှု အသွင်ကူးပြောင်းရေး အတွက် ကြိုးစား လုပ်ဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ ဆင်းရဲမှု လျော့ချရေး၊ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုး တိုးတက်ရေး နှင့် ကောင်းမွန်သော အုပ်ချုပ်ရေး ကိစ္စရပ်များအပေါ် ပူးပေါင်းပါဝင်သည့် သုတေသနပြုမှုများ လုပ်ဆောင် နေပါသည်။ ထို့အပြင် ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်၌ အဓိကပါဝင်လျက်ရှိကြသည့် အင်စတီကျူးရှင်းများ၊ အဖွဲ့အစည်းများကို သင်တန်းနှင့် ပညာရပ်များ ပံ့ပိုးပေးခြင်းကိုလည်း ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတကာဖွံ့ဖြိုးတက်မှုလေ့လာရေးဌာန (International Growth Centre) အား လန်ဒန်စီးပွားရေးနှင့် နိုင်ငံရေးသိပ္ပံ တက္ကသိုလ် (LSE) နှင့် အောက်စဖိုဒ်တက္ကသိုလ်တို့မှ ဦးဆောင်ညွှန်ကြားပါသည်။ နိုင်ငံတကာတွင် မူဝါဒဆိုင်ရာ သုတေသီများဖြင့် ရုံးခွဲများ ဖွင့်လှစ်ထားပါသည်။ IGC အဖွဲ့၏ ရည်မှန်းချက်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများ၌ တောင်းဆိုသည့်အပေါ်တွင် မူဝါဒအကြံဉာဏ်များ ပေးခြင်းဖြင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု ကိုဖြေဖျောက်ပေးနိုင်ရန်ဖြစ်သည်။ ဦးတည်သုတေသနနယ်ပယ် လေးခု တွင် နိုင်ငံ၏ထိရောက်စွမ်းဆောင်နိုင်မှု၊ စီးပွားရေးလုပ်ငန်းများ၏အရည်အသွေး၊ မြို့ပြရေးရာနှင့် စွမ်းအင်တို့ပါဝင်ပါသည်။ IGC အဖွဲ့အနေဖြင့် အထူးအားဖြင့် သယံဇာတစီမံခန့်ခွဲမှုနှင့် အခွန်အကောက်၊ ပြည်သူ့ငွေကြေးသုံးစွဲမှု ကိစ္စရပ်များတွင်ထဲထဲဝင်ဝင်လုပ်ဆောင်နိုင်ခဲ့ပါသည်။

အာရှဖောင်ဒေးရှင်း (The Asia Foundation) သည် ပြောင်းလဲ ဖွံ့ဖြိုးလာသော အာရှဒေသအတွင်း ပိုမိုတိုးတက်သည့် ဘဝများ ဖြစ်ပေါ်လာအောင် ကြိုးစားဆောင်ရွက်နေသည့် အကျိုးအမြတ်အတွက်မဟုတ်သော နိုင်ငံတကာ ဖွံ့ဖြိုးရေးအဖွဲ့အစည်း တစ်ခုဖြစ်သည်။ အာရှဒေသ၌ ဆယ်စုနှစ်ခြောက်ခုတိုင်အောင် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံ၊ နက်ရှိုင်းသည့် ဒေသဆိုင်ရာ နားလည် ကျွမ်းကျင်မှုတို့ဖြင့်၊ အာရှနိုင်ငံ ၁၈ နိုင်ငံတွင် ရုံးခွဲများဖွင့်လှစ်၍ အာရှဒေသအပေါ် သက်ရောက်လျက်ရှိသည့် ၂၁ ရာစု၏ အရေးကြီးလှသော ကိစ္စရပ်များဖြစ်သည့် အုပ်ချုပ်ရေးနှင့် ဥပဒေ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အမျိုးသမီးများ စွမ်းအားဖြည့်ဆည်းမှု၊ သဘာဝပတ်ဝန်းကျင် နှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေး တို့အပေါ် အစီအစဉ်များချမှတ်ဆောင်ရွက်လျက်ရှိသည်။

စကားဦး

မြန်မာ့ဖွံ့ဖြိုးတိုးတက်ရေး အရင်းအမြစ်အဖွဲ့အစည်း၏ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ အာရှဖောင်ဒေးရှင်းနှင့် နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်မှုလေ့လာရေးဌာနတို့သည် မြန်မာနိုင်ငံ ဒေသဆိုင်ရာ အုပ်ချုပ်မှုစနစ် ဆွေးနွေးချက်စာတမ်းများမှ လေးခုမြောက် စာတမ်းကို တင်ပြဆွေးနွေးနိုင်သည့်အတွက် များစွာဝမ်းမြောက်မိပါသည်။

မြန်မာနိုင်ငံ၏ အပြောင်းအလဲအနေအထားသည် အရှိန်အဟုန်ဖြင့် ရှေ့သို့တိုးတက်ဖြစ်ထွန်းလျက်ရှိပါသည်။ ဗဟိုချုပ်ကိုင်မှု လျော့ချရေးနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးတို့သည် နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသလို၊ အစိုးရ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ၌လည်း ဦးစားပေးအဖြစ် ထည့်သွင်းစဉ်းစားနိုင်ရန် လွန်စွာအရေးကြီးပါသည်။ ဤအတွက်ကြောင့် ဗဟိုချုပ်ကိုင်မှု လျော့ချခြင်းနှင့် ဒေသဆိုင်ရာအစိုးရများနှင့်ပတ်သက်၍ အဓိကကျသော ပြုပြင်ပြောင်းလဲရေးများအပေါ် အချိန်ကိုက် ဆန်းစစ်လေ့လာရန် နှင့် သုသေတနလုပ်ဆောင်ရန် အမှန်တကယ်လိုအပ်လျက်ရှိသည်။ ဤဆွေးနွေးချက်စာတမ်းများသည် ဒေသဆိုင်ရာအုပ်ချုပ်ရေးနှင့် ပတ်သက်၍ သုတေသနတွေ့ရှိချက်များကို ဗဟိုအဆင့်နှင့် ဒေသအဆင့်မှ ပေါ်လစီချမှတ်သူများ၊ အရပ်ဘက်လူမှု အဖွဲ့အစည်းများ၊ စီးပွားရေး ရပ်ဝန်း နှင့် အခြားသော စိတ်ပါဝင်စားကြသည့် သက်ဆိုင်သူများ အားလုံးအား ဆွေးနွေးတင်ပြ၍ ပေါ်လစီနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို တိုက်ရိုက်ထိတွေ့တင်ပြနိုင်ရန် ရည်ရွယ်ပါသည်။

ဤဆွေးနွေးချက်စာတမ်း၌ သက်အောင်လင်းနှင့် မာရီအိုးရ တို့က မြန်မာနိုင်ငံ၏ သယံဇာတစီမံခန့်ခွဲမှုနှင့် ဝင်ငွေခွဲဝေမှု ဆိုင်ရာ ဆွေးနွေးမှုကို သတင်းအချက်အလက် ပံ့ပိုးပေးနိုင်ရန် ရည်ရွယ်တင်ပြထားပါသည်။ သယံဇာတမှရငွေများသည် မြန်မာနိုင်ငံအစိုးရ၏ ဝင်ငွေတွင် ကြီးမားသော အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး ရှေ့လာမည့်နှစ်များအတွင်း ဤကဏ္ဍတွင်ပိုမိုတိုးတက်လာမည့် အလားအလာ များလည်းရှိနေပါသည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် ပြုပြင်ပြောင်းလဲရေးများတွင် သယံဇာတစီမံခန့်ခွဲမှုစနစ်များ ကိုလည်း ဦးစားပေး တစ်ရပ်အဖြစ် ထည့်သွင်းဆောင်ရွက်လျက်ရှိရာ ဤအကြောင်းအရာမှာ ပြည်သူလူထုနှင့် အဖွဲ့အစည်းများအကြားတွင် စိတ်ပါဝင်စား သော ခေါင်းစဉ်တစ်ခုဖြစ်ပါသည်။ ပြုပြင်ပြောင်းလဲမှုဆိုင်ရာ ဆွေးနွေးချက်များ ဖြစ်ပေါ်လျက်ရှိသည့် အချိန်တွင် လက်ရှိ ဥပဒေများ၊ စနစ်များနှင့် လုပ်ကိုင်ဆောင်ရွက်ပုံများကို အခြေခံလေ့လာမှုတစ်ရပ်အနေဖြင့် လွှမ်းခြုံလေ့လာထားသည့် ဤစာတမ်းသည် ရှေ့အနာဂါတ်တွင် ပိုမိုချဲ့ထုတေသနပြုလုပ်နိုင်ရန် နှင့် မူဝါဒဆွေးနွေးမှုများအပေါ် ပံ့ပိုးပေးနိုင်ရန် ရည်ရွယ်ပါသည်။

ယခုစာတမ်းအား ရေးသားပြုစုရာတွင် ကုန်ကျစရိတ်များကို ဗြိတိသျှအစိုးရ၏ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဌာန (DFID) မှ ပံ့ပိုးပေးထားပါသည်။ ဤစာတမ်းတွင် ဖော်ပြထားသော သုံးသပ်ချက်များသည် စာရေးသူများ၏ အမြင်များသာဖြစ်ပြီး၊ DFID၊ MDRI-CESD၊ The Asia Foundation နှင့် IGC တို့၏ အမြင်များဟု မယူဆစေလိုပါ။

ဒေါက်တာဇော်ဦး
အမှုဆောင်ဒါရိုက်တာ
MDRI-CESD

ဒေါက်တာရှန်ဂျင်ဝေ
ဦးဆောင်ပညာရှင်
IGC Myanmar

ဒေါက်တာကင်မ်နင်
မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်
The Asia Foundation

မာတိကာ

အတိုကောက်ဝေါဟာရများ i

အစီရင်ခံစာ အနှစ်ချုပ် ii

အခန်း ၁ ၊ နိဒါန်း 1

၁.၁ သုတေသနနည်းလမ်းများနှင့် လွှမ်းခြုံမှု 2

၁.၂ ဆွေးနွေးချက်များအား ပုံသွင်းခြင်း 3

အခန်း ၂ ၊ သယံဇာတ၊ ဝင်ငွေများနှင် တာဝန်များကို ပုံဖော်ခြင်း 6

၂.၁ နောက်ခံ အခြေအနေ 6

၂.၂ မရေရာသော ရင်းမြစ်များ 8

၂.၃ သယံဇာတအရင်းအမြစ်ဝင်ငွေများ၏ အရေးပါမှု 10

၂.၄ ၊ ကဏ္ဍအလိုက် ယေဘူယျတင်ပြခြင်း 14

၂.၅ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေ 23

အခန်း ၃ - ဒေသဆိုင်ရာ အစိုးရများ၏ အခန်းကဏ္ဍ 25

၃.၁ ဘဏ္ဍာရေးဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း (Fiscal Decentralization) 26

၃.၂ စီမံအုပ်ချုပ်မှုဆိုင်ရာ ဖွဲ့စည်းတည်ဆောက်ပုံများ 30

၃.၃ မကြာခင်က ဆောင်ရွက်ခဲ့သော အပြောင်းအလဲများနှင့် ပြုပြင်ပြောင်းလဲရေးအတွက် အဆိုပြုချက်များ 32

၃.၄ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ပါဝင်မှု 35

အခန်း ၄ - သက်ဆိုင်ပါဝင်နေသူများနှင့် ပြောဆိုဆွေးနွေးချက်များ 37

၄.၁ စီးပွားရေး ပြန်လည်တည်ဆောက်မှု 37

၄.၂ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ပြောင်းလဲရေး 38

၄.၃ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် တိုင်းရင်းသားနိုင်ငံရေးအဖွဲ့အစည်းများ 39

အခန်း ၅ ၊ မြန်မာနိုင်ငံအတွက် စဉ်းစားစရာများ 43

၅.၁ မည်သို့သော ရည်မှန်းချက်များ ထားရှိသင့်သနည်း 43

၅.၂ စနစ်ယန္တရားများနှင့် အခြားနိုင်ငံများမှ အတွေ့အကြုံများ (Mechanisms and evidence from other countries) 44

၅.၃ အပေးအယူနှင့် အန္တရာယ် (Trade-offs and risks) 47

၅.၄ နိဂုံးချုပ် 50

နောက်ဆက်တွဲ ၁ ၊ ပြည်နယ်များနှင့် တိုင်းဒေသကြီးများမှ သယံဇာတ ခန့်မှန်းစာရင်း 55

နောက်ဆက်တွဲ ၂ ၊ ၂၀၁၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း (ဇယား ၂) 57

နောက်ဆက်တွဲ ၃ ၊ ၂၀၁၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံရမည့် အခွန်အခများ (ဇယား ၅) 59

နောက်ဆက်တွဲ ၄ ၊ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ ၂၀၁၀ - ၂၀၁၁ 60

စာစုစာရင်း 61

အကိုးအကား 66

အတိုကောက်ဝေါဟာရများ

BGF	နယ်ခြားစောင့်တပ်
CSR	စီးပွားရေးလုပ်ငန်းများ၏ လူမှုရေးတာဝန်ယူမှု
EAO	တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း
ECD	ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
EIA	ပတ်ဝန်းကျင်သက်ရောက်မှုလေ့လာဆန်းစစ်ချက်
EITI	တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး လုပ်ငန်းစဉ်
FESR	စီးပွားရေးနှင့် လူမှုပြုပြင်ပြောင်းလဲရေးအတွက် အခြေခံမူဘောင်
FLEGT	သစ်တောဥပဒေစည်းကြပ်ရေး၊ အုပ်ချုပ်မှုနှင့် ကုန်သွယ်မှု
FPJVC	သစ်တောထုတ်ကုန်ဖက်စပ် ကော်ပိုရေးရှင်း
GAD	အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
GOM	မြန်မာနိုင်ငံအစိုးရ
IRD	ပြည်တွင်းအခွန်များဦးစီးဌာန
KIO	ကချင်ပြည်နယ်လွတ်မြောက်ရေးအဖွဲ့
KNU	ကရင်အမျိုးသားအစည်းအရုံး
KSDP	ကချင်ပြည်နယ်ဒီမိုကရေစီပါတီ
MEC	မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း
MFTB	မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်
MGE	မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
MIC	မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
MOECAF	ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
MOEP	လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
MOF	ဘဏ္ဍာရေးဝန်ကြီးဌာန
MOGE	မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်း
MPC	မြန်မာနိုင်ငံဗြိမ်းချမ်းရေးပြည်လည်တည်ဆောက်ရေးဗဟိုဌာန
MPE	မြန်မာ့ရေနံဓါတုဗေဒလုပ်ငန်း
MPPE	မြန်မာ့ရေနံထွက်ပစ္စည်းများရောင်းဝယ်ရေးလုပ်ငန်း
MSG	သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့
MSMCE	မြန်မာဆားနှင့် အဏ္ဏဝါဓါတုဗေဒထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေး လုပ်ငန်း
MTE	မြန်မာ့သစ်လုပ်ငန်း
NLD	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
PSC	ထုတ်လုပ်မှုအပေါ်ခွဲဝေမှုစာချုပ်
SEE	နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ
SLORC	နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
SNDP	ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ
SOE	နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ
SPDC	နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
UMEHL	မြန်မာ့စီးပွားရေးဦးပိုင် ကုမ္ပဏီလီမိတက်
UNA	ညီညွတ်သော တိုင်းရင်းသားလူမျိုးများ မဟာမိတ်အဖွဲ့
UNFC	ညီညွတ်သော တိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ
USDP	ပြည်ထောင်စုကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီ

အစီရင်ခံစာ အနှစ်ချုပ်

မြန်မာနိုင်ငံအစိုးရက သယံဇာတအရင်းအမြစ်ကဏ္ဍများတွင် ပိုမိုပွင့်လင်းမြင်သာမှုရှိရန်နှင့် ဘဏ္ဍာရေးဗဟိုချုပ်ကိုင်မှု ပိုမို ဖြေလျှော့နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောဆိုထားပါသည်။ သယံဇာတအရင်းအမြစ်မှ ရငွေများအား စီးပွားရေး ပြန်လည်တည်ဆောက်မှု၊ အခြေခံဥပဒေပြုပြင်ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်များအတွင်း ထည့်သွင်းဆွေးနွေးလျက်ရှိသည်ကို တွေ့ရပါသည်။ သို့သော်လည်း ယခုအချိန်အထိ မည်သည့်အရာကို မည်သည့် အဆင့်များအတွင်း၌ မည်သို့ခွဲဝေမည် ဆိုသည့် အပေါ်တွင် အများညီသဘောထားကို မတွေ့မြင်ရသေးပါ။

ဤဆွေးနွေးချက်စာတမ်းမှာ မြန်မာနိုင်ငံ၏ သယံဇာတစီမံအုပ်ချုပ်မှုစနစ်မှ မသိရသော နှင့် သိရသော အခြေခံအချက်များကို လွှမ်းခြုံတင်ပြနိုင်ရန် ရည်ရွယ်ထားခြင်း ဖြစ်ပြီး ဒေသဆိုင်ရာ အစိုးရများ၏အခန်းကဏ္ဍအပေါ် အပြောင်းအလဲများ ပြုလုပ်ရာ၌ ဖြစ်လာနိုင်သည့် အွန်လာယ်များနှင့် အကျိုးခံစားမှုများကို ပိုမိုလေ့လာရာတွင် သတင်းအချက်အလက် ပံ့ပိုးပေးနိုင်ရန်လည်း ရည်ရွယ်ပါသည်။

သယံဇာတအရင်းအမြစ်များမှာ မြန်မာနိုင်ငံ၏ ဘတ်ဂျက်တွင် များစွာ ထည့်ဝင်ပေးထားပါသည်။ သဘာဝဓါတ်ငွေ့ သည် အစိုးရအတွက် အကြီးမားဆုံး နိုင်ငံခြားဝင်ငွေရင်းမြစ် ဖြစ်ပါသည်။[1] သယံဇာတများအပေါ် စီမံကြီးကြပ်ခြင်း ကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ဝန်ကြီးဌာနများအကြား ခွဲဝေတာဝန်ယူကြပါသည်။ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်း များသည် ခွင့်ပြုမိန့်များ ထုတ်ပေးခြင်း နှင့် အခွန် နှင့် အခွန်မဟုတ်သော ဝင်ငွေများ ကောက်ခံခြင်း နှစ်ခုစလုံးကို တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အရေးကြီးသည့် အခန်းကဏ္ဍတွင်ရှိပါသည်။ ဤစာတမ်း၌ သတ္တု၊ ရေနံနှင့် သဘာဝဓါတ်ငွေ့၊ သစ်လုပ်ငန်းနှင့် ရေအားလျှပ်စစ်တို့ကို လွှမ်းခြုံတင်ပြနိုင်ရန် ကြိုးစားထားသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပုံစံများနှင့် ထုတ်ယူတူးဖော်မှု အဆင့်များအပေါ်မူတည်၍ သယံဇာတကဏ္ဍတစ်ခုနှင့် တစ်ခု အကြားအရေးကြီးသည့် ကွဲပြားခြားနားချက်များ ရှိကြသည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံအစိုးရသည် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု (public financial management) ပိုမိုတိုးတက်လာစေရန်အတွက် အလုပ်အဖွဲ့တစ်ခု ဖွဲ့စည်းခဲ့ပါသည်။ ထို့အပြင် တွင်းထွက်သယံဇာတတူးဖော်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး အစီအစဉ် (EITI) သို့လည်း အဖွဲ့ဝင်လျှောက်လွှာတင်ခဲ့သည် တွေ့ရပါသည်။ သို့သော်လည်း သယံဇာတတူးဖော်ထုတ်ယူမှုများ နှင့် သယံဇာတဝင်ငွေစီးဆင်းမှုများ၏ တာဝန်များကိုပုံဖော်ကြည့်ခြင်းမှာ ယခုအချိန်အထိပင် ရနိုင်သမျှသော သတင်းအချက်အလက်များကို ပေါင်းစပ် စုစည်းပြီး ကွာဟချက်များကို ဖော်ထုတ်နေရသည့် လေ့ကျင့်ခန်းတစ်ရပ် ဖြစ်ဆဲပင်ဖြစ်သည်။ သိသာထင်ရှားသည့် မသေချာ မရေရာမှုများတွင် သယံဇာတများဖွဲ့စည်းတည်ရှိမှု ပမာဏ၊ တရားမဝင်တူးဖော်ထုတ်ယူမှုများနှင့် ပေးငွေများ၊ ပဋိပက္ခဒေသများ နှင့် အပြိုင်တည်ရှိနေသည့် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများ၏ အုပ်ချုပ်ရေးစနစ်များ၊ တပ်မတော်ပိုင် စီးပွားရေးကုမ္ပဏီများ စသည်တို့ တစ်နည်းတစ်ဖုံပါဝင်နေပြီး ယခုအချိန်အထိ သယံဇာတကဏ္ဍမှ ရရှိသောဝင်ငွေများကိုလည်း တစ်လုံးတစ်ပေါင်းတည်း မဟုတ်သည့် သယံဇာတကဏ္ဍတစ်ခုချင်းအလိုက် ခွဲခြား အစီရင်ခံမှုလည်း မရှိသေးသည် ကိုတွေ့ရပါသည်။

ဒေသဆိုင်ရာ အဆင့်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပေးထားချက်အရ အနည်းငယ်သော သယံဇာတအရင်းအမြစ်အချို့ အပေါ်တွင် ဥပဒေပြု၊ အခွန်ကောက်ခံနိုင်ခွင့် ရှိကြရာတွင် ဥပမာအားဖြင့် ကျောက်မျက် ဖြတ်တောက်ခြင်း၊ သွေးခြင်း နှင့် ကျွန်းနှင့် သစ်မာ မဟုတ်သော သစ်အမျိုးအစားများ တို့ပါဝင်ပါသည်။ သယံဇာတ အရင်းအမြစ်နှင့် သက်ဆိုင်သော ဗဟိုချုပ်ကိုင်မှုဖြေလျှော့ခြင်းများကို (၁) ပြည်ထောင်စုဝန်ကြီးဌာနများဘက်မှ ပြည်နယ်/တိုင်းဒေသကြီး များသို့ တာဝန်များပိုမိုချပေးခြင်းဖြင့် လည်းကောင်း၊ (၂) ပြည်နယ်/တိုင်းဒေသကြီး အစိုးရတစ်ခုချင်းမှ ဥပဒေရေးဆွဲမှု အသစ်များပြုလုပ်ခြင်း သို့မဟုတ် အမိန့်ကြေငြာချက်များ အားဖြင့် လည်းကောင်း တွေ့မြင်ရပါသည်။ ဤအပြောင်းအလဲလေးများ၏ နယ်ပယ်အကျယ်အဝန်းမှာ ကျဉ်းမြောင်းသည်ဟု ဆိုနိုင်သော်လည်း ၄င်းသည် သယံဇာစီမံခန့်ခွဲမှုနှင့် ဝင်ငွေလှည့်ပတ်စီးဆင်းမှုများတွင် ဒေသဆိုင်ရာ အစိုးရများအနေဖြင့် ပိုမိုပါဝင်ဆောင်ရွက်နိုင်စွမ်းရှိကြောင်းကို ပြသလျက်ရှိပါသည်။ ဤအပြောင်းအလဲများအတွက် အခြေခံယူဆချက်မှာ ဒေသဆိုင်ရာ အစိုးရသည် အောက်ခြေမှပြည်သူလူထုဖြင့် ပိုမိုနီးကပ်သောကြောင့်

ထိရောက် မြန်ဆန်စွာ ဆောင်ရွက်နိုင်သည် ဟူသော ယူဆချက်ပင် ဖြစ်ပါလိမ့်မည်။[2] လက်ရှိတွင် မြန်မာနိုင်ငံ၌ဆောင်ရွက်နေသည့် ပုံစံမှာ ဝင်ငွေကောက်ခံမှုကို *ဗဟိုအားပြုမှုတာဝန် လျှော့ချ (deconcentrate) သည့်ပုံစံ*မျိုးသာဖြစ်ပြီး ဆွဲဆောင်ဖွယ်ရာ မက်လုံးများပါဝင်သည့် *ဗဟိုအာဏာခွဲဝေသတ်မှတ်လွှဲပြောင်းပေးသည့်ပုံစံ (devolution)* မဟုတ်သေးပါ။[a] သယံဇာတများအပေါ် နိုင်ငံရေးအရ ထိန်းချုပ်ကြီးကြပ်ခွင့်အား ယင်းသယံဇာတ အပေါ်တွင် ဝင်ငွေကောက်ခံပေးနေရခြင်းမှ သီးခြား ခွဲထုတ်ထားခြင်းကြောင့် ဒေသဆိုင်ရာ အစိုးရများအား ဝင်ငွေ ကောက်ခံမှုမြင့်တက်စေမည့် ဆွဲဆောင်မှုမက်လုံး မရှိဘဲ ဖြစ်စေနိုင်ပါသည်။

ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအနေဖြင့် သယံဇာတများမှ ဝင်ငွေ ကောက်ခံရရှိမှု နည်းပါးသည့်တိုင် ၄င်းတို့၏ စီမံအုပ်ချုပ်မှု ဖွဲ့စည်းပုံနှင့် သယံဇာတ အရင်းအမြစ်များ စီမံခန့်ခွဲရေးတာဝန်များမှာ လွန်စွာ အရေးကြီးပါသည်။ သယံဇာတစီမံခန့်ခွဲရေးအတွက် လိုအပ်သော အင်စတီကျူးရှင်းများ၊ အလေ့အကျင့်များနှင့် ဖွဲ့စည်းတည်ဆောက်ပုံများ၏ အစ ဖြစ်နေသောကြောင့်ပင်ဖြစ်သည်။ ထို့အပြင် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများသို့ အသေးစား သတ္တုတွင်းလုပ်ငန်းများအား လိုင်စင်ထုတ်ပေးနိုင်သည့် လုပ်ပိုင်ခွင့် အာဏာ ကို လွှဲပြောင်းပေးရန် ကဲ့သို့သော အဆိုပြုမူဝါဒများမှာလည်း သိသာထင်ရှားသော သက်ရောက်မှုများ ဖြစ်လာနိုင်ပါသည်။ ဒေသဆိုင်ရာအဆင့်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီများ ထည့်သွင်းဖွဲ့စည်းခဲ့ခြင်းမှာ ကောင်းမွန်သည့် တိုးတက်မှု တစ်ရပ်ဖြစ်ပါသည်။ ၄င်းအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေများ အသက်ဝင်အောင် ကြီးကြပ် ဆောင်ရွက်ခြင်းနှင့်တကွ သယံဇာတတူးဖော်ထုတ်ယူမှုများကြောင့် ဖြစ်ပေါ်သည့် ထိခိုက်နစ်နာမှုများကို ကိုင်တွယ် ဖြေရှင်းပေးရန် လိုပါသည်။

တစ်ဖြည်းဖြည်းတစ်ဆင့်ချင်း ပြောင်းလဲလာသည့် ဒေသဆိုင်ရာ အစိုးရများ၏ အခန်းကဏ္ဍ အပြင် ပိုမိုကျယ်ပြန့်သော သဘောဆောင်သည့် 'ဥစ္စာဓနခွဲဝေမှု' ကိစ္စအပေါ်တွင်လည်း ဆွေးနွေးပြောဆိုမှုများ ပိုမိုပေါ်ပေါက်လျက်ရှိပါသည်။ ပညာရှင်များက ဥစ္စာဓနခွဲဝေခြင်းအား သယံဇာတမှ ရရှိသော ဝင်ငွေများကို ခွဲဝေဖြန့်ဖြူးခြင်းအပေါ် စေ့စပ်ညှိနှိုင်းသဘောတူညီချက် (negotiated agreement) အဖြစ် အဓိပ္ပါယ်ဖွင့်ဆိုပါသည်။[3] ဥစ္စာဓနခွဲဝေမှု သို့မဟုတ် ဝင်ငွေခွဲဝေမှု ကို မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဆွေးမှုများ၌ အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ နှစ်ဖက်စလုံးမှ မူအားဖြင့် လက်ခံထားပြီးဖြစ်ကြောင်း သိရသည်။[4] မြန်မာနိုင်ငံအနေဖြင့် မည်သို့သော နိုင်ငံရေးသဘောတူညီချက်ဆီသို့ ရောက်ရှိသည်ဖြစ်စေ အရေးတကြီးမေးစရာရှိလာသည်မှာ လက်ရှိဘဏ္ဍာရေးမူဘောင် အနေဖြင့် ဥစ္စာဓနခွဲဝေမှုဆိုင်ရာ သတ်မှတ်ချက်များကို အထောက်အကူဖြစ်နေပြီလား၊ ရွေးချယ်လိုက်ကြသည့် သတ်မှတ်ဆုံးဖြတ်ချက်များက လက်ရှိ ဘဏ္ဍာရေးမူဘောင်နှင့် အံဝင်ဂွင်ကျဖြစ်ရဲ့လား စသည့် မေးခွန်းများပင်ဖြစ်ပါမည်။ ဥစ္စာဓနခွဲဝေမှုအတွက် ရွေးချယ်သည့် စနစ်ယန္တရားသည် ဖြစ်ပေါ်လာမည့် အကောင်းအဆိုး သက်ရောက်မှုများအတွက် လွန်စွာအရေးပါနေပါသည်။ သတ်မှတ်ပြဋ္ဌာန်းလိုက်သည့် အစီအစဉ်များကြောင့် တာဝန်ခံမှုများ ဖြစ်ပေါ်လာနိုင်သလို၊ အခွင့်အရေး အသုံးချခြင်းများလည်း ဖြစ်ပေါ်လာနိုင်ပါသည်။

အဓိကသယံဇာတအမျိုးအစား တစ်မျိုးသာရှိပြီး (ဥပမာ ရေနံ) ဆွေးနွေးညှိနှိုင်းမှုကို အုပ်စုနှစ်ခု အတွင်း၌သာ ပြုလုပ်၍ ဥစ္စာဓနခွဲဝေမှု သဘောတူညီချက်များ ချမှတ်နိုင်ခဲ့သည် အခြားနိုင်ငံများဖြင့် နှိုင်းယှဉ်ပါက မြန်မာနိုင်ငံ၏ အနေအထားမှာ များစွာ ကွဲပြားခြားနားပါသည်။ ဒေသတစ်ခုချင်းစီတွင် နိုင်ငံရေးစီးပွားရေးအရ အရေးကြီးသည့် ကွာခြားချက်များ အသီးသီးရှိနေပါသည်။ အမျိုးမျိုးသော ပါဂင်သူဏတ်ကောင်များနှင့် များပြားစုံလင်သော သယံဇာတအရင်းအမြစ်များက မြန်မာနိုင်ငံ၏ အခြေအနေကို ပိုပြီးရှုပ်ထွေး ခက်ခဲစေပါသည်။ သို့သော်လည်း ဤအခြေအနေသည် သက်ဆိုင်ပါဝင်သူများအား သယံဇာတများ တဖြည်းဖြည်း ကုန်ခမ်းသွား ချိန်တွင် ဆက်လက်၍ ဖွံ့ဖြိုးတိုးတက်နိုင်ရေး အတွက် အခြေခံများကို အုတ်မြစ်ချထားနိုင်သော၊ မျှတမှုရှိသည်ဟု ရှုမြင်နိုင်သော စနစ် တစ်ခုအဖြစ် ပုံဖော်နိုင်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားစေသည့် အခွင့်အရေးကိုလည်း ဖန်းတီးပေးထားသည် ဟုတစ်ဖက်မှ ရှုမြင်နိုင်ပါသည်။

လက်ရှိ ဆွေးနွေးပြောဆိုမှုများမှာ အများအားဖြင့် သယံဇာတရင်းမြစ်များအပေါ် အဓိက ပြောဆိုကြသော်လည်း ဆွေးနွေးရမည့် အကြောင်းကိစ္စနှစ်ရပ် ပါဝင်နေပါသည်။ ၄င်းတို့မှာ သယံဇာတစီမံခန့်ခွဲမှု အတွက် မူဝါဒများနှင့် သယံဇာဝင်ငွေများ အတွက် မူဝါဒများ တို့ဖြစ်သည်။ တိုင်းရင်းသားလူမျိုးစု နိုင်ငံရေးပါတီများနှင့် သဘာဝပတ်ဝန်းကျင်အုပ်စုများမှ ပြောဆိုကြသည့် အချို့သော

[a] *Devolution* ပုံစံတွင် အာဏာများအား လွတ်လပ်စွာ ရပ်တည်နိုင်သည့် ဒေသန္တရအစိုးရများသို့ ခွဲဝေလွှဲပြောင်းပေးခြင်းဖြစ်သည်၊ *deconcentration* ပုံစံတွင် အောက်ခြေမှ အုပ်ချုပ်ရေးအဖွဲ့အစည်းများကို လုပ်ပိုင်ခွင့်တာဝန်များပိုမိုပေးအပ်ခြင်းဖြစ်ပြီး ဗဟိုကိုဆက်လက်တာဝန်ခံရသည်။

မကျေနပ်ချက်များမှာ (သယံဇာတဝင်ငွေခွဲဝေမှုနှင့် သီးခြားသဘောဆောင်သော) သယံဇာတစီမံခန့်ခွဲမှုတွင် အများပါဝင်ဆုံးဖြတ်နိုင်ခြင်း မရှိသည့် ဆုံးဖြတ်ချက်ချမှတ်မှုများ အပေါ်တွင် ဖြစ်ပါသည်။ သို့သော်လည်း အများပါဝင်ဆုံးဖြတ်ပြီး ပွင့်လင်းမြင်သာသည့် သယံဇာတစီမံခန့်ခွဲမှုများ ဖြစ်ပေါ်လာပါက ၄င်းသည် သယံဇာတဝင်ငွေခွဲဝေမှု အစီအစဉ်များ ချေှမွေ့ စွာ ဆွေးနွေးနိုင်ရန်အတွက် လိုအပ်သော ယုံကြည်မှုကို တည်ဆောက်ပေးနိုင် ပါသည်။ သယံဇာတဝင်ငွေများ မည်သို့ခွဲဝေမည်ပင်ဖြစ်စေ သယံဇာတ အရင်းအမြစ်များမှ ဝင်ငွေပမာဏကို ပြည့်ဝစွာ ကောက်ခံရရှိ နိုင်ရန်အတွက် ကောင်းမွန်စနစ်ကျသည့် သယံဇာတ စီမံခန့်ခွဲမှု ကို လိုအပ်ပါသည်။

စာရေးသူများ၏ ရည်ရွယ်ချက်မှာ အဓိကအားဖြင့် ထောက်ခံတင်ပြခြင်းထက် အရေးကြီးသည့် မေးခွန်းများကို စဉ်းစားကြည့်ခြင်း သာဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် အဓိကစဉ်းစားရမည့်အရာများတွင် ရရှိလိုသည့် ရည်မှန်းချက်များအတွက် ဥစ္စာဓနခွဲဝေမှုမူဝါဒများ ဆုံးဖြတ်ခြင်း၊ ဖန်တီးမည့် စနစ်၏ ပွင့်လင်းမြင်သာမှု၊ ရေရှည်တည်တံ့မှုနှင့် ခွဲဝေမှုဖြန့်ဖြူးခြင်း၏ သက်ရောက်နိုင်မှု စသည်တို့ ပါဝင်ပါလိမ့်မည်။ ထို့အပြင် ဥစ္စာဓနခွဲဝေမှု အစီအစဉ်များအား အထွေထွေ ဘဏ္ဍာရေးဗဟိုချုပ်ကိုင်မှုဖြေလျှော့ခြင်းနှင့် ပင်မဘဏ္ဍာငွေရ/သုံး ဖြစ်စဉ်များဖြင့် ပေါင်းစပ်ပေးနိုင်ရပါမည်။ ဤစာတမ်း၏ တွဲဖက်စာတမ်းဖြစ်သော *Fiscal Decentralization in Myanmar: Towards a Roadmap for Reform* (Nixon and Joelene 2014) တွင် ဘဏ္ဍာရေးဗဟိုချုပ်ကိုင်မှုဖြေလျှော့ရေးအတွက် အခြေခံရမည့် မူများနှင့် ဖြစ်စဉ်များအကြောင်းကို ဆွေးနွေးထားပါသည်။

အခန်း ၁ ၊ နိဒါန်း

မြန်မာနိုင်ငံ[b]သည် သစ်၊ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ ဓာတ်သတ္တုများ၊ ကျောက်မျက်ရတနာများ နှင့် ရေအားလျှပ်စစ် စသဖြင့် သယံဇာတအရင်းအမြစ် ပေါများကြွယ်ဝလှသည့် နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် နိုင်ငံရေး အသွင်ကူးပြောင်းမှု အစိတ်အပိုင်း တစ်ရပ်အဖြစ် သမ္မတဦးသိန်းစိန်ဦးဆောင်သော အစိုးရက သယံဇာတတူးဖော်ထုတ်ယူမှုတွင် ပို၍ပွင့်လင်းမြင်သာမှုရှိစွာ နှင့် ပို၍ ဘဏ္ဍာရေးဗဟိုချုပ်ကိုင်မှုများ ဖြေလျှော့သွားမည်ဟူ၍ ပြောဆိုကတိပြုထားခဲ့သည်ကို တွေ့ရပါသည်။[c] ၂၀၁၃ မေလအတွင်း သမ္မတ၏ မိန့်ခွန်းတစ်ခုတွင် -

> ကျွန်တော်တို့ရဲ့ ရည်မှန်းချက်ကတော့ ထာဝရငြိမ်းချမ်းရေးရရှိဖို့ပါပဲ၊ ဒီရည်မှန်းချက်အတွက်လုပ်ဆောင်တဲ့နေရာမှာ အပေးအယူညီနှိုင်း ဆောင်ရွက်မှုတွေ လုပ်ရပါမယ်။ ပြည်နယ်နဲ့ တိုင်းဒေသကြီး အဆင့်တွေကို လုပ်ပိုင်ခွင့်အာဏာ တွေ ပိုပြီးလွှဲပြောင်းပေးအပ်ရပါလိမ့်မယ်။ အရင်းအမြစ်ခွဲဝေမှုဆိုင်ရာ သဘောတူညီမှုအသစ်တွေချမှတ်ရပါလိမ့်မယ်။

စသဖြင့် ပြောကြားသွားသည်ကို တွေ့ရသည်။[5]

သို့သော်လည်း မြန်မာနိုင်ငံ၏သဘာဝသယံဇာတပမာဏအတိုင်းအတာနှင့် ခွဲ့ဝေဖြန့်ဖြူးထားမှုတို့နှင့်တကွ သယံဇာတစီမံခန့်ခွဲမှုနှင့် ဝင်ငွေစီးဆင်းမှုများတွင် ဗဟိုအဆင့်အောက်မှ အစိုးရများ၏ အခန်းကဏ္ဍတို့နှင့် ပတ်သက်ပြီး ရှင်းလင်းကွဲပြားမှု မရှိဖြစ်နေသည်ကို တွေ့ရပါသည်။ ဤစာတမ်းနှင့် အတူ မိတ်ဖက်စာတမ်းတွင် (ဟမ်းမစ်ရှ် နှင့် ဂျီလင်း၊ မကြာမီ ထွက်ရှိမည့်) မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှု ဖြေလျှော့ရေးအပေါ် ဆွေးနွေးထားပြီး၊ ယခု မိမိတို့စာတမ်းတွင်မူ သဘာဝသယံဇာတများ စီမံခန့်ခွဲခြင်းနှင့် ဆက်စပ်သည့် အရေးကိစ္စများနှင့် မြန်မာနိုင်ငံ ပြည်ထောင်စုနှင့် ပြည်နယ်/ တိုင်းဒေသကြီးများ အကြား ဖြစ်နိုင်ဖွယ်ရှိသော အရင်းအမြစ်ဝင်ငွေများခွဲဝေခြင်းအပေါ် အဓိကထားလေ့လာထားပါသည်။[d] ဤစာတမ်း၏ အဓိကကျသော သုတေသနမေးခွန်းများမှာ -

- သဘာဝသယံဇာတစီမံခန့်ခွဲမှုနှင့် ဝင်ငွေလှည့်ပတ်စီးဆင်းမှုများတွင် ဗဟို နှင့် ဗဟိုအဆင့်အောက် အစိုးရများ၏ လက်ရှိအခန်းကဏ္ဍများမှာ အဘယ်နည်း (အခန်း ၂ နှင့် ၃)
- နိုင်ငံရေး နှင့် အခြေခံဥပဒေ ပြင်ဆင်ပြောင်းလဲရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှု အခြေအနေများအတွင်းတွင် သယံဇာတအရင်းအမြစ်ခွဲဝေမှု အပေါ်၌ မည်သို့သော ပြောဆို ဆွေးနွေးချက်များ ဖြစ်ပေါ်နေသနည်း (အခန်း ၄)
- သယံဇာတစီမံခန့်ခွဲမှုဗဟိုချုပ်ကိုင်မှုဖြေလျှော့ခြင်း သို့မဟုတ် ဥစ္စာဓနခွဲဝေခြင်း များ၏ ဖြစ်နိုင်ဖွယ် အကျိုးအမြတ်များ၊ အွန္တရာယ်များနှင့် စီးပွားရေး အပေးအယူများမှာ အဘယ်နည်း (အခန်း ၅)

မြန်မာနိုင်ငံ၏ သဘာဝသယံဇာတများမှာ အဓိကအားဖြင့် ဗဟို (ပြည်ထောင်စု) အစိုးရက သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (SOEs) များမှတဆင့် စီမံခန့်ခွဲ၍ အခွန်ကောက်ယူမှုပြုသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေက တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုတွင် ဗဟိုအဆင့်အောက် ဒေသဆိုင်ရာ အစိုးရများကို ဖန်တီးခဲ့ပါသည်။ ထိုအချိန်မှ စတင်၍ သဘာဝသယံဇာတနှင့် သက်ဆိုင်သည့် အနည်းငယ်သော ဖြေလျှော့မှုအချို့ကို (၁) ပြည်ထောင်စုဝန်ကြီးဌာနများဘက်မှ ပြည်နယ်/တိုင်းဒေသကြီးများသို့ တာဝန်များပိုမိုချပေးခြင်းဖြင့် လည်းကောင်း၊ (၂) ပြည်နယ်/တိုင်းဒေသကြီး အစိုးရတစ်ခုချင်းမှ

---

[b] အမည်များအပေါ်မှတ်ချက်- ၁၉၈၉ခုနှစ်တွင် နဝတ အစိုးရက နိုင်ငံ၏ အင်္ဂလိပ်အမည်အပါအဝင် အချို့သော အမည်အသုံးအနှုန်းများကို အပြောင်းအလဲပြုလုပ်ခဲ့ပါသည်။ ဤစာတမ်းတွင် ပြောင်းလဲထားသည့် အသုံးအနှုန်းများကို အသုံးပြုထားပါသည်။ သမိုင်းဆိုင်ရာအကြောင်းအရာများကို ရည်ညွှန်းသည့်အခါ သမိုင်းအရ အသုံးများသည့်စကားလုံးကိုသာ ရွေးချယ်ပါသည်။ စာရေးသူများအနေဖြင့် စကားလုံးအသုံးအနှုန်းများကို ယူဆရမ်ပတည်ဖြင့်သုံးစွဲခြင်းမဟုတ်ကြောင်း ပြောလိုပါသည်။

[c] FESR အရ အစိုးရသည် ဌာန ၂၄ခုကို ပြည်နယ်/တိုင်းအစိုးရများမှ စီမံအုပ်ချုပ်စေရန် ကနဦး ဗဟိုချုပ်ကိုင်မှုဖြေလျှော့ပေးခဲ့ပြီးဖြစ်ကြောင်းသိရသည်။ ၂၀၁၃ သြဂုတ်လတွင် သူနာပြု၊ သားဖွားနှင့် မူလတန်းဆရာများ ဌာနရမ်းခြင်း၊ ပြည်နယ်အတွင်းမှ ဌာနများအား တိုက်ရိုက်ကြီးကြပ်ခြင်း၊ ဂန်ထမ်အရည်အသွေး အကဲဖြတ်ချက် အစီရင်ခံစာတင်ခြင်း တာဝန်များကိုကို ပြည်နယ်/တိုင်းများသို့ပေးခဲ့သည်။

[d] ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ ပြည်နယ်နှင့် တိုင်းဒေသကြီးများ အဆင့်အတန်းတူညီကြသော်လည်း ပြည်နယ်များတွင် လူနည်းစု တိုင်းရင်းသား ဦးရေများပြားပြီး တောင်တန်းနှင့် နယ်စပ်ဒေသများ၌ တည်ရှိသည်။ တိုင်းဒေသကြီးများ(ယခင်က တိုင်း ဟုခေါ်သည်) မှာ နိုင်ငံ၏အလယ်ပိုင်းတွင် တည်ရှိကာ ဗမာလူမျိုးအများစု နေထိုင်လျက်ရှိသည်။ အခြားဒေသများအဖြစ် စစ်ကိုင်းတိုင်းတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၄ ခု (ဓနု၊ ပအိုဝ်၊ ပလောင်၊ ကိုးကန့်) နှင့် '၀'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း တို့ဖြစ်သည်။

ဥပဒေရေးဆွဲမှု အသစ်များပြုလုပ်ခြင်း သို့မဟုတ် အမိန့်ကြေညာချက်များအားဖြင့် လည်းကောင်း ဖြစ်ပေါ်လာခဲ့သည်ကို တွေ့ရပါသည်။ ဤအပြောင်းအလဲလေးများ၏ အကျယ်အဝန်းသည် ကျဉ်းမြောင်းသည်ဟု ဆိုနိုင်သော်လည်း ၄င်းသည် သဘာဝသယံဇာ စီမံခန့်ခွဲမှုနှင့် ဝင်ငွေလုည့်ပတ်စီးဆင်းမှုများတွင် ဒေသဆိုင်ရာ အစိုးရများအနေဖြင့် ပိုမိုပါဝင်ဆောင်ရွက်နိုင်စွမ်းရှိကြောင်းကို ပြသလျက်ရှိပါသည်။

'ဥစ္စာဓနခွဲဝေမှု' အပေါ် အကျယ်အပြန့်ဆွေးနွေးချက်များ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်လာလျက်ရှိပါသည်။ ပညာရှင်များက ဥစ္စာဓနခွဲဝေခြင်းအား သယံဇာတမှ ရရှိသော ဝင်ငွေများကို ခွဲဝေဖြန့်ဖြူးခြင်းအပေါ် စေ့စပ်ညှိနှိုင်းသဘောတူညီချက် (negotiated agreement) အဖြစ် အဓိပ္ပါယ်ဖွင့်ဆိုပါသည်။[6] ဥစ္စာဓနခွဲဝေမှု သို့မဟုတ် ဝင်ငွေခွဲဝေမှု ကိစ္စကို မြန်မာနိုင်ငံငြိမ်းချမ်းရေး ဖြစ်စဉ်အတွင်း ပါဝင်နေသည့် အဖွဲ့အစည်းအသီးသီးမှ ဤကိစ္စကို လက်ခံဆွေးနွေးရန် မူအားဖြင့် သဘောတူညီထားကြကြောင်း သိရသည်။[7]

မြန်မာနိုင်ငံ၏ ဥစ္စာဓနခွဲဝေမှုဆိုင်ရာ ပြောဆိုဆွေးနွေးချက်များသည် ဖြစ်ပေါ်နေဆဲ ဖြစ်စဉ် သုံးခုနှင့်ဆက်စပ်လျက်ရှိပါသည်။ ယင်းတို့မှာ အခြေခံဥပဒေပြုပြင်ပြောင်းလဲရေး၊ အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ အကြား ငြိမ်းချမ်းရေးဆွေးနွေးမှုများ နှင့် ပိုမိုများပြားလာပြီး ပွင့်လင်းမြင်သာမှုပိုမိုဖြစ်ပေါ်ရန် တွန်းအားပေးခံနေရသည့် သယံဇာတတူးဖော် ထုတ်ယူမှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ တို့ဖြစ်သည်။ ဤစာတမ်းအနေဖြင့် ဖြစ်ပေါ်လျက်ရှိသည့် ဆွေးနွေးမှုများအား သတင်း အချက်အလက် ပိုမိုပံ့ပိုးနိုင်ရန်မျှော်လင့်၍ သယံဇာတစီမံအုပ်ချုပ်မှုအတွင်းမှ အချို့သောသိရှိထားသည့်၊ မသိရှိနိုင်သည့် နယ်ပယ်များကို ကနဦးလေ့လာ ပုံဖော်မှုအဖြစ် ရည်ရွယ်၍ ရေးသားပါသည်။

၁.၁ သုတေသနနည်းလမ်းများနှင့် လွှမ်းခြုံမှု

သုတေသီများသည် ၂၀၁၄ခုနှစ် ဇေဖေါ်ဝါရီမှ မေလအတွင်း လူတွေ့မေးမြန်းမှု ၄၀ ကျော်လုပ်ဆောင်ခဲ့ပါသည်။ ၄င်းတို့တွင် နေပြည်တော်၌ သတ္တုတွင်းဝန်ကြီးဌာန၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဝန်ကြီးဌာန၊ မြန်မာ့ရေနံ့နှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (စွမ်းအင်ဝန်ကြီးဌာန)၊ ပြည်တွင်းအခွန်များဦးစီးဌာန (ဘဏ္ဍာရေးဝန်ကြီးဌာန) တို့မှာ အရာရှိများ၊ ထို့အပြင် အမျိုးသားလွှတ်တော် ဓာတ်သတ္တုနှင့် သဘာဝသယံဇာတစီမံခန့်ခွဲမှု ကော်မတီ၊ ပြည်သူ့လွှတ်တော် သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ အဖွဲ့ဝင်အချို့တို့ ပါဝင်ပါသည်။ ထို့အပြင်ရန်ကုန်၌လည်း အဓိကသည့် ပါဝင်ဆောင်ရွက်သူများကိုတွေ့ဆုံမေးမြန်းရာတွင် မြန်မာငြိမ်းချမ်းရေးပြန်လည်တည်ဆောက်ရေး ဗဟိုဌာန (MPC)၊ တွင်းထွက်သယံဇာတများ တူးဖော်ထုတ်ယူမှုလုပ်ပင်နန်းများ ပွင့်လင်းမြင်သာမှုအစီအစဉ် (EITI) နှင့် ဥပဒေရေးရာ၊ သဘာဝသယံဇာတ နှင့် ပဋ္ဌိပက္ခ ကိစ္စများကို ဆောင်ရွက်နေသည့် လူမှုအဖွဲ့အစည်းများ၊ အန်ဂျီအိုများမှ ဝန်ထမ်းများပါဝင်ပါသည်။ လက်တွေ့ကွင်းဆင်းလေ့လာမှုမပြုမီတွင်၊ သုတေသီများသည် မြန်မာနိုင်ငံ၏ သဘာဝသယံဇာတစီမံခန့်ခွဲမှုနှင့် ဆက်စပ်သည့် စာအုပ်စာတမ်းအချက်အလက်များအား ဖတ်ရှုလေ့လာမှုပြုခဲ့ပါသည်။ ထို့အပြင် သုတေသီများသည် ဒေသဆိုင်ရာ အစိုးရများနှင့် တွင်းထွက်သယံဇာတထုတ်ယူမှုလုပ်ငန်းများဆိုင်ရာ လတ်တလော မီဒီယာဖော်ပြချက်များကိုလည်း လေ့လာခဲ့ ပါသည်။

စာတမ်းရှင်များအနေဖြင့် လက်တွေ့ကွင်းဆင်းလေ့လာမှုအား သယံဇာတများပြားစွာတည်ရှိပြီး (အဓိကအားဖြင့် သတ္တုတူးဖော်မှု) ပဋ္ဌိပက္ခအနေအထားရှိ နယ်မြေများလည်းတည်ရှိနေသည့် ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် ဆောင်ရွက်ခဲ့ပါသည်။ ဤပြည်နယ်များမှ တွေ့ရှိချက်များအား အခြားဒေသများကိုလည်း ကိုယ်စားပြုနိုင်သည်ဟု မမှတ်ယူစေလိုပါ။ တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့ရာတွင် သဘာဝပတ်ဝန်းကျင်၊ ဥပဒေရေးရာ ကူညီပံ့ပိုးမှု၊ ဒေသဖွံ့ဖြိုးရေးများ ဆောင်ရွက်လျက်ရှိသည့် အရပ်ဘက်လူမှုအဖွဲ့အစည်း ၁၀ခုကျော်မှ ဦးဆောင်သူများ ပါဝင်ခဲ့ပါသည်။ ပြည်နယ်အစိုးရအဖွဲ့များနှင့် တွေ့ဆုံရာတွင် ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး၊ ပြည်နယ် သစ်တောနှင့် သတ္တုဝန်ကြီး၊ ကြေးတိုင်နှင့် မြေစာရင်းဌာန၊ ပြည်နယ်သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များတို့ ပါဝင်ပါသည်။ သုတေသီများသည် တိုင်းရင်းသားနိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆက်ဆံရေးရုံးများမှ ကိုယ်စားလှယ်အချို့အား လူတွေ့နှင့် အီးမေးစသည့်နည်းလမ်းများဖြင့်လည်း တွေ့ဆုံမေးမြန်းခဲ့ပါသည်။ ထပ်မံ၍ သုတေသီများသည် သတ္တုတူးဖော်ရေးလုပ်ငန်းအတွင်းမှ စီးပွားရေးအသင်းအဖွဲ့များကိုလည်းတွေ့ဆုံခဲ့ပြီး၊ သတ္တုတူးဖော်မှုလုပ်ငန်းအချို့ကိုလည်း သွားရောက်ကြည့်ရှုခဲ့ပါသည်။

ဤစာတမ်း၏ရည်ရွယ်ချက်အတွက် "သဘာဝသယံဇာတ" အား အဓိပ္ပါယ်ဖွင့်ဆိုရာတွင် စာရေးသူများအနေဖြင့် သတ္တုနှင့် ကျောက်မျက်ရတနာနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့၊ သစ်နှင့် ရေအားလျှပ်စစ်၊ တို့ကိုသာအဓိကထားခဲ့ပါသည်။ မိမိတို့၏ လေ့လာချက်တွင် အခြားသော အဓိကကျသည့် အရင်းအမြစ်များဖြစ်သည့် ငါးလုပ်ငန်း၊ တရားမဝင်မူးယစ်ဆေးဝါး စသည်တို့နှင့် တကွ အထူးသဖြင့်အလွန်အရေးကြီးလှသော မြေယာဆိုင်ရာ ကိစ္စများအပေါ် လွှမ်းခြုံလေ့လာထားနိုင်ခြင်းမရှိကြောင်း ကို ပြောကြားလိုပါသည်။[e] [8] ဤပုံဖော်မှုသည် အမှန်အားဖြင့် ပြောင်းလည်း ပြောင်းလဲနေပြီး မူလကပင်နားလည်ရန်ခက်ခဲသည့် ရှုပ်ထွေးလှသော စနစ်ကို ဖော်ပြနိုင်ရန်ကြိုးပမ်းမှုဖြစ်ပြီး၊ မိမိတို့တင်ပြထားသည့် သတင်းအချက်အလက်များမှာ အခွန်ဆိုင်ရာ နှင့် ဥပဒေဆိုင်ရာ အကြံဉာဏ်များ ပါဝင်လိမ့်မည်မဟုတ်ပေ။

ဤစာတမ်းသည် သတ္တုတူးဖော်မှုလုပ်ငန်းများအပေါ် အထူးပြုလေ့လာထားပြီး၊ အခြားရေနံနှင့် သဘာဝဓာတ်ငွေ့အပေါ် လေ့လာချက်များအနေဖြင့် ဤစာတမ်း၏လိုအပ်ချက်ကို ဖြည့်စွက်ပေးနိုင်ပါလိမ့်မည်။ ထို့အတူပင် သယံဇာတတူးဖော်ထုတ်ယူမှုများ ကြောင့် ထိခိုက်သက်ရောက်ခံရလျက်ရှိသည့် ရပ်ရွာလူမှုအသိုက်အဝန်းများအကြောင်းနှင့် ဒေသဆိုင်ရာအစိုးရများနှင့် အစိုးရ မဟုတ်သော လက်နက်ကိုင်အုပ်စုများအကြားဆက်ဆံရေးတို့ကိုလည်း ထပ်မံလေ့လာသင့်ပါသည်။ အချို့သောသတ္တုတွင်းများနှင့် ရေကာတာ/ဆည် များပေါ် အသေးစိပ်အစီရင်ခံစာတမ်းများ ရှိနှင့်နေပြီးဖြစ်သောကြောင့် မိမိတို့ စာတမ်းတွင် သတ္တုတွင်း/ဆည် တစ်ခုချင်းစီ၏ အကောင်းအဆိုးများကို ရေးသားဖော်ပြရန်မဟုတ်ပါ။ မိမိတို့၏ ရည်ရွယ်ချက်မှာ သဘာဝသယံဇာတများက မြန်မာနိုင်ငံ၏ အနာဂါတ်အတွက် ဘယ်လို အခန်းကဏ္ဍတွင်ပါဝင်နေသနည်း၊ ပြည်နယ်နှင့်တိုင်း အစိုးရများအနေဖြင့် မည်သို့ မည်ပုံ အံဝင်ဂွင်ကျပါဝင်နိုင်မည်လဲ စသည့် ကျယ်ပြန့်သည့် မေးခွန်းများကို ပုံဖော်ကြည့်နိုင်ရန်ပင်ဖြစ်ပါသည်။

၁.၂ ဆွေးနွေးချက်များအား ပုံသွင်းခြင်း

ဤစာတမ်းတွင် မူဝါဒရေးရာနှစ်ခုကို အဓိကစဉ်းစားတင်ပြထားပါသည်။ (၁) သယံဇာတများနှင့် ၄င်းမှဝင်ငွေများကို မည်သို့ ကောင်းစွာ စီမံခန့်ခွဲမည်နှင့် (၂) ဝင်ငွေများ (သယံဇာတမှဖြစ်စေ အခြားမှ ဖြစ်စေ) ကို ဒေသဆိုင်ရာအစိုးရများဖြင့် မည်သို့မည်ပုံ ခွဲဝေမည် တို့ဖြစ်သည်။ ဤကိစ္စရပ်နှစ်ခုဖြစ်သော စီမံခန့်ခွဲမှုနှင့် ဝင်ငွေ တို့မှာ ဆက်နွယ်လျှက်ရှိသည်။ အချို့သောမကျေနပ်ချက်များ မှာ (သယံဇာတဝင်ငွေခွဲဝေမှုနှင့် သီးခြားသဘောဆောင်သော) သယံဇာတစီမံခန့်ခွဲမှုတွင် အများပါဝင် ဆုံးဖြတ်နိုင်ခြင်း မရှိသည့် ဆုံးဖြတ်ချက်ချမှတ်မှုများ အပေါ်တွင် ဖြစ်ပါသည်။ သို့သော်လည်း အများပါဝင်ဆုံးဖြတ်ပြီး ပွင့်လင်းမြင်သာသည့် သယံဇာတ စီမံခန့်ခွဲမှုများ ဖြစ်ပေါ်လာပါက ၄င်းသည် သယံဇာတဝင်ငွေခွဲဝေမှု အစီအစဉ်များ ချော့မွေ့စွာ ဆွေးနွေးနိုင်ရန်အတွက် လိုအပ်သော ယုံကြည်မှုကို တည်ဆောက်ပေးနိုင် ပါသည်။ ထို့အပြင် သယံဇာတဝင်ငွေများ မည်သို့ခွဲဝေမည်ပင်ဖြစ်စေ သယံဇာတ အရင်းအမြစ် များမှ ဝင်ငွေပမာဏကို ပြည့်ဝစွာ ကောက်ခံရရှိ နိုင်ရန်အတွက် ကောင်းမွန်စနစ်ကျသည့် သယံဇာတ စီမံခန့်ခွဲမှု ကို လိုအပ်ပါသည်။

စတင်ဆောင်ရွက်နေပြီဖြစ်သည့် အပြောင်းအလဲများက မြန်မာနိုင်ငံ၏ သဘာဝသယံဇာတစီမံအုပ်ချုပ်မှုပုံစံကို ပြန်ပုံဖော်နိုင်ပါ လိမ့်မည်။ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်နေသူများက ဥစ္စာဓနခွဲဝေမှုကိစ္စကို အုပ်စုများအကြား 'မှုအားဖြင့်' သဘောတူ ထားပြီးဖြစ်ကြောင်း ပြောဆိုကြပါသည်။[9] မြန်မာနိုင်ငံအနေဖြင့် မည်သို့သော နိုင်ငံရေးသဘောတူညီဆီသို့ ရောက်ရှိသည်ဖြစ်စေ အရေးတကြီးမေးစရာရှိလာသည်မှာ လက်ရှိဘဏ္ဍာရေးမူဘောင် အနေဖြင့် ဥစ္စာဓနခွဲဝေမှုဆိုင်ရာ သတ်မှတ်ချက်များကို အထောက် အကူဖြစ်နေပြီလား၊ ရွေးချယ်လိုက်ကြသည့် သတ်မှတ်ချက်များက လက်ရှိ ဘဏ္ဍာရေးမူဘောင်နှင့် အံဝင်ဂွင်ကျဖြစ်ရဲ့လား စသည့် မေးခွန်းများပင်ဖြစ်ပါမည်။ ဥစ္စာဓနခွဲဝေမှုအတွက် ရွေးချယ်သည့် စနစ်ယန္တရားသည် ဖြစ်ပေါ်လာမည့် အကောင်းအဆိုးသက်ရောက် ချက်များအတွက် လွန်စွာအရေးပါနေပါသည်။ သတ်မှတ်ပြဋ္ဌာန်းလိုက်သည့် အစီအစဉ်များကြောင့် တာဝန်ခံမှုများ ဖြစ်ပေါ်လာနိုင် သလို၊ အခွင့်အရေးအသုံးချခြင်းများလည်း ဖြစ်ပေါ်လာနိုင်ပါသည်။

ယခုအချိန်အထိ မြန်မာနိုင်ငံတွင် လူထုအကြားပြောဆိုဆွေးနွေးမှုများမှာ အဓိကအားဖြင့် လုပ်ပိုင်ခွင့်ပါမစ်ပေးခြင်း၊ ဝင်ငွေများ၊ ပိုင်ဆိုင်မှု နှင့် သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှု စသည့်အကြောင်းအရာများနှင့် အတူပေါင်းစပ်ဖြစ်ပေါ်လျက်ရှိပါသည်။ ဝင်ငွေခွဲဝေမှု အကြောင်းအရာအား အများအားဖြင့် ကိန်းဂဏန်းအရ ခွဲခြင်းဖြင့်သာ ပြောဆိုကြပြီး မည်သည့် အရာကို ခွဲဝေမည်၊

[e] The World Trade Organization က သဘာဝသယံဇာတအရင်းအမြစ်ကို 'သဘာဝပတ်ဝန်းကျင်တွင် တည်ရှိပြီး ရှားပါးသည့်အပြင် ကုန်ကြမ်းအခြေအနေအရသော်လည်းကောင်း၊ ဆင့်တက်ပြောင်းလဲခြင်းအားဖြင့်သော်လည်းကောင်း စီးပွားရေးအရ ထုတ်လုပ်သုံးစွဲနိုင်သော အရာများ' အဖြစ် အဓိပ္ပါယ်ဖွင့်ဆိုသည်။ (World Trade Organization 2010).

မည်သို့ခွဲဝေမည့် ဆိုသည့် အသေးစိပ်ပြောဆိုချက်များ နည်းပါးလှသည်ကို တွေ့ရပါသည်။ ဤ အခြေအနေက အစိုးရအဖွဲ့အစည်းများအတွင်းနှင့် နိုင်ငံရေးပါတီများ၊ ငြိမ်းချမ်းရေးဆွေးနွေးမှုတွင် ပါဝင်နေသည့် လူပုဂ္ဂိုလ် အဖွဲ့အစည်းများနှင့် ကျယ်ပြန့်သည့် လူထုအကြားတွင် ပိုမိုရှိ သတင်းအချက်အလက်လိုအပ်နေကြောင်းပြသနေပြီး၊ ဝေမျှပေးနိုင်သည့် အခွင့်အရေးကိုလည်း ဖန်တီးပေးထားပါသည်။

သယံဇာတစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အလေးအနက်ထားရန် အဓိကအချက်များစွာရှိပါသည်။

၁။ မြန်မာနိုင်ငံအနေဖြင့် စုစုပေါင်းအစိုးရဝင်ငွေ၏ ရာခိုင်နှုန်းတွင် သဘာဝသယံဇာတများအပေါ်တွင် လွန်စွာမှီခိုနေရသည် - ဆိုလိုသည်မှာ ဒေသဆိုင်ရာ အစိုးရများသို့လွှဲပြောင်းသော မည့်သည့် လွှဲပြောင်းငွေမဆို သဘာဝသယံဇာတမှရသည့် ငွေမှ တစိတ်တပိုင်း /အတိုင်းအတာတခုအထိ လွှဲပြောင်းပေးခြင်းဖြစ်ကြောင်းနားလည်နိုင်ပါသည်။ အစိုးရအနေဖြင့် ၂၀၁၃-၁၄ ခုနှစ်တွင် GDP ၏ ၄.၄ ရာခိုင်နှုန်းမှ ၂၀၁၈ ခုနှစ်တွင် နိုင်ငံ GDP ၏ ၁၀ ရာခိုင်နှုန်းကို အခွန်အကောက်မှ ရရှိရန် ရည်မှန်းထားကြောင်းပြောဆိုထားပါသည်။[10] ဤ ၄.၄% တွင် သယံဇာတမှ အခွန်များနှင့် နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများမှ အခွန်များ ပါဝင်ပါမည်။

၂။ လက်ရှိ တူးဖော်ထုတ်ယူမှုများမှ ဝင်ငွေများမရရှိဘဲဖြစ်နေပါသည် - သဘာဝသယံဇာတများမှာ တချိန်တွင် ကုန်ခမ်းသွားနိုင်ပါသည်။ အကယ်၍ သယံဇာတများမှ ဝင်ငွေ ကောက်ခံနိုင်ခြင်း၊ ရင်းနှီးမြှုပ်နှံနိုင်ခြင်းမရှိပါက၊ တူးဖော်ထုတ်ယူပြီး ရောင်းချရုံသက်သက်မျှဖြင့် မြန်မာနိုင်ငံ၏စီးပွားရေးမှာ ဖွံ့ဖြိုးတိုးတက်နေပါသည် သို့မဟုတ် အကျိုးအမြတ်များအား မျှတစွာ ခွဲဝေဖြန့်ဖြူးထားနိုင်သည်ဟု မဆိုနိုင်ပါ။[11] ထို့အပြင် အခွန်ကင်းလွတ်ခွင့် ကာလများနှင့် ဥပဒေစိုးမိုးမှုအားနည်းချက်များကြောင့် သယံဇာတများမှာ တရားဝင်နှင့် တရားမဝင်လမ်းကြောင်းများမှ တဆင့် တိုင်းပြည်မှ ထွက်ခွာလျက်ရှိနေပါသည်။

၃။ သယံဇာတမည်မျှ တည်ရှိနေသည်နှင့် အသုံးပြုသည့်နှုန်းထား၊ သက်ရောက်မှုများကို ရှင်းလင်းစွာမသိရပါ - မြန်မာနိုင်ငံ၏ စမ်းသပ်ထားပြီး သယံဇာတများမှာ များပြားလှပါသည်။ သို့သော်လည်း စမ်းသပ်မှုမပြုရသေးသော သယံဇာတများ သို့မဟုတ် ဓာတ်သတ္တုဗုသိုက် ရှာဖွေမှုအသစ်များကလည်း မျှော်မှန်းထားသည်ထက် ပိုကောင်းပိုနိုင်ပါသည်။ အထူးသဖြင့် တရားမဝင် သစ်နှင့် သတ္တု တူးဖော်ထုတ်ယူမှုများကြောင့် သယံဇာတကုန်ခမ်းမှု နှုန်းမှာ သိရှိရန် ခက်ခဲနေစေပါသည်။ လက်ရှိအချိန်တွင် တိုင်းပြည်၏ သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် အခြေခံအဆောက်အအုံဆိုင်ရာ ထိခိုက်နစ်နာမှုမည်မျှ ဖြစ်ပေါ်နေသည်ကို စနစ်တကျ လေ့လာတိုင်းတာမှု မပြုရသေးပါ။

၄။ သယံဇာတမှ ဝင်ငွေများအား စုဆောင်းထိန်းသိမ်း ခြင်း သို့မဟုတ် အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံခြင်း ပြုလုပ်သင့်သည် - သယံဇာတမှ ရငွေများအား အနာဂတ်မျိုးဆက်များအတွက် စုဆောင်းထိန်းသိမ်းခြင်း သို့မဟုတ် ရေရှည်မတည်တံ့သည့် လက်ရှိကုန်ကျစရိတ်များအတွက် သုံးစွဲမည့်အစား သယံဇာတအပေါ် မမှီခိုသည့် စီးပွားရေးအား ပံ့ပိုးပေးနိုင်ရန် ရင်းနှီးမြှုပ်နှံသင့်ပါသည်။[12] လက်ရှိမျိုးဆက်က အနာဂတ်မျိုးဆက်ထက်ပိုဆင်းရဲသည်ဟု ယူဆရသော ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှု (ဥပမာ- စာသင်ကျောင်းများတည်ဆောက်ခြင်း)မှာ ကောင်းမွန်သည့် ရွေးချယ်မှုတစ်ရပ်ဖြစ်နိုင်ပါသည်။ သို့သော်လည်း နိုင်ငံအများစုဆိုသလိုမှာ စုဆောင်းမှုလွန်စာနည်းပါးပြီး၊ ရင်းနှီးမြှုပ်နှံမှုလည်းလွန်စွာ နည်းပါးကြသည်ကို တွေ့ရပါသည်။ မူဝါဒချမှတ်သူများအနေဖြင့် သယံဇာတဥစ္စာဓနကို မည်သို့ အသုံးချလိုသည်ကို စဉ်းစားကြရပါမည်။ အကယ်၍ သယံဇာတမှ ဝင်ငွေများကို ကောင်းမွန်စွာ ကောက်ခံခြင်း၊ ရင်းနှီးမြှုပ်နှံနိုင်ခြင်းမရှိပါက၊ 'ရေနံနှင့် သဘာဝသယံဇာတများအား မြေကြီးအောက်တွင် ဒီအတိုင်ထားသည်ကပင် ပို၍ ကောင်းပါလိမ့်မည်'။[13]

သယံဇာတ အရင်းအမြစ်များစီမံခန့်ခွဲရန်မူဝါဒများကို သေချာစွာ ဒီဇိုင်းဆင်နိုင်ရန်လိုပါသည်။ သို့မှသာ စတင်ချိန်ကတည်းက အရင်းအမြစ်များမှ ဝင်ငွေရရှိမှုကြောင့် ဖြစ်ပေါ်လာသည့် အမှန်တကယ်နစ်နာဆုံးရှုံးမှုများကို ထည့်တွက်ထားနိုင်ပါမည်။ ထိခိုက်နစ်နာမှုများကို ဒေသန္တရမှ ထမ်းပိုးထားရပြီး၊ အကျိုးခံစားမှုများက ဗဟိုသို့ရောက်ရှိနေသည့်အခါ အမှန်တကယ်ထိခိုက်နစ်နာမှုမည်မျှ ဖြစ်ပေါ်နေသည်ကို အပြည့်အဝတိုင်းတာနိုင်ခြင်း မရှိဘဲ၊ လုပ်ဆောင်ရန် မသင့်သည့် စီမံကိန်းများကို ဆက်လက်လုပ်နေတတ်ကြပါသည်။ ဗဟိုချုပ်ကိုင်မှုလျော့ချခြင်းသည် ဤပြဿနာကို ဖြေရှင်းရန် နည်းလမ်းတစ်ရပ် ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ သို့ရာတွင် အခက်အခဲ အန္တရာယ်များလည်း ရှိတတ်ပါသည်။ အထူးသဖြင့် သယံဇာတမှ ရငွေများကို

ဗဟိုချုပ်ကိုင်မှုဖြေလျှော့လိုက်သည့်အခါတွင် ဒေသဆိုင်ရာ အစိုးရများ၌ 'ပြင်းထန်သည့် ဝင်ငွေအတက်အကျများနှင့် သေချာစွာ စောင့်ကြည့်စစ်ဆေးနိုင်ရေးတို့အတွက် အဖွဲ့အစည်းစနစ်ဆိုင်ရာ အရည်အသွေးနိမ့်ပါး နေတတ်ပါသည်'။[14]

သယံဇာတရင်းမြစ်များကို ဒေသဆိုင်ရာ အစိုးရများထံသို့ ခွဲဝေခြင်းသည် သယံဇာတ၏ အကျိုးအမြတ်များကို ကျယ်ပြန့်စွာ ဖြန့်ဖြူးပေးနိုင်သည့် တစ်ခုတည်းသော နည်းလမ်းမဟုတ်ပါ ။အခြားသော နည်းလမ်းများအနေဖြင့် ဒေသတွင်းမှ လုပ်သားများ ငှားရမ်းစေခြင်း (ဒေသခံပါဝင်ရန်လိုအပ်ချက်) စသည့် မက်လုံးများ၊ ဒေသန္တရဖွံ့ဖြိုးရေးတွင် ရင်းနှီးမြှုပ်နှံစေခြင်း၊ ဝင်ငွေများကို လူထုထံသို့ တိုက်ရိုက်ဖြန့်ဝေပေးခြင်း စသည်တို့ပါဝင်နိုင်ပါသည်။[15] ယင်းအစီအစဉ်များကို ပေါင်းစပ်ရောယှက်ထားသည့် မူဝါဒမျိုးလည်း ဖြစ်နိုင်ပါသည်။

အဓိကသယံဇာတအမျိုးအစား တစ်မျိုးသာရှိပြီး (ဥပမာ ရေနံ) ဆွေးနွေးညှိနှိုင်းမှုကို အုပ်စုနှစ်ခု အတွင်း၌သာ ပြုလုပ်ရပြီး ဥစ္စာဓနခွဲဝေမှု သဘောတူညီချက်များ ချမှတ်နိုင်ခဲ့သည် အခြားနိုင်ငံများ (ဥပမာ- ဆူဒန်/တောင်ဆူဒန် သို့မဟုတ် အီရတ်/ကာဒစ်စတန်)ဖြင့် နှိုင်းယှဉ်ပါက[16] မြန်မာနိုင်ငံ၏ အနေအထားမှာ များစွာ ကွဲပြား ခြားနားပါသည်။ မြန်မာနိုင်ငံအနေဖြင့် အခြားနိုင်ငံများ၏ အတွေ့အကြုံများကို မိမိ၏ ပေးထားချက်အခြေအနေဖြင့် ချိန်ထိုးကြည့်ရပါလိမ့်မည်။ အမျိုးမျိုးသော ပါဝင်သူဇာတ်ကောင်များနှင့် များပြားစုံလင်သော သယံဇာတအရင်းအမြစ်များက မြန်မာနိုင်ငံ၏ အခြေအနေကို ပိုမိုရှုပ်ထွေး ခက်ခဲစေပါသည်။ သို့သော်လည်း ဤ အခြေအနေသည် သက်ဆိုင်ပါဝင်သူများအား သယံဇာတများ တဖြည်းဖြည်းကုန်ခမ်းသွား ချိန်တွင် ဆက်လက်၍ ဖွံ့ဖြိုးတိုးတက်နိုင်ရေး အတွက် အခြေခံများကို အုတ်မြစ်ချထားနိုင်သော၊ မျှတမှုရှိသည်ဟု ရှုမြင်နိုင်သော စနစ်တစ်ခုကို ပုံဖော်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားစေနိုင်သော အခွင့်အရေးကိုလည်း ဖန်းတီးပေးထာသည် ဟု မြင်နိုင်ပါသည်။

အခန်း ၂ တွင် လက်ရှိစနစ်အတွင်းမှ ဝင်ငွေရရှိစီးဆင်းပုံနှင့်တကွ ဓါတ်သတ္တုများ၊ ကျောက်မျက်ရတနာများ၊ ရေနံနှင့်သဘာဝဓါတ်ငွေ့၊ သစ် နှင့် ရေအားလျှပ်စစ် စသည်တို့အတွက် အဖွဲ့အစည်းမူဘောင်ဆိုင်ရာ တာဝန်များကို ကနဦးအနေဖြင့် လွှမ်းခြုံတင်ပြထားပြီး၊ အခန်း ၃ တွင် လက်ရှိ ဒေသဆိုင်ရာအစိုးရများနှင့် အဆိုပြုပြောဆိုဆောင်ရွက်နေပြီးဖြစ်သည့် ပြုပြင်ပြောင်းလဲမှုအချို့ကို တင်ပြထားပါသည်။ ထို့နောက် အခန်း ၄ တွင် ဥစ္စာဓနခွဲဝေမှုနှင့် ဆက်စပ်သော မူဝါဒဖြစ်စဉ် သုံးခုကို လေ့လာတင်ပြထားပါသည်။ ယင်းတို့မှာ နိုင်ငံရေး/အခြေခံဥပဒေပြင်ဆင်ပြောင်းလဲရေး၊ အစိုးရမဟုတ်သော လက်နက်ကိုင်အုပ်စုများဖြင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ နှင့် မြန်မာနိုင်ငံ တွင်းထွက်သယံဇာတတူးဖော်ထုတ်ယူမှုလုပ်ငန်းများ၏ အခြေအနေတို့ ဖြစ်ပါသည်။ နောက်ဆုံးအနေဖြင့် အခန်း ၅ တွင် ဥစ္စာဓနခွဲဝေမှု၌ ပါဝင်သည့် စီးပွားရေးမူများနှင့် ဖြစ်နိုင်ဖွယ်ရာ အန္တရာယ် နှင့် အကျိုးခံစားမှုများကို ဆွေးနွေးနိုင်ရန် နိုင်ငံတကာ အတွေ့အကြုံများမှ တွေ့ရှိချက် အချို့ကို အကျဉ်းချုံးတင်ပြထားပါသည်။

အခန်း ၂ ၊ သယံဇာတ၊ ဝင်ငွေများနှင့် တာဝန်များကို ပုံဖော်ခြင်း

နိုင်ငံအဆင့်တွင် သယံဇာတအရင်းအမြစ်များမှာ မြန်မာနိုင်ငံ၏ ဘတ်ဂျက်တွင် များစွာ ထည့်ဝင်ပေးထားပါသည်။ သဘာဝဓါတ်ငွေ့သည် အစိုးရအတွက် အကြီးမားဆုံး နိုင်ငံခြားဝင်ငွေရင်းမြစ် ဖြစ်ပါသည်။ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်း များသည် ခွင့်ပြုမိန့်များ ထုတ်ပေးခြင်း နှင့် အခွန် နှင့် အခွန်မဟုတ်သော ဝင်ငွေများ ကောက်ခံခြင်း နှစ်ခုစလုံးကို တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အရေးကြီးသည့် အခန်းကဏ္ဍတွင်ရှိပါသည်။ ဤစာတမ်း၌ သတ္တု၊ ရေနံနှင့် သဘာဝဓါတ်ငွေ့၊ သစ်လုပ်ငန်းနှင့် ရေအားလျှပ်စစ်တို့ကို လွှမ်းခြုံတင်ပြနိုင်ရန် ကြိုးစားထားသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပုံစံများနှင့် ထုတ်ယူတူးဖော်မှု အဆင့်များအပေါ် မူတည်၍ သယံဇာတကဏ္ဍတစ်ခုနှင့် တစ်ခု အကြားအရေးကြီးသည့် ကွဲပြားခြားနားချက်များ ရှိကြသည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံအစိုးရသည် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု (public financial management) ပိုမိုတိုးတက်လာစေရန် အလုပ်အဖွဲ့တစ်ခု ဖွဲ့စည်းခဲ့ပါသည်။ ထို့အပြင် တွင်းထွက်သယံဇာတတူးဖော်မှုလုပ်ငန်းများပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး အစီအစဉ် (EITI) သို့ အဖွဲ့ဝင်လျှောက်လွှာတင်ခဲ့သည်ကိုလည်း တွေ့ရပါသည်။ သို့သော်လည်း သယံဇာတတူးဖော်ထုတ်ယူမှုများ နှင့် ဝင်ငွေစီးဆင်းမှုများ၏ တာဝန်များ ကို ပုံဖော်ကြည့်ခြင်းမှာ ယခုအချိန်အထိပင် ရနိုင်သမျှသော သတင်းအချက်အလက်များကို ပေါင်းစပ် စုစည်းပြီး ကွာဟချက်များကို ဖော်ထုတ်နေရသည့် လေ့ကျင့်ခန်းတစ်ရပ် ဖြစ်ဆဲပင်ဖြစ်သည်။ သိသာထင်ရှားသော မသေချာ မရေရာမှုများတွင် သယံဇာတများဖွဲ့စည်းတည်ရှိမှု ပမာဏ၊ တရားမဝင်တူးဖော်ထုတ်ယူမှုများနှင့် ပေးငွေများ၊ ပဋိပက္ခဒေသများ နှင့် အပြိုင်တည်ရှိနေသည့် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများ၏ အုပ်ချုပ်ရေးစနစ်များ၊ တပ်မတော်ပိုင် စီးပွားရေး ကုမ္ပဏီများ စသည်တို့ပါဝင်ပြီး သယံဇာတကဏ္ဍမှ ရရှိသောဝင်ငွေများကိုလည်း တစ်လုံးတစ်ပေါင်းတည်း မဟုတ်ဘဲ တစ်ခုချင်း ခွဲခြား၍ အသေးစိပ်အစီရင်ခံမှုလည်း မရှိသေးပါ။

၂.၁ နောက်ခံ အခြေအနေ

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ၃၇တွင် -

နိုင်ငံတော်သည်
(က) နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်၊
(ခ) နိုင်ငံပိုင်သယံဇာတပစ္စည်းများအား စီးပွားရေးအင်အားစုများက ထုတ်ယူသုံးစွဲခြင်းကို ကွပ်ကဲကြီးကြပ်နိုင်ရန် လိုအပ်သည့်ဥပဒေ ပြဋ္ဌာန်းရမည်၊
(ဂ) နိုင်ငံသားများအား ပစ္စည်းပိုင်ဆိုင်ခွင့်၊ အမွေဆက်ဆံခွင့်၊ ကိုယ်ပိုင်လုပ်ပိုင်ခွင့်၊ တီထွင်ခွင့်နှင့် မူပိုင်ခွင့်တို့ကို ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ခွင့်ပြုရမည်။

ဟုဖော်ပြထားပါသည်။

တော်လှန်ရေးကောင်စီက ၁၉၆၂ ခုနှစ်တွင် အာဏာရယူခဲ့ပြီးနောက် ပုဂ္ဂလိကလုပ်ငန်းပေါင်း ၁၅၀၀၀ ခန့် ပြည်သူ့ပိုင်သိမ်းဆည်းခဲ့ပါသည်။[17] စွမ်းအင်ကဏ္ဍကို ၁၉၆၃ခုနှစ်တွင် ပြည်သူ့ပိုင် သိမ်းဆည်းခဲ့ပြီး အစိုးရပိုင် ပြည်သူ့ရေနံလုပ်ငန်း (People Oil Industry) အောက်သို့ ထည့်သွင်းခဲ့သည်။ ၄င်းအား ၁၉၇၀ ခုနှစ်တွင် မြန်မာ့ရေနံလုပ်ငန်း (Myanmar Oil Corporation) အဖြစ် အမည်ပြောင်းခဲ့ပြီး၊ ၁၉၈၉ခုနှစ်တွင် မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်း(MOGE) အဖြစ် ထပ်မံအမည်ပြောင်းခဲ့သည်။[18] ၁၉၈၈ခုနှစ်တွင် နိုင်ငံတော်ပြိမ်ဝပ်ပြားမှု တည်ဆောက်ရေးအဖွဲ့မှ အာဏာရယူခဲ့ပြီးနောက်တွင် နိုင်ငံစီးပွားရေးကို ဈေးကွက်ဦးတည်သော စနစ်သို့ ပြောင်းလဲခဲ့သည်။ သို့တိုင်အောင် ၁၉၈၉ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများဥပဒေက[f] အစိုးရအား -

(က) ရေနံနှင့် သဘာဝဓါတ်ငွေ့ ရှာဖွေခြင်း၊ တူးဖော်ခြင်း၊ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း
(ခ) ပုလဲ၊ ကျောက်စိမ်း နှင့် အဖိုးတန်ကျောက်မျက်ရတနာများ ရှာဖွေခြင်း၊ တူးဖော်ခြင်းနှင့် ပြည်ပတင်ပို့ခြင်း

[f] မြန်မာနိုင်ငံတွင် state-owned enterprises (နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ) များကို 'state economic enterprises' အဖြစ် သုံးနှုန်းပါသည်။ ဤစာတမ်းတွင် နိုင်ငံတကာတွင် အသုံးပြုကြသည့် state-owned enterprises (SOEs) ဟုသုံးနှုန်းသွားပါမည်။

(ဂ)သတ္တုများ ရှာဖွေခြင်း၊ တူးဖော်ခြင်းနှင့် ပြည်ပသို့ တင်ပို့ခြင်း

တို့တွင် အလုံးစုံထိန်းချုပ်လုပ်ပိုင်ခွင့် ပေးထားခဲ့ပါသည်။ [g]

၁၉၈၀ခုနှစ်များ နောင်းပိုင်းနှင့် ၁၉၉၀ခုနှစ်များ၏ အစောပိုင်းကာလများတွင် တပ်မတော်အစိုးရသည် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များစွာဖြင့် အပစ်အခတ်ရပ်စဲရန် သဘောတူညီမှုရရှိခဲ့သည်။ ယင်းအပစ်အခတ်ရပ် ကာလအတွင်း အပစ်အခတ်ရပ်စဲထားသည့် နယ်မြေများတွင် သယံဇာတ တူးဖော်ထုတ်ယူများ တိုးမြှင့်လာခဲ့သည်ဟု ဆိုပါသည်။ အထူးသဖြင့် ကချင်၊ ရှမ်းနှင့် ကရင်ပြည်နယ်များတွင် သတ္တုတူးဖော်မှုများနှင့် သစ်ထုတ်လုပ်မှုများ ဖြစ်သည်။[19] တပ်မတော် အစိုးရလက်ထက်တွင် ရတနာ နှင့် ရဲတံခွန်စီမံကိန်းများဖြင့် ထိုင်းနိုင်ငံသို့ ၁၉၉၈ ခုနှစ်တွင် သဘာဝဓါတ်ငွေ့ စတင်တင်ပို့လာနိုင်ခဲ့သည်။[20] ဤကာလတစ်လျှောက် မြှင့်မားစွာတန်ဖိုးဖြတ်ထားသည့် တရားဝင် ငွေလဲနှုန်းက နိုင်ငံခြားငွေရရှိသည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ ဝင်ငွေများ၏ အမှန်တကယ်တန်ဖိုးအား နိုင်ငံ၏ ငွေစာရင်း၌ ပါဝင်နေခြင်းမရှိကြောင်းကို ပြသနေပါသည်။ ဤပြဿနာမှာ အထူးသဖြင့် ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်းများတွင် လုပ်ကိုင်နေသည့် SOE များအတွက် ပိုမို ဆက်စပ်လျက်ရှိပါသည်။[21] ထိုကာလအတွင်းမှ ဤအငြင်းပွားဖွယ်ရာအကြောင်းအရာသည်ပင် အနာဂတ် သယံဇာတ စီမံခန့်ခွဲမှုနှင့် ဝင်ငွေများအတွက် အဓိကထား ဆွေးနွေးရမည့် အကြောင်းအရာ ဖြစ်နေပါသည်။[h] [22]

၂၀၁၁ ခုနှစ်မှစတင်၍ အစိုးရသစ်၏ ပြုပြင်ပြောင်းလဲရေး အစီအစဉ်များတွင် သယံဇာတကဏ္ဍ အား မကြာခဏဆိုသလို အလေးထားပြောဆိုလာခဲ့သည်ကို တွေ့ရပါသည်။ ၂၀၁၂ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် အစိုးရ၏ စီးပွားရေးနှင့် လူမှုပြုပြင်ပြောင်းလဲရေးအတွက် အခြေခံမူဘောင် (FESR) တွင် နိုင်ငံအနေဖြင့် သယံဇာတထုတ်ယူမှုတွင် ပိုမိုပွင့်လင်းမြင်သာစေရန်၊ အကျိုးအမြတ်များအား ညီမျှစွာ ခွဲဝေပေးနိုင်ရန် ကြိုးပမ်းသွားမည်ဟုတ် ဖော်ပြထားသည်ကို တွေ့ရသည်။

> အစိုးရက ရှာဖွေတူးဖော်ရေး၊ ထုတ်လုပ်ရေးနှင့် ထုတ်လုပ်ခွင့် အခွင့်အရေးများ အပ်နှင်းရာတွင် ပွင့်လင်းမြင်သာ၍ ပြိုင်ဆိုင်မှုရှိပြီး၊ ခွဲခြားဆက်ဆံမှု မရှိသည့် လုပ်ထုံးလုပ်နည်းများကို ကျင့်သုံးသွားမည် ဖြစ်ပြီး၊ လာမည့် အနာဂတ်ကာလများတွင် ရှာဖွေတူးဖော်ထုတ်လုပ်ခွင့် သာဘာတူညီချက်စာချုပ်များသည် လူမှုရေး၊ သဘာဝပတ်ဝန်းကျင်စံနှုန်းများအတိုင်း ပြည့်မီစေရန် သေချာဆောင်ရွက်မည် ဖြစ်ပါသည်။ ထို့အပြင် ဘဏ္ဍာရေး အကျိုးအမြတ်များကိုလည်း ပွင့်လင်းမြင်သာစွာ၊ ညီမျှမှုရှိစွာ ခွဲဝေပေးသွားမည်ဖြစ်ပါသည်။[23]

သမ္မတဦးသိန်းစိန်က မြန်မာနိုင်ငံအား တွင်းထွက်သယံဇာတတူးဖော်ထုတ်ယူမှု ပွင့်လင်းမြင်သာမှု အစီအစဉ် (EITI) အဖွဲ့ဝင်အဖြစ် လျှောက်ထားရန် ရည်ရွယ်ထားကြောင်း ၂၀၁၂ ခုနှစ်တွင် ကြေငြာခဲ့ပြီး၊ မေလ ၂၀၁၄ တွင် တရားဝင် အဖွဲ့ဝင်လျှောက်လွှာ တင်ခဲ့သည် (မှတ်စု ၁ ကိုကြည့်ပါ)။[24] အကယ်၍ မြန်မာနိုင်ငံအား အဖွဲ့ဝင်အဖြစ် လက်ခံပြီဆိုပါက မြန်မာနိုင်ငံသည် EITI သို့ ကုမ္ပဏီများမှ ပေးငွေများနှင့် အစိုးရမှ ရငွေများပါဝင်သည့် ပထမဆုံးအစီရင်ခံစာကို ၂၀၁၆ မကုန်မီတွင် တင်သွင်းရဖွယ်ရှိသည်။ သမ္မတက EITI အဖွဲ့ဝင်အဖြစ် ဝင်ရောက်လိုသည့် အကြောင်းအရင်းကို ရှင်းပြရာတွင် " ကျွန်တော်တို့အနေနဲ့ သယံဇာတများကို တူးဖော်ထုတ်ယူတဲ့ နေရာမှာ၊ စီမံခန့်ခွဲတဲ့ နေရာမှာ ပွင့်လင်းမြင်သာမှုရှိပြီး၊ ပြည်သူလူထုအတွက် ရေရှည်တည်တံ့တဲ့ အကျိုးခံစားမှုတွေ ရရှိစေရန်အတွက် EITI ကို အသုံးချလိုပါတယ်" စသဖြင့် ပြောကြားသွားခဲ့သည်ကို တွေ့ရသည်။[25] မြန်မာနိုင်ငံသည် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းအများအပြားကို ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းနှင့် ကော်ပိုရိတ်အသွင်ကူးပြောင်းခြင်း ပြုလုပ်နေသည့် ဖြစ်စဉ်အတွင်း သယံဇာတကဏ္ဍသည်လည်း အပါအဝင်ဖြစ်လာနိုင်သည့် အလျောက် ပွင့်လင်းမြင်သာမှုရှိရေးမှာလည်း အလွန် အရေးကြီးပါသည်။[i]

---

[g] ဤဥပဒေသည် တည်ဆဲဖြစ်ပြီး SOEs များမှာ သယံဇာတလုပ်ငန်းများတွင် ပါဝင်လျက်ရှိသော်လည်း ယခုအချိန်တွင် အစိုးရက ကိုယ်တိုင် အလုံးစုံ ပါဝင်လုပ်နေခြင်းမဟုတ်ပါ။

[h] Arakan Oil Watch ၏ ၂၀၁၂ ခုနှစ် အစီရင်ခံစာတစ်စောင်တွင် သဘာဝဓါတ်ငွေ့မှရငွေများကို ထိုအချိန်ကတရားဝင်ငွေလဲနှုန်းဖြစ်သည့် ၆ ကျပ်နှုန်းဖြင့်သာ စာရင်းသွင်းခဲ့ သောကြောင့် (ဈေးကွက်အတွင်းမှ ငွေလဲနှုန်းမှာ ၈၀၀ မှ ၁၀၀၀ ကြားဖြစ်သည်) ဒေါ်လာသန်းပေါင်းများစွာ ကို နိုင်ငံဘတ်ဂျက်တွင် စာရင်းသွင်းခဲ့ခြင်းမရှိကြောင်း ဖော်ပြထားသည်။ (Arakan 2012)

[i] ကော်ပိုရိတ်အသွင်ကူးပြောင်းခြင်းသည် နိုင်ငံပိုင်လုပ်ငန်းတာဝန်များအား ကော်ပိုရေးရှင်းအသွင်သို့ပြောင်းလဲသည့် ဖြစ်စဉ်ဖြစ်ပြီး အစိုးရအအနေဖြင့် ပိုင်ဆိုင်မှုမလွဲ၍ ဖြစ်နိုင်သမျှ ပါဝင်လုပ်ကိုင်ခြင်းနည်းအောင် ပြုလုပ်ခြင်းဖြစ်သည်။ ဤဖြစ်စဉ်ပုံစံတွင် သီးခြားလွတ်လပ်သော စီးပွားရေးအဖွဲ့အစည်းများဖန်တီးခြင်း၊ နိုင်ငံပန်ထမ်းပုံစံမဟုတ်သော ဝန်ထမ်းများခန့်အပ်ခြင်း၊ လွတ်လပ်စွာ စီမံခန့်ခွဲစေခြင်း၊ ပုဂ္ဂလိက ကဏ္ဍမှ စီးပွားရေးလုပ်ငန်းများအတိုင်း ပွင့်လင်းမြင်သာသည့် အစီရင်ခံတင်ပြစေခြင်း စသည်တို့ပါဝင်သည်။

မှတ်စု-၁၊ တွင်းထွက် သယံဇာတတူးဖော်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး လုပ်ငန်းစဉ်

တွင်းထွက် သယံဇာတအရင်းအမြစ် တူးဖော်ရေး စက်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးလုပ်ငန်းစဉ် (EITI)

EITI လုပ်ငန်းစဉ်တွင် အစိတ်ပိုင်း ၂ ရပ်ပါဝင်ပါသည်။ (၁) ဖော်ထုတ်တင်ပြခြင်း - ကုမ္ပဏီများ၏ ငွေပေးချေမှု မှတ်တမ်းများနှင့် အစိုးရ၏ ဝင်ငွေရရှိမှု မှတ်တမ်းများအား လွတ်လပ်သည့် တတိယအဖွဲ့အစည်းတစ်ခုမှ စုစည်းလက်ခံပေးရန်ဖြစ်သည်။ (၂) သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ (multi-stakeholder group) ဖွဲ့စည်းတည်ထောင်ခြင်း - ၄င်းမှာ အထက်ပါ စာရင်းဇယားများအား စောင့်ကြည့် စစ်ဆေးရာတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပါဝင်နိုင်စေရန်နှင့် ပြည်သူလူထုအပေါ် တာဝန်ခံမှု ပိုမိုအားကောင်းလာစေရန် ရည်ရွယ်သည်။ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့က ရွေးချယ်သည့် အစီရင်ခံစာအဆင့်အပေါ်မူတည်၍ ပေးငွေများမှတ်တမ်းတင်ခြင်းသည် ကုမ္ပဏီတစ်ခုချင်းစီအလိုက် သို့မဟုတ် တပေါင်းတည်း ဖြစ်နိုင်ပါသည်။ အခြားနိုင်ငံများတွင်တော့ EITI လုပ်ငန်းစဉ်သည် ကုမ္ပဏီများက အစိုးရအား ပေးငွေများအပေါ်အဓိကထားလေ့ ရှိသည်။ သို့သော်လည်း EITI လုပ်ငန်းစဉ်မှာ ကနဦးကိစ္စရပ်ဖြစ်သည့် လုပ်ငန်းလိုင်စင်၊ ပါမစ် ချထားပေးခြင်း သို့မဟုတ် နောက်ပိုင်းကိစ္စရပ်ဖြစ်သည့် ယင်းရငွေများကို သုံးစွဲမှုအပေါ် လွှမ်းခြုံနိုင်မှု မရှိပါ။ EITI သည် လုပ်ငန်းစဉ်တစ်ရပ်သာဖြစ်ပြီး နိုင်ငံတကာစာချုပ် သို့မဟုတ် ဥပဒေ တစ်ခုမဟုတ်ပါ။ သို့သော်လည်း ယင်းဖြစ်စဉ်အား ပြည်တွင်း၌ ပွင့်လင်းမြင်သာမှုဖြစ်ပေါ်စေရေးဆိုင်ရာ ဥပဒေများ ပေါ်ထွန်းလာစေရန်နှင့် သယံဇာတတူးဖော်ထုတ်ယူမှု ကဏ္ဍ၌ ပိုမိုကောင်းမွန်သော ပြည်သူ့ဘဏ္ဍာရေးစီမံမှု ဖြစ်ပေါ်လာစေရန် အသုံးချနိုင်ပါသည်။

ရင်းမြစ် - MDRI-CESD ၏ 'Fiscal Policy' chapter ပြန်လည်ဖော်ပြခြင်း၊ မကြာခင်ထွက်ရှိမည့် Asian Development Bank Myanmar Country Study မှ

၂.၂။ မရေရာသော ရင်းမြစ်များ

မြန်မာနိုင်ငံအစိုးရက ပိုမိုချမ်းသာပြီးပြည်သူ ဖြစ်ပေါ်အောင်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် လက်ရှိကျင့်သုံးဆောင်ရွက်မှုများကို ပိုမိုရှင်းလင်းစေရန်၊ တည်ဆဲဥပဒေများအပေါ် ပြည်သူလူထု ပိုမိုလက်လက်လှမ်းမီ သိရှိနားလည်အောင် ဆောင်ရွက်မည်ဟု ပြောဆိုထားပါသည်။ သို့ရာတွင် မြန်မာနိုင်ငံအား သယံဇာတအရင်းအမြစ်စီမံအုပ်ချုပ်မှုအဖွဲ့အစည်း (Natural Resource Governance Institute) [26] က ၂၀၁၃ခုနှစ်၌ ရေနံ၊ သဘာဝဓါတ်ငွေ့နှင့် သတ္တုတွင်းကဏ္ဍ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုကို တိုင်းတာသည့် သယံဇာတအရင်းအမြစ်များစီမံအုပ်ချုပ်မှု ညွှန်းကိန်းတွင် ဆန်းစစ်ခဲ့သည့် ၅၈ နိုင်ငံအနက် အောက်ဆုံးနိုင်ငံအဖြစ် အဂဲဖြတ်ခဲ့ပါသည်။ ဤသုတေသနနှင့် ဆက်စပ်ပတ်သက်သည့် 'ကြားသိထားသည့် မသိရသောအရာများ' (known unknowns) အပါအဝင် မသေချာသည့် ရင်းမြစ်များကို အောက်တွင် ဖော်ပြထားပါသည်။

- **သယံဇာတအရင်းအမြစ်များ ဖွဲ့စည်းတည်ရှိနေမှု၊ ပမာဏနှင့် ခွဲဝေဖြန့်ထားမှု** - ရေနံ၊ သဘာဝဓါတ်ငွေ့နှင့် ဓါတ်သတ္တုသိုက် ရှာဖွေမှုများကို ဆက်လက်လုပ်ဆောင်လျက်ရှိပါသည်။ သဘာဝဓါတ်ငွေ့သိုက် များအား နှစ်အနည်းငယ် အတွင်း ထပ်မံတွေ့ရှိဖွယ် ရှိပါသည်။ သို့သော်လည်း တွေ့နိုင်ဖွယ်ရှိသည့် ပမာဏ အရွယ်အစားကို သိရှိနိုင်ခြင်း မရှိသေးပါ။ စမ်းသပ်ထားသည့် ပမာဏထက် ကျော်လွန်နိုင်စရာရှိပါသည်။ သယံဇာတတွေ့ရှိမှု အသစ်များကလည်း သယံဇာတအမျိုးအစား စာရင်းကို ထပ်ဖြည့်ပေါင်းပေးလျက်ရှိပါသည် (ဥပမာ - ရှားပါးသတ္တု(rare-earth))။ ထို့အပြင်လိုင်စင်ချထား ပေးသည့် သယံဇာတတူးဖော်ထုတ်ယူမှု လုပ်ကွက်များစာရင်းမှာလည်း အများပြည်သူ အလွယ်တကူ ရရှိနိုင်ခြင်း မရှိပါ။[j] [27]

- **တရားမဝင်၊ တရားဝင် နှင့် ရောယှက်လျက်ရှိသောလုပ်ငန်းများ** - တရားမဝင်လုပ်ကိုင်ခြင်းအခြေအနေမှာ ကဏ္ဍအပေါ်မူတည်၍ ကွဲပြားပါသည်။ တူးဖော်ထုတ်ယူမှုနှင့် ရင်းနှီးမြှုပ်နှံမှု သဘောသဘာဝအရ ရေနံနှင့် သဘာဝဓါတ်ငွေ့ကဏ္ဍမှာ များစွာပင် ပုံမှန်တရားဝင် လမ်းကြောင်းမှ ဖြစ်လေ့ရှိပြီး၊ အခြားကဏ္ဍများဖြစ်သည့် ကျောက်စိမ်းနှင့် သစ်ထုတ်ယူမှုများ တွင်မူ တရားမဝင် မှောင်ခိုထုတ်ယူမှုများက ပုံမှန်တရားဝင်ထုတ်ယူမှုထက်ပင် များစွာ ကျော်လွန်နေသည်ဟု ခန့်မှန်းကြပါသည်။[28] ထိုကဲ့သို့ အဖြူနှင့် အမည်း အမျိုးအစားများအပြင် ကြားမှ မီးခိုးရောင်နယ်ပယ်များစွာလည်း ရှိနေပါသေးသည်။ ဥပမာ မှတ်ပုံတင်ရာနှင့် လိုင်စင်လျှောက်ရာတွင် ကုမ္ပဏီများသည် အခွန်ပေးဆောင်မှုအပေါ်တွင်

[j] Tun, M. (2014) လေ့လာချက်တွင် လက်ရှိအချိန်တွင် ထုတ်ပြန်ကြေငြာထားသည့် သတ္တုတွင်းလုပ်ငန်းပါမစ်/ခွင့်ပြုမိန့် စာရင်း မရှိသေးဘဲ ထုတ်လုပ်ခွင့်ပါမစ်ရှိသူ၊ ထုတ်လုပ်ခွင့်ပြုသည့် နယ်မြေနှင့် ထုတ်လုပ်ခွင့်ကာလများနှင့် ပါတ်သက်သည့် သတင်းအချက်အလက်အလွန်နည်းပါသည်။

ညှိနှိုင်းမှုများပြုလုပ်ကြလေ့ရှိကြောင်း သိရှိရသည်။ ယင်းမီးခိုးရောင်နယ်ပယ်များမှာ သယံဇာတတူးဖော်ထုတ်ယူမှု လုပ်ငန်းများအတွင်း များစွာ ရှိနေပါသည်။

- **ပဋိပက္ခနယ်မြေများ၊ အပြိုင်တည်ရှိနေသော အုပ်ချုပ်ရေးများ နှင့် ပြည်သူ့စစ်များ** - အစိုးရမဟုတ်သော လက်နက်ကိုင် အဖွဲ့အစည်းများမှ ထိန်းချုပ်ထားသည့် အချို့သော နယ်မြေဒေသများတွင် ၄င်းတို့၏ ကိုယ်ပိုင် သယံဇာတ အုပ်ချုပ်မှု စနစ်များရှိနေပါသည်။[29] အချို့မှာ လုပ်ထုံးလုပ်နည်းများ စနစ်တကျ သေချာသတ်မှတ် ပြဋ္ဌာန်းထားကြပြီး ၄င်းတို့၏ အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ လိုင်စင်များ ထုတ်ပေးကြောင်းသိရသည်။ အချို့မှာ ဤသို့မဟုတ်ပါ။ ယင်းစနစ်များမှာ ရံဖန်ရံခါ မြန်မာနိုင်ငံအစိုးရ သက်ဆိုင်ရာ ဝန်ကြီးဌာန၊ တပ်မတော်တို့၏ စနစ်များနှင့် ပဋိပက္ခဖြစ်နေခြင်း၊ ထပ်နေခြင်း၊ အတူအပြိုင်တည်ရှိ နေခြင်းတို့ လည်း ဖြစ်ပေါ်နေပါသည်။ ထို့အပြင် နယ်ခြားစောင့် တပ်ဖွဲ့များနှင့် ပြည်သူ့စစ်များမှာလည်း သယံဇာတတူးဖော် ထုတ်ယူမှုကဏ္ဍများတွင်၊ အထူးသဖြင့် သတ္တုတူးဖော်မှုများတွင် များစွာ ပါဝင်နေလျက်ရှိကြောင်း သိရပါသည်။

- **တပ်မတော်၏ စီးပွားရေးလုပ်ငန်းများ** - မြန်မာ့တပ်မတော်မှ ပိုင်ဆိုင်သော စီးပွားရေးလုပ်ငန်းများဖြစ်သည့် မြန်မာ့စီးပွားရေး ဦးပိုင် ကုမ္ပဏီ (UMEHL) နှင့် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း (MEC) တို့သည်လည်း သယံဇာတတူးဖော်ထုတ်ယူမှု လုပ်ငန်းများတွင် များစွာ ရင်းနှီးမြှုပ်နှံထားသည် ဟုသိရပါသည်။[k]

- **သယံဇာတမှ ရငွေများ၏ ပမာဏနှင့် စီးဆင်းမှု** - ပုံမှန်အားဖြင့် ပြည်ထောင်စုအစိုးရ၏ဝင်ငွေများမှာ ဘတ်ဂျက်တွင် ဝန်ကြီးဌာနအလိုက် စုပေါင်းဖော်ပြပါသည်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ တစ်ခုချင်းဘတ်ဂျက်များ၊ စာရင်းစစ်တာဝန်များမှာ သဲကွဲ ရှင်းလင်းမှုမရှိလှပါ။ သယံဇာတအရင်းအမြစ်အချို့အပေါ် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ၄င်းတို့ကိုယ်ပိုင် သယံဇာတဆိုင်ရာ မူဝါဒအချို့ကို စတင်ဆောင်ရွက်ရာတွင်လည်း ၄င်းတို့၏ ဥပဒေအရ၊ လုပ်ပိုင်ခွင့်အရ အခန်းကဏ္ဍမည်မျှရှိသည် ဆိုသည်မှာလည်း သတ်မှတ်ထားရခြင်းမရှိသေးပေ။

တွေ့ဆုံမေးမြန်းခဲ့သော အစိုးရ အရာရှိများ၊ အရပ်ဘက်လူမှု အဖွဲ့အစည်းများ၊ သတ္တုတွင်းလုပ်ငန်းရှင် အသင်းများ အများစုက အထူးသဖြင့် အသေးစားအဆင့် တရားမဝင် သတ္တုတူးဖော်မှုများမှာ ကျယ်ပြန့်စွာ ဖြစ်ပေါ်နေကြောင်း၊ တရားဝင် အရေအတွက် ထက်ပင် ပိုများနိုင်ကြောင်း တစ်ညီတစ်ညွှတ်တည်း ပြောကြပါသည်။ ထို့အပြင် အခြားတရားမဝင်နည်းလမ်းများစွာ (ဥပမာ - သစ်ခိုးထုတ်ရာတွင် ဖြတ်သန်းခများပေးခြင်း၊ တရားဝင်ရထားသည့် export လိုင်စင်ကို တရားမဝင်သတ္တုလုပ်ငန်းများသို့ ငှားရမ်းခြင်း၊ ဒေသန္တရအုပ်ချုပ်သူများအား လာဘ်ပေးခြင်း၊ ဓါတ်သတ္တု စမ်းသပ်ရှာဖွေမှုလိုင်စင်ဖြင့် ဓါတ်သတ္တုထုတ်လုပ်နေခြင်း စသဖြင့်) မှာလည်း အနှံ့အပြားဖြစ်ပေါ်လျက်ရှိနေကြောင်း သိရသည်။

ထို့အပြင် လက်ရှိအချိန်တွင် အမှန်တကယ် ယုံကြည်အားထားရလောက်သော၊ အချိန်နှင့် တပြေးညီဖြစ်သော ဆင်းရဲမှုအဆင့်များနှင့် လူဦးရေဆိုင်ရာ အချက်အလက်များကို ရရှိနိုင်ခြင်းမရှိပါ။ ဤလိုအပ်ချက်ကို မကြာသေးမီက ကောက်ခံခဲ့သော သန်းခေါင်စာရင်းက ဖြည့်ဆည်းပေးဖွယ်ရာ ရှိပါသည်။ လက်ရှိအချိန်တွင် သယံဇာတတူးဖော်ထုတ်ယူမှုကြောင့် ပတ်ဝန်းကျင်နှင့် လူမှုရေးတို့အပေါ် ထိခိုက်သက်ရောက်ချက်များအပေါ် စနစ်တကျ စောင့်ကြည့်ဆန်းစစ်မှုမှာ မရှိသလောက်ပင်ဖြစ်သည်။ မကြာခင်ကပြဋ္ဌာန်းခဲ့သော ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေအရ သယံဇာတထုတ်ယူမှုလုပ်ငန်းများတွင် ပတ်ဝန်းကျင်အပေါ်သက်ရောက်မှု ဆန်းစစ်ချက်များ ဆောင်ရွက်ရန် လိုအပ်လာပါလိမ့်မည် (အခန်း၈ယ၂.၅ ကိုကြည့်ရန်)။ အချို့သော တရားဝင်တူးဖော်ထုတ်ယူမှုများမှ ဝင်ငွေများ၏ ပွင့်လင်းမြင်သာမှုမှာ တိုးတက်မှုရှိလာသည်ကို တွေ့ရပြီး၊ တွေ့ဆုံမေးမြန်းဆွေးနွေးခဲ့သည့် ဌာနဆိုင်ရာ အရာရှိများအနေဖြင့် စာရေးသူများအား များစွာအသုံးဝင်သည့် သတင်းအချက်အလက်များ ပံ့ပိုးပေးခဲ့ကြပြီး၊ ထိုသတင်းအချက်အလက်များကို ပိုမို ကျယ်ပြန့်စွာ ပုံမှန်ဖြန့်ဝေလိုသော ဆန္ဒရှိကြောင်း ပြသခဲ့သည်ကို တွေ့ရသည်။ ဥစ္စာဓနခွဲဝေမှုဆိုင်ရာ မူဝါဒများ၏ စီပွားရေးဖွံ့ဖြိုး တိုးတက်မှုနှင့် ပြည်သူရေးရာ ဝန်ဆောင်မှုများအပေါ် အကျိုးသက်ရောက်မှုများကို ပိုမိုကျယ်ပြန့်နက်နဲစွာ လေ့လာလိုပါက ယင်းကိန်းဂဏန်း အချက်အလက်များမှ မရှိမဖြစ်လိုအပ်ပါသည်။

[k] ၂၀၁၁-၁၂ ဘဏ္ဍာရေးနှစ်တွင် UMEHL၊ MEC နှင့် MDI (Myanmar Defence Industries) တို့က သတ္တုတွင်းဝန်ကြီးဌာနကို ရှမ်း၊ မန္တလေး၊ ကရင်နှင့် တနင်္သာရီတို့၌ limestone၊ coal၊ copper၊ quartz၊ iron ore နှင့် marble ထုတ်လုပ်မှုအတွက် အခွင့်အခများ ပေးဆောင်ထားကြောင်း သိရသည်။

မကြာသေးမီကထွက်ရှိထားသော EITIအတွက် ဥပဒေရေးရာ သုံးသပ်ချက် အစီရင်ခံစာတွင် မြန်မာနိုင်ငံ တွင်းထွက် သယံဇာတ အရင်းအမြစ် တူးဖော်ရေး စက်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးလုပ်ငန်းစဉ် အတွက် ဥပဒေမူဘောင်ကို သေချာစွာ လေ့လာသုံးသပ်ထားပါသည်။[30] ယင်းအစီရင်ခံစာတွင် ကဏ္ဍတစ်ခုချင်းအပေါ် ပြဋ္ဌာန်းထားသည့် ဥပဒေများအပြင် အုပ်ချုပ်ရေး မဏ္ဍိုင်မှ ထုတ်ပြန်သော နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြေငြာချက်များသည်လည်း သယံဇာတစီမံ အုပ်ချုပ်ရေး အပေါ် ဆုံးဖြတ်မှုရှိသည်ဟု မှတ်ချက်ပြုထားပါသည်။ အစိုးရဌာနများအတွင်း၌ လိုက်နာဆောင်ရွက်ရ သည့် လုပ်ထုံးလုပ်နည်းများ နှင့် အသားကျနေပြီးဖြစ်သည့် လုပ်ကိုင်ဆောင်ရွက်ပုံအချို့တို့မှာ ဥပဒေတွင်ပြဋ္ဌာန်းထားခြင်းမရှိပေ။ ရပ်ရွာလူထုအဆင့်တွင်မူ လူအများအနေဖြင့် တည်ဆဲဥပဒေထက်စာလျှင် ဓလေ့ထုံးတမ်း ဥပဒေများကို ပိုမိုသိရှိနားလည်ထားကြသည်။[31] ဓလေ့ထုံးတမ်း ဥပဒေများမှာ ရပ်ရွာဒေသအတွင်း၌ အထူးသဖြင့် သစ်တောရေးရာနှင့်ပတ်သက်ပြီး စီမံခန့်ခွဲရန်အတွက် ကျင့်သုံးကြလေ့ရှိသည်။[32]

မြန်မာနိုင်ငံအနေဖြင့် ပြုပြင်ပြောင်းလဲရေးကို မြန်ဆန်စွာလုပ်ဆောင်နေရသည့် အချိန်တွင် ဥပဒေအများအပြားဆိုသလိုမှာ ကဏ္ဍ တစ်ခုတည်း အပေါ်တွင် တစ်ခုနှင့်တစ်ခု လိုက်ဖက်ညီညွှတ်ခြင်းမရှိဘဲ သက်ရောက်မှုရှိနေကြသည်ကိုတွေ့ရသည်။ ဥပမာအားဖြင့် ၁၉၉၄ မြန်မာနိုင်ငံသတ္တုတွင်းဥပဒေ၊ ၁၉၉၆ မြန်မာနိုင်ငံ သတ္တုတွင်း နည်းဥပဒေ၊ ၁၉၉၅ မြန်မာနိုင်ငံ ကျောက်မျက်ရတနာဥပဒေ၊ ၂၀၁၂ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ၂၀၁၄ ပြည်ထောင်စု အခွန်အကောက်ဥပဒေ၊ ၂၀၁၂ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေ အားလုံးတို့သည် သတ္တုတွင်းကဏ္ဍနှင့် ပတ်သက်လျက်ရှိပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်မှ ထုတ်ပြန်သော ဥပဒေများနှင့် အမိန့်ညွှန်ကြားချက်များလည်း ရှိပါသေးသည်။

တစ်ခါတစ်ရံ၌ အုပ်ချုပ်မှုဆိုင်ရာ တာဝန်များ ထပ်လျက်ရှိသည့် နယ်ပယ်များလည်းရှိပါသည်။ ဥပမာအားဖြင့် သတ္တုတွင်းလုပ်ငန်း တစ်ခုက 'သတ်မှတ်သစ်တောကြိုးဝိုင်း'[33] အတွင်း ကျရောက်နေခြင်း သို့မဟုတ် တစ်ခါတစ်ရံတွင် အမျိုးမျိုးသော ကျောက်မျက် ရတနာဆိုင်ရာ အခွန်အကောက်များအား အချို့ကိုပြည်တွင်းအခွန်များဦးစီးဌာနမှကောက်ခံပြီး အချို့အား မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ကောက်ခံခြင်းမျိုးဖြစ်သည်။ အာရှဖွံ့ဖြိုးရေးဘဏ်၏ စွမ်းအင်ကဏ္ဍ လေ့လာဆန်းစစ်ချက် အစီရင်ခံစာတွင် စွမ်းအင်ကဏ္ဍ လုပ်ငန်းများမှာ ဝန်ကြီးဌာနခုနှစ်ခုအကြား ပြန့်ကျဲလျက်ရှိပြီး ဝန်ကြီးဌာနတစ်ခုစီအတွင်း၌ မူဝါဒရေးရာ၊ လုပ်ထုံးလုပ်နည်း၊ အကောင်အထည်ဖော်ခြင်း နှင့် လုပ်ငန်းလည်ပတ်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များ အသီးသီးရှိနေပါသည်။[34] ယင်းကဏ္ဍများနှင့် ဆက်စပ်သော ဥပဒေများကိုပြင်ဆင်လျက်ရှိသည့်အချိန်တွင် အုပ်ချုပ်ရေးပြုပြင် ပြောင်းလဲမှုများတွင် ထပ်လျက်ရှိသည့် နယ်ပယ်များ ကို လျှော့ချနိုင်ရန်အတွက် လုပ်ငန်းတာဝန်ပြန်လည်ချထားမှု (functional reassignment) ကိုထည့်သွင်းလုပ်ဆောင် သင့်ပါသည်။

၂.၃ သယံဇာတအရင်းအမြစ်ဝင်ငွေများ၏ အရေးပါမှု

သယံဇာတအရင်းအမြစ်များမှာ မြန်မာနိုင်ငံအတွက် လွန်စွာအရေးပါပါသည်။ မြန်မာနိုင်ငံတွင် တိုင်းပြည်၏ဒေသအနှံ့အပြား၌ သယံဇာတများ အများအပြားတည်ရှိလျက်ရှိသည်(ပုံညွှန်း ၁ ကိုကြည့်ရန်)။[1] တရားဝင်ကိန်းဂဏန်းများအရ ပြည်ပသို့ သဘာဝဓါတ်ငွေ့၊ ရေနံ၊ ကျောက်စိမ်း၊ ကျောက်မျက်၊ သတ္တုများနှင့် သစ် တင်ပို့မှုပမာဏမှာ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် နိုင်ငံ၏ ပို့ကုန်တန်ဖိုးစုစုပေါင်း၏ ၇၀ % မျှ သို့မဟုတ် ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး၏ ၁၀%ခန့် ရှိရာတွင် သဘာဝဓါတ်ငွေ့ တစ်ခုတည်း တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃.၆ ဘီလီယံ ရရှိပါသည်။[35] သဘာဝဓါတ်ငွေ့မှာ အစိုးရ၏ အကြီးမားဆုံး နိုင်ငံခြားဝင်ငွေရင်းမြစ်ဖြစ်ပြီး၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် နိုင်ငံဂျီဒီပီ၏ ၆.၅ % ဖြစ်ရန် မျှော်မှန်းထားသည်။ [36]

မြန်မာနိုင်ငံသည် ကမ္ဘာတွင် စမ်းသပ်တိုင်းတာပြီး သဘာဝဓါတ်ငွေ့ပိုင်ဆိုင်မှု အဆင့် ၄၁ တွင်ရှိပြီး၊ ရေနံစိမ်းပိုင်ဆိုင်မှု အဆင့် ၇၈ တွင်ရှိပါသည်။[37] အာရှဖွံ့ဖြိုးရေးဘဏ်၏ စွမ်းအင်ကဏ္ဍ အကဲဖြတ်ဆန်းစစ်ချက်အစီရင်ခံစာတွင် ရေနံနှင့် သဘာဝဓါတ်ငွေ့ရှာဖွေ ထုတ်ယူနိုင်ရန် ကုန်းတွင်းလုပ်ကွက် (onshore) ၅၃ ကွက်၊ ကမ်းလွန် ၅၁ ကွက်၊ စုစုပေါင်း ၁၀၄ ကို သတ်မှတ်ဖော်ထုတ်ထား ကြောင်းနှင့် တိုင်းတာစမ်းသပ်ချက်အရ ရေနံစည် သန်း ၁၆၀ နှင့် သဘာဝဓါတ်ငွေ့ ၂၀.၁၁ ထရီလီယံ ကုဗပေ ရှိမည်ဖြစ်ကြောင်း သိရသည်။ [38]

[1] ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် တည်ရှိသည့် သယံဇာတများကို နောက်ဆက်တွဲ ၁ တွင် အနှစ်ချုပ်ဖော်ပြထားသည်။

ပုံညွှန်း-၁ ၊ သယံဇာတအရင်းအမြစ်များနှင့် စီးပွားရေးဇုန်များ။ စက်တင်ဘာ ၂၀၁၃



ရင်းမြစ် - Myanmar Peace Monitor: 'Economic and Political Stakes' (စက်တင်ဘာ ၂၀၁၃)၊ ခွင့်ပြုချက်ဖြင့် အသုံးပြုပါသည်

သယံဇာတမှ ဝင်ငွေများ ရရှိရာတွင် အခွန်နှင့် အခွန်မဟုတ်သော ရငွေများ ပါဝင်ပါသည်။[39] မြန်မာနိုင်ငံ၏ဝင်ငွေစုစုပေါင်းအနက် သယံဇာတမှ ရရှိသည့် ဝင်ငွေကို တိုင်းတာရန်ခက်ခဲနေရသည်မှာ (၁) ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံသည့် အခွန်ငွေတွင် သယံဇာတတူးဖော်မှုလုပ်ငန်း ကုမ္ပဏီများထံမှ အခွန်များ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများထံမှ အခွန်ပေးအပ်ငွေများ ပါဝင်သကဲ့သို့ သယံဇာတနှင့် မဆိုင်သည့် အခြားသော အခွန်များလည်း ပါဝင်နေပါသည်။ (၂) အရှုံးပေါ်သော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် အမြတ်ပေါ်သော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ ဝင်ငွေများကို သက်ဆိုင်သည့် ဝန်ကြီးဌာနအဆင့်တွင် တပေါင်းတည်း စာရင်းသွင်းသောကြောင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း တစ်ခုချင်းအနေဖြင့် မည်မျှ အရှုံးပေါ်ပြီး မည်မျှမြတ်စွန်းကြောင်း သိရှိရန် ခက်ခဲစေပါသည်။ (၃) ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဗဟိုအဆင့်အောက်မှ အဖွဲ့အစည်းများမှ ကောက်ခံသည့် ပေးချေငွေများ၊ royalties များနှင့် အခကြေးငွေများမှာ တစ်ပုံစံတည်း မှတ်တမ်းတင်ထားသည်မဟုတ်ပဲ၊ အများစုမှာ ပြည်သူလူထုအနေဖြင့် သိရှိနိုင်ခြင်း မရှိပါ။

နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့(IMF)၏ ကိန်းဂဏန်းများအရ(ပုံညွှန်း ၂ ကိုကြည့်ပါ) ၂၀၁၃-၁၄ခုနှစ်တွင် ကဏ္ဍအရပ်ရပ်မှ အခွန်ရငွေ (tax revenue) မှာ ဂျီဒီပီ၏ ၄.၄ % (၂၆၀၉ ဘီလီယံကျပ်) သာရှိပြီး ဒေသတွင်း နိုင်ငံများအနက် အနည်းဆုံးဖြစ်ပါသည်။[40] နှိုင်းယှဉ်ချက်အားဖြင့် ကမ္ဘောဒီးယား နိုင်ငံသည် GDP၏ ၁၁.၆ %၊ ထိုင်းနိုင်ငံတွင်GDP၏ ၁၆.၅% နှင့် ဖိလစ်ပိုင်နိုင်ငံတွင်GDP၏ ၁၂.၉% ကို အခွန်မှရရှိကြသည်။[41] ဤအခွန်ရငွေများမှ မည်မျှအား နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများမှ ရရှိကြောင်း အထူးအားဖြင့် မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့ လုပ်ငန်း (MOGE)နှင့် သယံဇာတတူးဖော် ထုတ်ယူမှု လုပ်ငန်း ကုမ္ပဏီများထံမှ မည်မျှရရှိကြောင်းကို ရှင်းလင်းစွာ မသိရပါ။

ပုံညွှန်း ၂ ၊ အစိုးရ၏ အထွေထွေရငွေ ရင်းမြစ်များ။ ၂၀၁၃/၁၄ ဘဏ္ဍာရေးနှစ် (IMF)



ရင်းမြစ် - International Monetary Fund ၊ (၂၀၁၃/၂၀၁၄)

နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများအားလုံးအနေဖြင့် သယံဇာတတူးဖော်ထုတ်ယူမှုလုပ်ငန်းများတွင် မပါဝင်သော်လည်း အဓိက အမြတ်အစွန်းအများဆုံး SOE များမှာ စွမ်းအင်ဝန်ကြီးဌာန၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန တို့မှ ဖြစ်ပါသည်။ ၄င်းတို့ရရှိသော အမြတ်အစွန်းများဖြင့်၊ ဥပမာ အမှတ်-၁ လျှပ်စစ်ဝန်ကြီးဌာန အောက်မှ အရှုံးပေါ်သည့် နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းများကဲ့သို့ SOE များအား ထိရောက်စွာ ထောက်ပံ့ပေးနေနိုင်ပါသည် (ဇယား - ၁ ကိုကြည့်ရန်)။ မကြာသေးခင်နှစ်များအတွင်း ထုတ်ပြန်သည့် ဘတ်ဂျက် ကိန်းဂဏန်းများမှာ ဝန်ကြီးဌာနအဆင့်တွင် စုပေါင်းထား (aggregated)သည်ကိုသာ တွေ့ရပါသည်။ ၂၀၁၀-၁၁ ဘဏ္ဍာရေးနှစ်မှ သီးခြားတစ်ခုချင်းစီခွဲထားသည့် (disaggregated)

ကိန်းဂဏန်း များကို သိရှိရပါသည်။ သို့သော်လည်း ၄င်းမှာ ယခင်ကတရားဝင်ငွေလဲနှုန်းဖြင့် တွက်ချက်ထားသောကြောင့် တန်ဖိုးအမှန်ကို မသိရှိရပါ။

ဇယား ၁ - နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ရင်းငွေနှင့် သုံးငွေများ၊ ၂၀၁၃/၁၄ ခုနှစ် (ကျပ်သန်းထောင်ပေါင်း)

ဝန်ကြီးဌာနအလိုက် SOE များ	ရင်းငွေများ		သုံးငွေများ		ကျန်ငွေ
	ကျပ်(သန်းထောင်ပေါင်း)	SOE၏ စုစုပေါင်းဝင်ငွေ %	ကျပ်(သန်းထောင်ပေါင်း)	SOE၏ စုစုပေါင်းသုံးငွေ %	ကျပ်(သန်းထောင်ပေါင်း)
စွမ်းအင်	၄၃၄၁	၄၈	၃၁၆၈	၃၉	၁၁၇၃
သဘာဝပတ်ဝန်းကျင်နှင့် သစ်တော	၃၈၅	၄	၃၂၀	၄	၆၅
သတ္တု	၃၀၃	၃	၁၆၂	၂	၁၄၁
လျှပ်စစ်စွမ်းအား - ၁	၁၃၁၉	၁၅	၁၆၄၁	၂၀	- ၃၂၂

ရင်းမြစ် - Central Statistical Office, 'Selected Monthly Indicators.'

နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ဝင်ငွေခွန် (၂၅%) နှင့် ပြည်ထောင်စုသို့ ခွဲဝေမှု(၂၀%) အပြင် အချို့သော သယံဇာတ အရင်းအမြစ်များအပေါ် သို့ စည်းကြပ်ကောက်ခံသည့် royalties များနှင့် အခွန်များ ရှိပါသေးသည်။ အခကြေးငွေနှင့် ပေးအပ်ငွေ နှုန်းထားများမှာ လုပ်ငန်းစာချုပ်တစ်ခုချင်းစီတွင် ပါဝင်ပါသည်။ ၄င်းတို့မှာ သယံဇာတအမျိုးအစားအပေါ်မူတည်၍ ကွဲပြားပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနမှ တဆင့် ပြည်တွင်းအခွန်များ ဦးစီးဌာနသို့ လွှဲပြောင်းပေးပါသည်။ ဤအခွန်များမှ ကောက်ခံရရှိသော ပမာဏမှာ ယေဘူယျအားဖြင့် SOE များဖြင့် နှိုင်းယှဉ်ပါက သေးငယ်ပါသည်။ အထက်တွင်ဖော်ပြထားသည့် ဇယားမှာ ကျပ်သန်းထောင်ပေါင်းဖြင့် ဖော်ပြထားခြင်းဖြစ်ပြီး၊ အောက်တွင် ဖော်ပြထားသည့် ဇယားမှာ ကျပ်သန်းပေါင်း ဖြင့်သာဖော်ပြထား သည်ကို သတိပြုပါရန်။

ဇယား ၂ - ပြည်တွင်းအခွန်များဦးစီးဌာနမှ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများအပေါ် အခွန်ကောက်ခံရရှိရန် ပန်းတိုင်များ၊ ၂၀၁၄/၂၀၁၅ ခုနှစ် (ကျပ်သန်းပေါင်း)[m]

ဝန်ကြီးဌာန	အခွန်	ပန်းတိုင်
ပြည်ထဲရေးဝန်ကြီးဌာန	မြေခွန်	၀.၈၉
စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန	ရေခွန်	၁၀၁၆.၅၄
ပြည်ထဲရေးဝန်ကြီးဌာန	တာတမံခွန်	၀.၀၃
သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန	သစ်တောထုတ်ကုန်များ ထုတ်ယူမှုအတွက် အခွန်	၁၈၄၈.၀၆
ပြည်ထဲရေးဝန်ကြီးဌာန	ဓါတ်သတ္တုခွန်	၇.၄၅
မွေးမြူရေးနှင့် ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန	ငါးလုပ်ငန်းခွန်	၁၀၈၃.၇၀
သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန	ရာဘာခွန်	၀.၅၀
စွမ်းအင်ဝန်ကြီးဌာန	ရေနံနှင့် သဘာဝဓါတ်ငွေ့အပေါ် ကောက်ခံသည့်အခွန်	၃၂၉၃၄၃.၂၇
သတ္တုတွင်းဝန်ကြီးဌာန	ဓါတ်သတ္တုနှင့် ကျောက်မျက်အပေါ် ကောက်ခံသည့် အခွန်	၁၄၀၀.၀၀
လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန	လျှပ်စစ်ထုတ်လုပ်မှုအပေါ် ကောက်ခံသည့် အခွန်	၁၁၄၆၀.၀၀

ရင်းမြစ် - ကြေးမုံသတင်းစာ၊ ၁၄ရက် ဧပြီ ၁၄ ရက်

ပုဂ္ဂလိက ကုမ္ပဏီများနှင့် နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများသည် အမြတ်ငွေ၏ ၂၅ % ကို ဝင်ငွေခွန် (အမြတ်ခွန်ဟုလည်း ခေါ်သည်) အဖြစ်ပေးဆောင်ကြရသည်။[42] ၄င်းအား သယံဇာတတူးဖော်ထုတ်ယူသည့် လုပ်ကွက်ရှိရာ နယ်မြေတွင်မဟုတ်ဘဲ ကုမ္ပဏီ ရုံးစိုက်သည့် မြို့နယ်၏ ပြည်တွင်းအခွန်ဌာနဌ ပေးဆောင်ရပါသည်။

[m] မူရင်းဇယားတွင် ပါဝင်သည့် ဆက်သွယ်ရေးလုပ်ငန်းများအပေါ် ကောက်ခံသည့် အခွန်ကို ယခုဇယားတွင် ထည့်သွင်းမထားပါ။

နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ(SOEs)သည် ပြည်ထောင်စုသို့ ခွဲဝေမှု အဖြစ် အမြတ်ငွေ၏ ၂၀% ကို ပြည်ထောင်စု ဘတ်ဂျက်သို့ လွှဲပြောင်းပေးရပါသည်။ ထို့နောက် ကျန်ရှိသော ၅၅%ကို ၄င်းတို့၏ ငွေလုံးငွေရင်းအသုံးစရိတ် (capital expenses) အဖြစ် ထားရှိပါသည်။ ၂၀၁၃-၁၄ ခုနှစ် ဘတ်ဂျက်တွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ ပေးအပ်ငွေမှာ ကျပ်ငွေ ၉၄၅.၉ ဘီလီယံ (အမေရိကန် ဒေါ်လာ ၁ ဘီလီယံ ခန့်) [n] ခန့်ရှိပြီး ကျပ် ၃.၈ ဘီလီယံအား 'နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ' ခေါင်းစဉ်အောက်တွင် ဖော်ပြထားသည်။[43] မြန်မာကျပ်ငွေဖြင့်ပေးငွေများကို မြန်မာ့စီးပွားရေးဘဏ်တွင် ပေးသွင်းပြီး၊ နိုင်ငံခြားငွေများကို မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်တွင် ပေးသွင်းရပါသည်။



ပုံညွှန်း ၃ ၊ SOE များ၏ ဝင်ငွေ ရရှိ ခွဲဝေမှု

သယံဇာတဆိုင်ရာအခွန် အများစုအား သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကောက်ခံသော်လည်း အခြားအဖွဲ့အစည်းများမှ ကောက်ခံသည်လည်း ရှိပါသည်။ ပြည်ထဲရေးဝန်ကြီးဌာနအောက်မှ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနကလည်း မြေခွန်၊ တာတမံခွန်နှင့် ခါတ်သတ္တုခွန်များကို ကောက်ခံပါသည် (ဇယား -၂ ကိုကြည့်ပါ)။[44] အခြေခံဥပဒေဇယား ၅ အောက်မှ အခွန်များအား ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများက တိုက်ရိုက်ကောက်ခံပြီး ဒေသတွင်း၌ စီမံခန့်ခွဲပါသည်။ အချို့သော ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးများအနေဖြင့် သဘာဝသယံဇာတနှင့် ဆက်စပ်သော အခကြေးငွေများ သို့မဟုတ် အခွန်များကို ကိုယ်တိုင် သတ်မှတ်ကောက်ခံလျက်ရှိသည်ကိုလည်း တွေ့ရပါသည်။ ၄င်းအား အခန်း ၃ တွင် အသေးစိပ်ဆွေးနွေးသွားပါမည်။[45]

အချို့သော ကုမ္ပဏီများ (အားလုံးကို မဆိုလိုပါ) က လူမှုရေးတာဝန်ခံမှုဆိုင်ရာ အသုံးစရိတ်အချို့ ကျခံသုံးစွဲကြသည်ကိုလည်း တွေ့ရပါသည်။ ဥပမာအားဖြင့် TOTAL ကုမ္ပဏီက ၄င်းတို့အနေဖြင့် တနင်္သာရီတိုင်းဒေသကြီးအနီး ၄င်းတို့၏ လုပ်ငန်းလုပ်ကွက်များရှိရာ ဒေသများတွင် ယင်းအသုံးစရိတ်အဖြစ် အမေရိကန်ဒေါ်လာ ၄သန်းခန့် သုံးစွဲထားခဲ့သည်ဟု ဆိုပါသည်။[46] ဤ လူမှုရေးတာဝန်ခံမှု အသုံးစရိတ်များမှာ ပြည်နယ်နှင့် တိုင်းဒေသကြီး ဘတ်ဂျက်အတွင်းသို့ ရောက်ရှိသည်မဟုတ်ပါ။ မကြာခဏဆိုသလိုပင် ဤကိစ္စတွင် လူမှုရေးတာဝန်ခံမှု အသုံးစရိတ်များ စတင်သုံးစွဲချိန်တွင် အစိုးရ၏ တာဝန်နှင့် ကုမ္ပဏီ၏ စီမံကိန်းအကြား နားလည်မှုလွဲမှားချက်များကို ဦးတည်စေလေ့ရှိကြောင်းတွေ့ရသည်။[47] စစ်ကိုင်းတိုင်းဒေသကြီး မုံရွာအနီးရှိ လက်ပံတောင် ကြေးနီစီမံကိန်းမှာ တပ်မတော်ပိုင်ကုမ္ပဏီဖြစ်သော မြန်မာ့စီးပွားရေးဦးပိုင်ကုမ္ပဏီ လီမိတက်၊ တရုတ်နိုင်ငံမှ ဝမ်ပေါင်ကော်ပိုရေးရှင်းနှင့် သတ္တုတွင်းဝန်ကြီးဌာနတို့ ဖက်စပ်လုပ်ကိုင်ခြင်းဖြစ်ပြီး ကုမ္ပဏီများက လူမှုရေးတာဝန်ခံ အသုံးစရိတ် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁ သန်း သုံးစွဲရန်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး စီမံကိန်းများအတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၂ သန်း သုံးစွဲရန် သဘောတူထားပြီး တူးဖော်ထုတ်ယူမှုလုပ်ငန်းများ ပြန်လည်စတင်နိုင်ပါက ထုတ်လုပ်မှုအမြတ်ငွေ၏ ၂% ကို သုံးစွဲမည်ဟု ဆိုပါသည်။[48] ယင်းအသုံးစရိတ်များအား ဒေသခံရပ်ရွာလူထု၏ ပြင်းထန်စွာ ကန့်ကွက်ဆန္ဒပြမှုများ ပေါ်ပေါက်ပြီး နောက်ပိုင်း ဖွဲ့စည်းခဲ့သည့်သည့် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော စုံစမ်း စစ်ဆေးရေး ကော်မရှင်၏ အစီရင်ခံစာ ထွက်ရှိအပြီးတွင် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ယင်းရန်ပုံငွေမှာ စစ်ကိုင်းတိုင်းဒေသကြီး၏ ဘတ်ဂျက်အစိတ်အပိုင်း ဖြစ်မည် မဟုတ်ပေ။ မည်သို့ အသုံးပြုရန်ဆုံးဖြတ်မည်ကို ကောင်းစွာ မသိရပါ။[49]

၂.၄ ၊ ကဏ္ဍအလိုက် ယေဘူယျတင်ပြခြင်း

သယံဇာတအရင်းအမြစ်များ တူးဖော်ထုတ်ယူခြင်းနှင့် သယံဇာတမှ ဝင်ငွေများအပေါ် စီမံခန့်ခွဲခြင်းအား သယံဇာတအမျိုးအစား အလိုက်၊ သယံဇာတ၏တန်ဖိုးအလိုက် ဝန်ကြီးဌာနအသီးသီးနှင့် အစိုးရအဆင့် အလွှာ အသီးသီး တို့အကြားတွင် ခွဲခြားထားပါသည်။ ယခုအခန်းတွင် ကဏ္ဍအလိုက် ဝင်ငွေစီးဆင်းမှုအပေါ် စီမံကိုင်တွယ်ခြင်းအတွက် ပုံမှန် တာဝန်များနှင့် လုပ်ထုံးလုပ်နည်းများကို တင်ပြထားပါသည်။ သို့တိုင်အောင် အခန်း ၂.၂ တွင် တင်ပြထားခဲ့ပြီးဖြစ်သည့် မသိရသော နယ်ပယ်များ၊ အထူးသဖြင့် တရားမဝင် တူးဖော်ထုတ်ယူမှုများ ရှိနေသည်ကို သိရှိထားရန်လိုပါသည်။ ပိုမိုရှင်းကျယ်ပြန့်သည့် သုတေသနများကို အထောက်အကူပြုရန်

[n] ဤတွင် သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းများလည်း ပါဝင်ပါသည်။

အတွက် အခြေခံ အဖြစ်ရည်ရွယ်ထားသည့်အလျောက် ဤယေဘူယျတင်ပြချက်တွင် ကဏ္ဍလေးခုအား ပြည့်စုံကျယ်ပြန့်စွာ သုံးသပ်ထားခြင်း မဟုတ်ကြောင်း ပြောကြားလိုပါသည်။

သတ္တုတွင်း

ဇယား ၃ ၊ သတ္တုတွင်းကဏ္ဍအနှစ်ချုပ်

သက်ဆိုင်သည့် အဖွဲ့အစည်း	သတ္တုတွင်းဝန်ကြီးဌာန → သတ္တုတွင်းဦးစီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့် ဓါတ်သတ္တုရှာဖွေရေး ဦးစီးဌာန
ဥပဒေ	၁၉၉၄ မြန်မာနိုင်ငံသတ္တုတွင်းဥပဒေ (ယခု လွှတ်တော်တွင် ၄င်းအားပြင်ဆင်သည့် ဥပဒေကို လွှတ်တော်တွင် အတည်ပြုရန် ဆွေးနွေးနေ)၊ ၁၉၉၆ မြန်မာနိုင်ငံ သတ္တုတွင်း နည်းဥပဒေ၊ ၁၉၉၅ မြန်မာနိုင်ငံကျောက်မျက်ရတနာ ဥပဒေ၊ ၁၉၉၅ မြန်မာနိုင်ငံ ပုလဲလုပ်ငန်း ဥပဒေ၊ ၁၉၉၂ မြန်မာနိုင်ငံ ဆားလုပ်ငန်း ဥပဒေ
နိုင်ငံပိုင် စီးပွားရေး အဖွဲ့ကအစည်းများ	အမှတ် ၁ သတ္တုတွင်းလုပ်ငန်း - ခဲ၊ သွပ်၊ ဂွေ၊ ကြေးနီ၊ သံ၊ ခနောက်စိမ်း၊ နီကယ်၊ ခရိုမိုက် အမှတ် ၂ သတ္တုတွင်းလုပ်ငန်း - ရွှေ၊ ခဲမဖြူ၊ အဖြိုက်နက်၊ ရှားပါးသတ္တု၊ တိုက်တေနီယမ်၊ ပလက်တီနမ် အမှတ် ၃ သတ္တုတွင်းလုပ်ငန်း - ကျောက်မီးသွေး၊ ထုံးကျောက်၊ စက်မှုတွင်းထွက်ကုန်ကြမ်း၊ မင်းဂနီစ်၊ အလှဆင်ကျောက်
	မြန်မာ့ကျောက်မျက်ရောင်းဝယ်ရေးလုပ်ငန်း မြန်မာ့ ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း (မြန်မာ့ ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေး - ယခု ပြည်နယ်/ တိုင်းဒေသကြီးများအောက်သို့ ရောက်ရှိပြီး)
ဓါတ်သတ္တုခွန်များ (Royalties)[0]	သံသတ္တုများ - ၃ - ၄ % အဖိုးတန် သံသတ္တုများ - ၄-၅ % စက်မှုတွင်းထွက်များ (ကျောက်မီးသွေးအပါအဝင်) - ၁ - ၃% ပတ္တမြား၊ နီလာ၊ ကျောက်စိမ်း နှင့် စိန် - ၂၀% အခြားကျောက်မျက်များ - ၁၀%
ကုန်သွယ် လုပ်ငန်းခွန်	*ပြည်တွင်းတွင် ရောင်းချခြင်း -* ဓာတ်သတ္တုအများစု - အရောင်းတန်ဖိုး၏ ၅ % ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန် နှင့် အခြား အဖိုးတန်ကျောက်မျက်များ (မသွေးမီ) - အရောင်းတန်ဖိုး၏ ၃၀ % လက်ဝတ်ရတနာများ - အရောင်းတန်ဖိုး၏ ၁၅ % *ပြည်ပသို့တင်ပို့ခြင်း* ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ စသဖြင့် - ၃၀ % ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ စသည်တို့မှ ပြုလုပ်ထားသော လက်ဝတ်ရတနာ - ၁၀ %

သတ္တုတွင်း လုပ်ကွက်များမှာ မြန်မာနိုင်ငံ ပြည်နယ်/တိုင်းဒေသကြီး အများအပြားတွင် တည်ရှိနေပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးမှ အကြီးစားသတ္တုတွင်းများဖြစ်သည့် လက်ပံတောင်း ကြေးနီစီမံကိန်း၊ မန္တလေးတိုင်းဒေသကြီးမှ မိုးကုတ် ရတနာမြေ၊ ကချင်ပြည်နယ် ဖားကန့်၊ ကျောက်စိမ်းတွင်းများ စသည်တို့ကို အဓိက လူသိများသော်လည်း၊ အသေးစား သတ္တုတူးဖော်မှုများမှာ နိုင်ငံအနှံ့ များပြားစွာ တည်ရှိနေပြီး၊ ၄င်းတို့၏ ပတ်ဝန်းကျင်နှင့် လူမှုရေး၊ စီးပွားရေးအရ ထိခိုက် သက်ရောက်မှုများမှာ သိသာထင်ရှားပါသည်။ အချို့က သတ္တုတွင်းကဏ္ဍ၌ တရားမဝင်တူးဖော်ထုတ်ယူမှုများသည် တရားဝင်လမ်းကြောင်းထက် သာလွန်များပြားလျက်ရှိပြီး အထူးသဖြင့် ကျောက်စိမ်းဈေးကွက်တန်ဖိုးမှာ ထုတ်ပြန်နိုင်သော ကိန်းဂဏန်းများထက် များစွာပိုမိုကြီးမားသည်ဟု ခန့်မှန်းကြသည်။[50]

သတ္တုတွင်းဝန်ကြီးဌာနတွင် ဌာနများအနေဖြင့် သတ္တုတွင်းဦးစီးဌာနနှင့် ဘူမိဗေဒလေ့လာရေးနှင့် ဓါတ်သတ္တု ရှာဖွေရေးဦးစီးဌာနတို့ ပါဝင်ပါသည်။ သတ္တုတွင်းဦးစီးဌာနသည် သတ္တုတွင်းဝန်ကြီးဌာန၏ သတ္တုတွင်းလုပ်ငန်းများကို ကြီးကြပ်ပြီး သဘာဝ ပတ်ဝန်းကျင် ရေးရာ ကိစ္စရပ်များကိုလည်း ကိုင်တွယ်ပါသည်။[51] ဘူမိဗေဒလေ့လာရေးနှင့် ဓါတ်သတ္တု ရှာဖွေရေးဦးစီးဌာနမှာ ကျောက်မီးသွေး အပါအဝင် ဓါတ်သတ္တုသယံဇာတများ တိုင်းတာ၊ စမ်းသပ်၊ ရှာဖွေခြင်း လုပ်ငန်းများကို အဓိက ဆောင်ရွက်ပါသည်။[52]

[0] Royalty ကို ရောင်းချသည့် ဓါတ်သတ္တုတန်ဖိုးအပေါ်တွင် စည်းကြပ်ခြင်းဖြစ်ပြီး ၁၉၉၄ ဥပဒေအရသတ်မှတ်ထားခြင်းဖြစ်သည်။ ကျောက်မျက်ရတနာများအတွက်မူ ရတနာခွန် (royalty) နှင့် ကုန်သွယ်လုပ်ငန်းခွန်တို့ကို တပေါင်းတည်းကောက်ခံသည့် သဘောရှိသည်။

ထို့အပြင် သတ္တုတွင်းကဏ္ဍတွင် အဓိက ပါဝင်လုပ်ကိုင်သည့် နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်း ၆ ခု ရှိပါသည်။ အမှတ် ၁၊၂၊ ၃ သတ္တုတွင်းလုပ်ငန်းများ သည် သတ်မှတ်ပေးထားသည့် သယံဇာတအမျိုးအစားအပေါ်တွင် အဓိက ကြီးကြပ်ဆောင်ရွက်သည် (အပေါ်တွင်ကြည့်ပါ)။ ၄င်းတို့အနေဖြင့် ယခင်က သတ္တုတွင်းများကို ကိုယ်တိုင် တူးဖော်ထုတ်လုပ်ခဲ့သော်လည်း (ယခုအချိန်တွင်လည်း အချို့သော ဓါတ်သတ္တု ဆင့်တက်ပြုပြင်မှုများကို ဆက်လက်လုပ်ကိုင်နေဆဲ ဖြစ်သော်လည်း) မြန်မာနိုင်ငံ၏ စီးပွားရေးစနစ် ပြင်ဆင်တည်ဆောက်သည့် ဖြစ်စဉ်အတွင်းတွင် ကိုယ်တိုင် တူးဖော်လုပ်ကိုင် ပါဝင်ခြင်းများကို ရပ်နားသွားဖွယ် ရှိသည်ဟု ယူဆရသည်။[53] မြန်မာ့ ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းသည် ပုလဲ မွေးမြူထုတ်လုပ်ခြင်းကို ကိုယ်တိုင်ရော၊ နိုင်ငံခြား၊ ပြည်တွင်းရင်းနှီးမြှုပ်နှံသူများနှင့် ပူးပေါင်းပါဝင်ခြင်းဖြင့်ပါ ဆောင်ရွက်သည်။ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း မှာ အဓိကအားဖြင့် မြန်မာနိုင်ငံ၏ ပတ္တမြား၊ ကျောက်စိမ်း၊ နီလာ စသည့် အဖိုးတန် ကျောက်မျက်များ ကုန်သွယ်ရောင်းဝယ်မှုကို အဓိက ကြီးကြပ်ပါသည်။ မြန်မာ့ဆားနှင့် အဏ္ဏဝါဓါတုဗေဒ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှာ ပြည်နယ်နှင့် တိုင်းဒေသကြီး အုပ်ချုပ်မှုအောက်သို့ လွှဲပြောင်းပေးပြီးဖြစ်သည်။

ဓါတ်သတ္တုများ

ဓါတ်သတ္တုများတူးဖော်ရာတွင် ကျောက်မီးသွေး[p]၊ ကြေးနီ၊ ခဲ၊ နီကယ်၊ ခဲမဖြူ၊ ခနောက်စိမ်း၊ သံ နှင့် အထူးသဖြင့် ရွှေ သည်၄င်း၏ ဒေသအပေါ် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေး သက်ရောက်မှုအရ၊ ထို့အပြင် ဤကဏ္ဍအတွင်း မြန်ဆန်ကျယ်ပြန့်စွာ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်လာမှုများကြောင့် ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်ဒေသကြီးအစိုးရများအတွက် အလေးထားစရာ ဖြစ်ပါသည်။ ၁၉၉၄ မြန်မာ့သတ္တုတွင်းဥပဒေအရ ဓါတ်သတ္တုတူးဖော်ထုတ်ယူမှုဆိုင်ရာ ပါမစ်များအားလုံးကို သတ္တုတွင်းဝန်ကြီးဌာနက ထိန်းချုပ်ပါသည်။ မြန်မာ့ သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ယခု လွှတ်တော်တွင် ဆွေးနွေးနေကြပြီဖြစ်သည်။[54]

လက်ရှိသတ္တုတွင်း ဥပဒေတွင် သတ္တုတူးဖော်မှု လုပ်ငန်းများအား အကြီးစားနှင့် အသေးစားဟူ၍ အမျိုးအစား ခွဲခြားထားသည်။ သတ္တုတွင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာတွင် ပြင်ဆင်မည့် ဥပဒေကြမ်းတွင် အလတ်စား သတ္တုတူးဖော်မှု လုပ်ငန်းများ ဟူသည့် အမျိုးအစားကို ထပ်မံထည့်သွင်းထားပြီး၊ အသေးစားနှင့် လက်လုပ်လက်စားအဆင့်များ အတွက် ပါမစ်များ ချထားခွင့်ကို ပြည်နယ်/တိုင်းဒေသကြီးအစိုးရသို့ လွှဲပြောင်းပေးအပ်ရန် နှင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုအား ပိုမို တွန်းအားပေးနိုင်စေရန် ရည်ရွယ်ထားကြောင်း ပြောဆိုခဲ့ကြသည်။ ယခုစာတမ်းရေးသားနေချိန်တွင် အဆိုပါပြင်ဆင်သည့် ဥပဒေမှာ ထွက်ပေါ်လာခြင်း မရှိသေးပေ။

အကြီးစားသတ္တုတွင်းများကို ဝန်ကြီးဌာန၏ သက်ဆိုင်ရာသတ္တုတွင်းလုပ်ငန်းနှင့် ပုဂ္ဂလိက သတ္တုတူးဖော်ရေးကုမ္ပဏီတို့အကြား ဖက်စပ် သို့မဟုတ် ထုတ်လုပ်မှုအပေါ်ခွဲဝေသည့်စာချုပ် (production-sharing contracts) ဖြင့်လုပ်ကိုင် ကြလေ့ရှိပါသည်။ အာရှဖွံ့ဖြိုးရေးဘဏ်၏ စွမ်းအင်ကဏ္ဍကနဦးလေ့လာဆန်းစစ်ချက်အရ ကျောက်မီးသွေး လုပ်ငန်းတွင် ယင်း PSC ပုံစံအရ အမြတ်၏ ၃၀ % ကို အစိုးရက ရရှိပြီး ၇၀% ကို ပုဂ္ဂလိကကန်ထရိုက်တာမှ ရရှိပါသည်။[55]

အသေးစားသတ္တုတွင်းကုမ္ပဏီများအနေဖြင့် ခွင့်ပြုမိန့်၊ လိုင်စင်ရရှိရန် သတ္တုတွင်းဝန်ကြီးဌာနသို့ လျှောက်ထား၍ ငွေပေးသွင်းရပါသည်။ ပုံမှန်အားဖြင့် သတ္တုတူးဖော်မှုလုပ်ငန်းတစ်ခု မစတင်မီ သတ္တုတွင်းဝန်ကြီးဌာနက လျှောက်လွှာကြေး (application fees)[56] နှင့် လုပ်ကိုင်မည့် မြေဧကအပေါ်မူတည်၍ ကောက်ခံသောမြေငှားရမ်းခ (dead rent) များကို ကောက်ခံပါသည်။[57] သတ္တုတွင်းဝန်ကြီးဌာနမှ အရာရှိများဖြင့် တွေ့ဆုံမေးမြန်းရာတွင် အခွန်၊ အခများအားလုံးကို သက်ဆိုင်သည့် လုပ်ငန်းဌာနများက ကောက်ယူပြီး နောက် သတ္တုတွင်းဝန်ကြီးဌာနမှ ဘဏ္ဍာရေးဝန်ကြီးဌာန၏ ငွေစာရင်းသို့ ရရှိလျှင်ရရှိသလို ပေးသွင်းသည်ဟု သိရပါသည်။

---

[p] ကျောက်မီးသွေးကို ၁၉၉၄ သတ္တုတွင်းဥပဒေတွင် ထည့်သွင်းထားပြီး သတ္တုတွင်းလုပ်ငန်း အမှတ် ၃ ၏ ထိန်းချုပ်မှုအောက်တွင်ရှိပါသည်။ ၄င်းအတွက် Royalty မှာ စက်မှုကုန်ကြမ်းသတ္တုအဖြစ်သတ်မှတ်ပြီး ၃% ကောက်ခံသည်။ Asian Development Bank ၏ လေ့လာချက်တွင် ကျောက်မီးသွေးတွင်း ၃၃ တွင် အရည်အသွေးအမျိုးမျိုးဖြင့် ကျောက်မီးသွေးပမာဏ တန်ချိန်သန်းပေါင်း ၄၈၈.၇ ခန့် ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။ သို့သော်လည်း ၁ %ခန့်ကိုသာ စမ်းသပ်တိုင်းတာပြီးထားကြောင်း သိရသည်။ ကျောက်မီးသွေးကြောများကို စစ်ကိုင်းတိုင်း ချင်းတွင်းမြစ်ဝှမ်းတွင် အဓိကတည်ရှိပြီး၊ ရှမ်း၊ တနင်္သာရီ၊ မကွေး နှင့် ဧရာဝတီ တို့တွင်လည်း တည်ရှိပါသည်။ ပုဂ္ဂလိကကုမ္ပဏီ ၅၇ ခုနှင့် အစိုးရမှ တစ်နေ့လျှင် ၇၀၀ ၀၀၀ မ၈်ထရစ်တန် ထုတ်လုပ်လျက်ရှိသည်။ ကျောက်မီးသွေးသုံး လျှပ်စစ်ဓါတ်အားပေး စက်ရုံများကို အမှတ် ၁ လျှပ်စစ်စွမ်းအားပန်ကြီးဌာနက ကိုင်တွယ်ပါသည်။ (Asian Development Bank 2013, 'New Energy Architecture').

Royalty များကို ဈယား ၄တွင် ဖော်ပြထားသည့် နှုန်းထားအတိုင်း ကောက်ခံပါသည်။ ၄င်းတို့ကို ရောင်းချသည့် ဓါတ်သတ္တု၏ တန်ဖိုးအပေါ်တွင် ပေးဆောင်ရပါသည်။ ၁၉၉၄ သတ္တုတွင်းဥပဒေတွင် မည်မျှသော ပမာဏ သို့မဟုတ် တန်ဖိုး ဆိုသည်ကို တိုင်းတာ သတ်မှတ်ပေးထားခြင်းမရှိပါ။ ထို့အပြင် သတ္တုတွင်းလုပ်ငန်းအတွက် ပေးဆောင်မှုအချို့မှာ ဓါတ်သတ္တုပစ္စည်း (in-kind) ဖြင့် ပေးဆောင်ရပြီး၊ အများအားဖြင့် ထုတ်လုပ်မှု မစတင်မီ ကြိုတင်ပေးဆောင်ရခြင်းဖြစ်သည်။ အထူးသဖြင့် ရွှေတူးဖော်မှု လုပ်ငန်းများတွင် ရွှေ ကို ပေးသွင်းရပါသည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန[q] ကလည်း သတ္တုခွန်ဟု ခေါ်ဆိုသော အခွန်အချို့ကို ကောက်ခံပါသည်။ သို့သော်လည်း တန်ဖိုးနည်းသည့် ဓါတ်သတ္တုများ အပေါ်တွင်သာ ကောက်ခံခြင်းဖြစ်ပါသည်။[58] ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများ ပေါ်ပေါက်လာချိန်တွင် ဤကဲ့သို့သော အခွန်အချို့မှာ ပြည်နယ်/တိုင်းဒေသကြီး ရန်ပုံငွေအတွင်းသို့ ရောက်ရှိပါသည်။ သတ္တုတူးဖော်မှု ကုမ္ပဏီများအနေဖြင့် အခြားသော လုပ်ငန်းများကဲ့သို့ပင် မြေယာခွန်၊ အမြတ်ခွန် နှင့် ဝန်ထမ်းများအတွက် ဝင်ငွေခွန်များကိုလည်း ပေးဆောင်ရပါသည်။ မြေယာခွန်ကို မြို့နယ်ထွေအုပ်ရုံးမှ ကောက်ခံပြီး၊ ပြည်နယ်/တိုင်းဒေသကြီး ရန်ပုံငွေသို့ ပေးသွင်းပါသည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အဆင့်မြင့်အရာရှိတစ်ဦးကို တွေ့ဆုံမေးမြန်းရာတွင် ယင်းမြေယာခွန်အား မြေတစ်ဧကလျှင် ကျပ်ငွေ အနည်းငယ်သာ ကောက်ခံနိုင်ပြီး အများအားဖြင့် သတ္တုတွင်းလုပ်ကွက်များအပေါ် ကောက်ခံနိုင်ခြင်း မရှိကြောင်း သိရှိရပါသည်။[59] နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်အနေဖြင့် သယံဇာတကဏ္ဍ အပါအဝင် ရင်းနှီးမြှုပ်နှံမှု အသစ်များအပေါ် အခွန်ကင်းလွတ်ခွင့် ကာလများ (tax holidays) ပေးအပ်နိုင်ပါသည်။[60] တွေ့ဆုံမေးမြန်းခွင့်ရခဲ့သော သတ္တုတွင်းလုပ်ငန်းရှင်များက ၄င်းတို့သည်လည်း အခွန်ကင်းလွတ်ခွင့်ရရှိထားကြောင်း ပြောပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့် ပေးခြင်းမှာ ဖြစ်ရပ်တစ်ခုခြင်း အပေါ်မူတည်ပါသည်။

ကျောက်မျက်ရတနာများ

ကျောက်မျက်ရတနာများကို ၁၉၉၅ ကျောက်မျက်ရတနာဥပဒေဖြင့် သီးခြားသတ်မှတ်ပြဋ္ဌာန်းထားပြီး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (Myanmar Gems Enterprise) က စီမံခန့်ခွဲပါသည်။ မြန်မာ့ကျောက်မျက်ရတနာဥပဒေကိုလည်း ပြန်လည်ပြင်ဆင်ရေးဆွဲလျက်ရှိကြောင်း သိရပါသည်။ ကျောက်မျက်ဥပဒေတွင် ရတနာခွန် (royalties) များကို တန်ဖိုးဖြတ်အဖွဲ့မှ တန်ဖိုးဖြတ်သည့် အပေါ် အခြေခံ၍ ကောက်ခံပါသည်။ ပတ္တမြား၊ နီလာ၊ ကျောက်စိမ်းနှင့် စိန် များကို ၂၀%၊ အခြားကျောက်မျက်များကို ၁၀% ကောက်ခံပါသည်။[61] တန်ဖိုးဖြတ်အဖွဲ့ကို သတ္တုတွင်းဝန်ကြီးဌာနကဖွဲ့စည်းပေးပါသည်။ ဤဥပဒေအရ ကုမ္ပဏီတစ်ခု သည် ကျောက်မျက်အရိုင်းအတိုင်း နိုင်ငံခြားငွေဖြင့် ပထမဆုံးအကြိမ်စတင်ရောင်းချပါက၊ ၄င်း အရောင်းတန်ဖိုး၏ ၁၀% ကို ရတနာခွန် (royalty) အဖြစ်ပေးဆောင်ရသည်။

တန်ဖိုးမြင့် ကျောက်မျက်များအားလုံးနှင့် ကျောက်စိမ်းတွဲများအားလုံးကို ၂၀၀၆ ခုနှစ်မှစ၍ နေပြည်တော်ရှိ မြန်မာ့ ကျောက်မျက်နှင့် ကျောက်စိမ်း ပြပွဲတွင် တစ်နှစ်သုံးကြိမ် ရောင်းချပါသည်။ ပြပွဲတွင် ရောင်းချပြီးသော ကျောက်မျက်များအပေါ် MGE က ၁၀% အခွန်ကောက်ခံပါသည်။

၁၉၉၅ ကျောက်မျက်ရတနာဥပဒေမှ[r] ပုဒ်မတစ်ခုတွင် ထိုသို့ရတနာခွန် (royalties) များ ပေးဆောင်ပြီးပါက ယင်းကျောက်မျက်ရတနာ ရောင်းချ ခြင်းနှင့် စပ်လျဉ်း၍ အခြားတည်ဆဲဥပဒေများအရ အခွန်ပေးဆောင်ခြင်းမှ ကင်းလွတ်စေရမည်ဟု ဖော်ပြထားရာ ယင်းမှာ အခြားသော ကုန်သွယ်လုပ်ငန်းခွန်နှင့် အမြတ်ခွန်ပါ အကျုံးဝင်နေသည့် သဘောဖြစ်နေပါသည်။[62] သို့သော်လည်း

[q] မကြာခင်ထွက်ရှိမည့် *The General Administration Department: An overview of the administrative backbone of Myanmar*, M. Arnold and Kyi Pyar Chit Saw စာတမ်းကိုကြည့်ပါ။ ထိုစာတမ်းပါ ဖော်ပြချက်အရ ၂၀၁၀ ခုနှစ်တွင် လမ်းခင်းကျောက်၊ ထုံးကျောက်၊ မာဘယ်ကျောက်၊ ဂေါဒန်ကျောက်၊ ရှိုးစေးနှင့် သတ္တုတွင်းဥပဒေတွင်မပါသည့် အခြား ဓါတ်သတ္တုများအပေါ်ကောက်ခံခြင်းဖြစ်သည်။ ကောက်ခံရာ၌ ဥပမာရွှံ့စေးထုတ်လုပ်မှု၌ စက်ရုံအလိုက် သို့မဟုတ် မြေကေအလိုက် ကောက်ခံသည်များရှိသလို မာဘယ်ကျောက်ကဲ့သို့သော ထုတ်လုပ်မှုတွင်မူ ကုဗပေ ၁၀၀ လျှင် ကျပ်ငွေအချို့ ကောက်ခံခြင်းဖြစ်သည်။ (Ne Tun 2010)

[r] ၁၉၉၅ မြန်မာ့ကျောက်ရတနာဥပဒေအရတွင် 'ကျောက်မျက်ရတနာဆိုသည်မှာ ပတ္တမြား၊နီလာ၊ ကျောက်စိမ်း၊ စိန်၊ ပန်းညှံ့၊ ပြောင်ခေါင်းစိမ်း၊ သုံးပန်လှမျိုးကျောက်၊ ဖရဲအူ၊ ရွှေတွင်းဝါ၊ မြမျိုးကျောက်၊ ဂေါ်မိတ်၊ ထပ်တစ်ရာ၊ စလင်းတူကျောက်၊ ဥဒေါင်၊ မျော၊ အညှံ့နီလာ၊ နဂါးသွဲ့၊ ကျန်စစ်ရေကျောက်၊ ပါလဒုတ္တာ၊ မြတူကျောက်၊ ပယင်း၊ ပုဂလဲပြာ သို့မဟုတ် နက်ဖရိုက်ကို ဆိုသည်။ ယင်းစကားရပ်တွင် စလင်းအုပ်စု၌ပါဝင်သော ရတနာတန်းဝင်ကျောက်များလည်း ပါဝင်သည်။ ထို့ပြင် သတ္တတွင်းပန်ကြီးဌာနက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ကျောက်မျက်ရတနာဟု သတ်မှတ်သည့် ပစ္စည်းများလည်း ပါဝင်သည်' ဟုဖော်ပြထားသည်။

ယင်းပုဒ်မမှာ ၂၀၁၄ ခုနှစ် ပြည်ထောင်စု အခွန်အကောက်ဥပဒေ တွင် ပါရှိသည့်လက်ဝတ်ရတနာ၊ ကျောက်မျက်နှင့် ကျောက်စိမ်းတို့အပေါ် ကောက်ခံရမည့် အခွန်များ စသည့် ပြဋ္ဌာန်းချက်ဖြင့် ကိုက်ညီတော့ခြင်း မရှိသောကြောင့် ပြင်ဆင်ရမည့် အနေအထားတွင်ရှိပါသည်။

၂၀၁၄ခုနှစ် ပြည်ထောင်စု အခွန်အကောက် ဥပဒေတွင် ကျောက်မျက်ရတနာနှင့် ကျောက်စိမ်းတို့ကို အထူးကုန်စည်များအဖြစ် ထည့်သွင်း သတ်မှတ်ထားပြီး ပြည်ပတင်ပို့မှုအတွက် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရပါမည်။ ၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန် နှင့် အခြား အဖိုးတန် ကျောက်မျက်ရတနာများ (မသွေးရသေးသော) အတွက် အရောင်းတန်ဖိုး၏ ၃၀% အား အခွန်ကောက်ခံသွားမည် ဖြစ်ပြီး၊ သွေးထားပြီးသော အဖိုးတန် ကျောက်မျက်များအတွက် ၁၅% ကောက်ခံသွားမည် ဖြစ်သည်။[63] ယင်းကျောက်မျက်အရိုင်းများ ပြည်ပတင်ပို့မှုကို ၃၀% အခွန်ကောက်ခံမည်ဖြစ်ပြီး၊ ဖြတ်တောက်သွေးပြီး ကျောက်မျက်များကိုမူ ၁၀% အခွန်ကောက်ခံမည် ဖြစ်သည်။ ဤသို့ ပြည်ပသို့ တင်ပို့မှုအပေါ် အခွန်ကောက်ခံခြင်းအား ပို့ကုန်ဝင်ငွေ အဖြစ်စုစည်းပြီး ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များ ဦးစီးဌာနသို့ ပေးသွင်းသည်။[64]

ရေနံနှင့် သဘာဝဓါတ်ငွေ့

ဇယား ၄ ၊ ရေနံနှင့် သဘာဝဓါတ်ငွေ့ကဏ္ဍ အနှစ်ချုပ်

သက်ဆိုင်သည့် အဖွဲ့အစည်း	စွမ်းအင်ဝန်ကြီးဌာန → စွမ်းအင်စီမံရေးဦးစီးဌာန
ဥပဒေ	ချုပ်ဆိုသည့်စာချုပ် (contracts) များက အဓိက အုပ်ချုပ်သည်။ အောက်ပါ ဥပဒေများကို လက်တွေ့တွင် မကျင့်သုံးတော့ပါ - ၁၉၁၈ ရေနံမြေ အက်ဥပဒေ ၁၉၁၈ ရေနံမြေ နည်းဥပဒေ ၁၉၁၈ ရေနံမြေ အက်ဥပဒေအောက်မှ အမိန့်ကြေငြာချက်များ ၁၉၃၄ ရေနံထွက်ပစ္စည်း အက်ဥပဒေ ၁၉၃၄ ရေနံထွက်ပစ္စည်း နည်းဥပဒေ[65]
နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းများ	မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်း (MOGE) - ရေနံနှင့် သဘာဝဓါတ်ငွေ့များ ရှာဖွေခြင်းနှင့် ထုတ်လုပ်ခြင်း၊ ရေနံစိမ်းနှင့် သဘာဝဓါတ်ငွေ့များ သယ်ယူပို့ဆောင်ခြင်း မြန်မာ့ရေနံဓါတုဗေဒလုပ်ငန်း (MPE) - ရေနံချက်စက်ရုံ ၃ ရုံ၊ ဓါတ်မြေသြဇာစက်ရုံ ၅ ရုံ၊ ရေနံဓါတ်ငွေ့ရည် စက်ရုံ ၃ရုံ၊ မက်သနောစက်ရုံ ၁ ရုံနှင့် ကာဘွန်ဒိုင်အောက်ဆိုဒ် စက်ရုံ ၁ ရုံ တို့အား လည်ပတ်ခြင်း မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း (MPPE) - ရေနံထွက်ပစ္စည်းများ ဈေးကွက်ရှာဖွေခြင်းနှင့် ဖြန့်ဖြူးခြင်း
Royalty	စာချုပ် (contract) အမျိုးအစားအပေါ်မူတည်ပါသည်။ အောက်တွင်ကြည့်ပါ
ကုန်သွယ် လုပ်ငန်းခွန်	ရေနံစိမ်းအတွက် ၅% သဘာဝဓါတ်ငွေ့အတွက် ၈% အခြားပြည်ပတင်ပို့မှုများ - ရေနံစိမ်း ၅%၊ သဘာဝဓါတ်ငွေ့ ၅%

လက်ရှိတွင် ကုန်းတွင်းလုပ်ကွက် (on shore blocks) ၁၇ကွက်တွင် နိုင်ငံခြားကုမ္ပဏီ ၁၆ ခု ပါဝင်လုပ်ကိုင်နေပြီး၊ ကမ်းလွန်လုပ်ကွက် (offshore blocks) ၂၀ တွင် နိုင်ငံခြားကုမ္ပဏီ ၁၅ ခုမှ စမ်းသပ်ရှာဖွေမှုနှင့် ထုတ်လုပ်မှုများကို လုပ်ကိုင်လျက်ရှိသည်။[66] မြန်မာနိုင်ငံသည် မတ်လ ၂၀၁၄တွင် ရေနံနှင့် သဘာဝဓါတ်ငွေ့စမ်းသပ်ရှာဖွေမှုများအတွက် ရေတိမ်လုပ်ကွက် ၁၀ ကွက်နှင့် ရေနက်လုပ်ကွက် ၁၀ ကွက် အိတ်ဖွင့် တင်ဒါခေါ်ယူ ပေးအပ်ခဲ့သည်။[67] စမ်းသပ်တိုင်းတာပြီး သဘာဝဓါတ်ငွေ့မှာ ၂၀.၁၁ ထရီလီယံ ကုဗပေခန့်ရှိပြီး ရှာဖွေမှုအရများပြားစွာတွေ့ရှိနိုင်သည့် အလားအလာများလည်း ရှိသည်ဟု သိရသည်။[68] အဓိက ကမ်းလွန်စီမံကိန်းများမှာ ရတနာ၊ ရဲတံခွန်၊ ဇေတိက နှင့် ရွှေ သဘာဝဓါတ်ငွေ့ လုပ်ကွက်များဖြစ်ပြီး အခြား ကုန်းတွင်း သဘာဝဓါတ်ငွေ့လုပ်ငန်းလုပ်ကွက် ၆၅ ခုလည်း ရှိပါသည်။ ဓါတ်ငွေ့ပိုက်လိုင်းများအနေဖြင့် ရွှေ ဓါတ်ငွေ့ ပိုက်လိုင်းမှာ တရုတ်နိုင်ငံဆီသို့ သွယ်တန်းထားပြီး၊ ရတနာနှင့် ရဲတံခွန်ပိုက်လိုင်းများမှာ ထိုင်းနိုင်ငံသို့ သွယ်တန်းထားသည်။[69]

ပုံညွှန်း ၄ ၊ သဘာဝဓါတ်ငွေ့ တုတ်လုပ်မှု ၊ ၂၀၁၂-၂၀၁၃



ရင်းမြစ် - Central Statistical Office, 'Selected Monthly Economic Indicators'

ပုံညွှန်း ၅ ၊ ရေနံစိမ်း တုတ်လုပ်မှု ၊ ၂၀၁၂-၂၀၁၃



ရင်းမြစ် - Central Statistical Office, 'Selected Monthly Economic Indicators'

ရေနံနှင့် သဘာဝဓါတ်ငွေ့ မှရငွေများသည် မြန်မာနိုင်ငံ ဘတ်ဂျက်အတွင်းသို့ တိုက်ရိုက်နှင့် သွယ်ဝိုက်လမ်းကြောင်းများ (အခွန်နှင့် အခွန်မဟုတ်သောရငွေများ)မှ ဝင်ရောက်ပါသည်။ ရေနံထက် သဘာဝဓါတ်ငွေ့မှ ပိုမိုရရှိပါသည်။ ၂၀၁၂-၁၃ ခုနှစ်တွင် ထိုင်းနိုင်ငံသို့ သဘာဝဓါတ်ငွေ့ တစ်မျိုးတည်း တင်ပို့ရောင်းချမှုမှ အမေရိကန်ဒေါ်လာ ၃.၅ ဘီလီယံ ရရှိပြီး၊ နိုင်ငံ၏တင်ပို့မှုစုစုပေါင်း၏ ၃၀% ရှိပါသည်။[70]

ရေနံနှင့် သဘာဝဓါတ်ငွေ့ကုမ္ပဏီများအားလုံးသည် နိုင်ငံပိုင် MOGE ဖြင့် ဖက်စပ်လုပ်ကိုင်ကြပြီး အများစုမှာ ထုတ်လုပ်မှုအပေါ် ခွဲဝေမှု စာချုပ် (production-sharing contract)ဖြင့် လုပ်ကိုင်နေကြခြင်းဖြစ်သည်။[s] မြန်မာနိုင်ငံတွင် ရေနံချက်စက်ရုံ ၃ ရုံရှိပြီး၊ မြန်မာ့ရေနံဓါတုဗေဒလုပ်ငန်း (MPE) က လည်ပတ်ဆောင်ရွက်ပါသည်။ MOGE ဘဏ္ဍာရေးဌာနမှ အရာရှိများဖြင့် တွေ့ဆုံမေးမြန်းရာတွင် စာချုပ် (contract) များမှာ ကွဲပြားမှုရှိကြောင်း ပြောသည်။ သို့သော် MOGE သည် ပုံမှန်အားဖြင့် ပါဝင်မှု အတွက် ၁၅% မှ ၂၀% အကြား ရရှိကြောင်းသိရသည်။[71] MOGE မှ ထုတ်ပြန်ထားသည့် ရေနံအတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေမှု စာချုပ် (production sharing contract) များအရ အစိုးရသည် ကန်ထရိုက်တာလုပ်ငန်း (contactor) ထံမှ -

- ရရှိသည့် ရေနံထွက်ပစ္စည်းအတွက် royalty ၁၂.၅%
- အသားတင် အမြတ်အစွန်းမှ ၀င်ငွေခွန် ၂၅%
- (ပြည်တွင်းလိုအပ်ချက်အတွက် ဈေးကွက်ပေါက်ဈေး၏ ၉၀%တွင်ရောင်းချသော) ရေနံထွက်ပစ္စည်းအတွက် ကန်ထရိုက်တာ၏ အမြတ်ငွေခွဲတမ်းအဖြစ် ၂၀% တို့ အသီးသီးရရှိပါသည်။[t]

ထို့အပြင် စာချုပ်ပါ အသေးစိပ်အချက်အလက်များနှင့် အလုပ်အစီအစဉ် အပေါ်မူတည်၍ အစိုးရသည် လက်မှတ်ရေးထိုးမှုနှင့် ထုတ်လုပ်မှု အပိုဆောင်းရငွေများ (signing and production bonuses)၊ သတ်မှတ်ခံစားခွင့်များ(entitlements)၊ ခွဲတမ်းချပေးမှုများ (allocations of shares)၊ သယ်ယူပို့ဆောင်စရိတ်များ၊ သင်တန်းနှင့် ပညာရေးရန်ပုံငွေများကိုလည်း ရရှိပါသည်။ Royalty နှင့် လက်မှတ်ရေးထိုးမှု အပိုဆောင်းရငွေများကို စွမ်းအင်စီမံရေးဦးစီးဌာနသို့ ပေးသွင်းရပြီး MOGE မှ ထုတ်လုပ်မှုအပိုဆောင်းရငွေနှင့် ၁၅-၂၀% ခွဲတမ်းကို ကောက်ခံပါသည်။

MOGE ဘဏ္ဍာရေးဌာနမှ အရာရှိများဖြင့် တွေ့ဆုံးမေးမြန်းရာတွင် ငွေပေးသွင်းမှုများကို လုပ်ငန်းဆောင်ရွက်သူများမှ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် ဖြင့် ချိတ်ဆက်ထားသည့် နိုင်ငံခြားမှသက်ဆိုင်ရာဘဏ်တစ်ခု၌ MOGE၏ ငွေစာရင်းသို့ ပေးသွင်းရကြောင်းသိရသည်။ Royalties များကို နိုင်ငံခြားကုန်သွယ်မှုဘဏ်မှတဆင့် ပြည်တွင်းအခွန်ဦးစီးဌာနသို့ တိုက်ရိုက် ငွေပေးချေမှုအဖြစ် (direct payment order) လစဉ်လွှဲပြောင်းပေးသည်။ ကုမ္ပဏီများသည် ဝင်ငွေခွန် ၂၅%အား သယံဇာတထုတ်ယူသည့် နေရာဒေသတွင်မဟုတ်ဘဲ ကုမ္ပဏီအခြေစိုက်ရာ နေရာတွင်ရှိသည့် ပြည်တွင်းအခွန်များဦးစီးဌာနသို့ တိုက်ရိုက် ပေးဆောင်သည် (ဥပမာ TOTAL ကုမ္ပဏီသည် ရန်ကုန်တွင် TOTAL Myanmar အဖြစ် မှတ်ပုံတင်ထားသည်)။[u72] နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ အရ ရေနံနှင့် သဘာဝဓါတ်ငွေ့ လုပ်ငန်းများ အပါအဝင် ရင်းနှီးမြှုပ်နှံမှုများအား အခွန်ကင်းလွတ်ခွင့် ကာလများ ပေးအပ်နိုင်ပါသည်။ ၂၀၁၄-၁၅ ဘဏ္ဍာရေးနှစ်မှ စတင်လျှင် ၄င်း အခွန်ကင်းလွတ်ခွင့် ကာလများမှာ ငါးနှစ်ခန့် ကြာမြင့်နိုင်ပြီး ထုတ်လုပ်မှုစတင်ချိန်တွင် အကျုံးဝင်ပါမည်။

MOGE ဘဏ္ဍာရေးဌာနမှ အရာရှိများ မှ ရှင်းလင်းပြောကြားရာတွင် ဝင်ငွေအားလုံးမှာ မြန်မာ့စီးပွားရေးဘဏ်ရှိ MOGE ၏ငွေစာရင်းသို့ ရောက်ရှိ ပြီး နှစ်တစ်နှစ်အကုန်တွင် အထက်တွင်ဖော်ပြထားသည့် အခြား SOE များဖြင့် ပြန်ခွဲသည်ဟု သိရပါသည် (ပုံ၃၆နှင့် ၃၇ကို ကြည့်ရန်)။ MOGE သည် ဘဏ္ဍာရေး၀နှင်းကြီး ဌာန သို့ ခြောက်လတစ်ကြိမ် အစီရင်ခံစာ ပေးပို့ရာတွင် MOGE ရုံးချုပ်မှ အမျိုးမျိုးသော စီမံကိန်း အသီးသီးမှ ရရှိသည့် ဝင်ငွေခွန်၊ အရှုံး အမြတ်စာရင်းတို့ကို စုစည်း ပေးပို့ပါသည်။[73] MOGE ဝန်ထမ်းများ၏ ဝင်ငွေခွန်အား လစာငွေမှ ဖြတ်တောက်ပြီး၊ သက်ဆိုင်သည့် ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးသွင်းပါသည်ဟုသိရှိရသည်။[74]

အထက်တွင် ဖော်ပြထားသည့် အဓိက ဝင်ငွေများအပြင်၊ ၁၉၃၄ ရေနံထွက်ပစ္စည်းများ အက်ဥပဒေအရ ရေနံစိမ်းတူးဖော်ထုတ်ယူမှု အတွက် အနည်းငယ်သော အခွန်အချို့ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပေးသွင်းရပါသည်။ MOGE မှ အရာရှိများ၏ ပြောကြားချက်အရ ရေနံစိမ်း ဂါလံ ၄၀ တွင် ၁ ကျပ် နှုန်းဖြင့် တူးဖော်သည့် ဒေသမှ မြို့နယ် ထွေအုပ်ရုံးသို့ ပေးသွင်းရကြောင်း သိရှိရသည်။[75]

---

[s] MOGE ၂၀၁၁ presendtation တစ်ခုအရ လုပ်ကိုင်ခွင့်ပြုသည့် လုပ်ကွက်အမျိုးအစားများအား 'PSC and EP (Onshore) Exploration, PSC (Offshore) Areas, IOR / PCC (Onshore) Improved, Oil Recovery, and RSF (Onshore) Marginal Field Development.' စသဖြင့် ဖော်ပြထားသည်။ ထို့အပြင် အချို့သော ကုန်းတွင်းလုပ်ကွက်များကို MOGE ကိုယ်တိုင်လုပ်ကိုင်ရန် ထားရှိကြောင်း တွေ့ဆုံမေးမြန်း ခဲ့သည့် MOGE အရာရှိများကပြောပါသည်။

[t] သဘာ၀ဓါတ်ငွေ့အတွက် ပြည်တွင်းလိုအပ်ချက် ၂၅% အဖြစ် သတ်မှတ်သည်

[u] ယင်းပေးငွေများမှာ အများအားဖြင့် တစ်နှစ်လျှင်တစ်ကြိမ်ပေးသွင်းခြင်းဖြစ်သည်။ သို့သော် Shwe နှင့် PCMA တို့မှာ သုံးနှစ်တစ်ကြိမ်ခွဲသွင်းကြောင်း သိရသည်။

သစ်လုပ်ငန်း

ဇယား ၅ ၊ သစ်လုပ်ငန်း ကဏ္ဍ

သက်ဆိုင်သည့် အဖွဲ့အစည်း	ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန (MOECAF) → သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မြေတိုင်းဦးစီးဌာန၊ ပြည်နယ်/တိုင်းဒေသကြီး သစ်တောဌာနများ
ဥပဒေ	၁၉၉၂ မြန်မာ့သစ်တော ဥပဒေ၊ ၁၉၉၅ မြန်မာ့ သစ်တော မူဝါဒ၊ ၁၉၉၅ အစုအဖွဲ့ပိုင် သစ်တောဆိုင်ရာ ညွှန်ကြားချက်များ
နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းများ	မြန်မာသစ်လုပ်ငန်း (MTE)
Royalties	အကျုံးမဝင်ပါ၊ ပေးငွေပုံစံများ ကွဲပြားပါသည်
ကုန်သွယ်လုပ်ငန်းခွန်	၂၀၁၄ ခုနှစ် ပြည်ထောင်စု အခွန်အကောက်ဥပဒေတွင် ကျွန်း၊ သစ်မာသစ်လုံးနှင့် အခြေခံအဆင့်သာ ခွဲစိတ်ထားသော သစ်ခွဲသားများအတွက် ၂၅ % နှင့် ပြည်ပသို့ တင်ပို့ရောင်းချမှုအတွက် ရောင်းရငွေအပေါ် ၅၀% အဖြစ် သတ်မှတ်ထားသည်။ ၂၀၁၄ ဧပြီလမှ စတင်၍ သစ်အလုံးလိုက် တင်ပို့မှုအား ခွင့်မပြုတော့ပါ။

မြန်မာနိုင်ငံ၏ အဓိကအဖိုးတန်သစ်မှာ ကျွန်းသစ်ဖြစ်ပြီး အခြားတန်ဖိုးမြင့်သစ်အမျိုးအစားများစွာလည်းရှိပါသည်။[76] သစ်အလုံးလိုက် တင်ပို့မှုအား ၂၀၁၄ ဧပြီ ၁ ရက်နေ့မှ စတင်၍ တင်ပို့ခွင့်မပြုတော့ဘဲ ၄င်းမှာ ထပ်ဆင့်တန်ဖိုးမြင့် ထုတ်ကုန် လုပ်ငန်းများကို အားပေးရန်ရည်ရွယ်သည် ဟု သိရသည်။[77]

ပုဂ္ဂလိက ကုမ္ပဏီများအနေဖြင့် ကျွန်းပင် စိုက်ပျိုးနိုင်သော်လည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနအောက်မှ နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းဖြစ်သော မြန်မာ့သစ်လုပ်ငန်း (MTE) သည်သာ ကျွန်းသစ် ကို ထုတ်ယူခွင့် ရှိပါသည်။[78] မြန်မာ့သစ်လုပ်ငန်းမှ အရာရှိများဖြင့် တွေ့ဆုံမေးမြန်းရာတွင် မြန်မာ့သစ်လုပ်ငန်းသည် သစ်ထုတ်လုပ်ခြင်း၊ ခွဲစိတ်ခြင်း၊ သစ်အချောထည် ပစ္စည်းများ ထုတ်လုပ် တင်ပို့ရောင်းချခြင်းများ လုပ်ဆောင်ပြီး၊ ပြည်ပသို့ တရားဝင်သစ်တင်ပို့မှုအတွက် MTE ၏ အသိအမှတ်ပြုလက်မှတ် ရရှိရန်လိုအပ်ကြောင်း သိရသည်။ မြန်မာ့သစ်လုပ်ငန်းတွင် သစ်ထုတ်ရေးဌာန၊ ပြည်ပ/ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနများ အပါအဝင် ဌာန ရှစ်ခု ပါဝင်ဖွဲ့စည်းထားပါသည်။ မြန်မာ့သစ်လုပ်ငန်းသည် သစ်အချောထည် ထုတ်လုပ်ရေးလုပ်ငန်းများတွင် ကုမ္ပဏီများဖြင့် ဖက်စပ်လုပ်ကိုင်ပြီး ယင်းလုပ်ငန်းများမှ ရရှိသည့် ဝင်ငွေခွဲတမ်းများမှာ စာချုပ်တစ်ခုချင်းစီအပေါ် မူတည်ကြောင်း သိရသည်။[79]

ထုတ်ပြန်ထားသည့် ရင်နှီးမြှုပ်နှံမှုဆိုင်ရာ အစီရင်ခံစာ တစ်ခုအရ မြန်မာသစ်လုပ်ငန်း(MTE) သည် သစ်ထုတ်ယူမှုအတွက် ပုဂ္ဂလိက ကုမ္ပဏီများကို တစ်ဆင့်ပြန်စာချုပ် (subcontracts) ၍ လုပ်ကိုင်စေပြီး၊ ကုမ္ပဏီများက မြန်မာ့သစ်လုပ်ငန်းအတွက် သစ်ထုတ်ပေးပါသည်။[v80] သစ်များကို ဝန်ကြီးဌာနက ပိုင်ဆိုင်ပြီး ထုတ်ယူရရှိသော သစ်များကို ဝန်ကြီးဌာနက ကုမ္ပဏီသို့ ပြန်လည်ရောင်းချပါသည်။ ရောင်းချသော ဈေးနှုန်းမှာ ပုံမှန်အားဖြင့် ဈေးကွက်ပေါက်ဈေးထက် နိမ့်လေ့ရှိပါသည်။ ထို့နောက် သစ်ထုတ်သည့် ကုမ္ပဏီက ဈေးကွက်အတွင်းသို့ ပြန်လည် ရောင်းချပါသည်။ ထို့နောက်တွင် ဝန်ကြီးဌာနသည် သစ်ထုတ်ပေးသော ကုမ္ပဏီအား သစ်ထုတ်ရာတွင် ၄င်းကျခံထားရသည့် ကုန်ကျစရိတ်များ၏ ၄၀ %ခန့်ကို ပြန်လည် ထုတ်ပေးပါသည်။[81] ဝန်ကြီးဌာနမှာ အရာရှိများကို တွေ့ဆုံမေးမြန်းရာတွင် ကုမ္ပဏီများက ပေးဆောင်ရန် ငွေများကို ရန်ကုန် သို့မဟုတ် မန္တလေးရှိ ၄င်းတို့ ကုမ္ပဏီရုံးစိုက်ရာတွင် ပေးဆောင်ပြီး၊ သစ်ထုတ်ယူသည့် ဒေသတွင် ပေးဆောင်ခြင်း မဟုတ်ကြောင်းသိရသည်။[82]

တွေ့ဆုံမေးမြန်းခဲ့သော အရာရှိများမှ ရှင်းလင်းပြောကြားရာတွင် သစ်ရောင်းချမှုမှ ရရှိသော ဝင်ငွေများ ကို မြန်မာ့သစ်လုပ်ငန်း (MTE) က မြန်မာ့စီးပွားရေးဘဏ်ရှိ သစ်တောဦးစီးဌာန၏ ငွေစာရင်းသို့ ပေးသွင်းပါသည်။ ပြည်နယ်အဆင့် သစ်တောဌာနများနှင့် မြန်မာ့သစ်လုပ်ငန်းတို့သည် သစ်တောဦးစီးဌာန၏ ငွေစာရင်းသို့ royalties များကို တိုက်ရိုက်ပေးသွင်းကြောင်း ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က ရှင်းလင်း ပြောကြားပါသည်။[83] မြန်မာကျပ်ငွေဖြင့် ပေးဆောင်မှုများကို မြန်မာ့စီးပွားရေးဘဏ်တွင်

[v] စာချုပ်ချုပ်ဆိုသည့် ကုမ္ပဏီများတွင် Forest Products Joint Venture Corporation Ltd. ကဲ့သို့ တစ်စိတ်တစ်ပိုင်အစိုးရကုမ္ပဏီများ (semi-governmental) လည်းပါဝင်ပါသည်။ Forest Products Joint Venture Corporation Ltd. သည် မြန်မာ့သစ်လုပ်ငန်း (MTE) ၊ သစ်တောဦးစီးဌာန၊ အခြား ပုဂ္ဂလိကရှယ်ယာဝင် ထည့်ဝင်သူများဖြင့် ၄၅-၁၀-၄၅ ခွဲတမ်းဖြင့် ဖက်စပ်လုပ်ကိုင်ခြင်းဖြစ်သည်။ ကုမ္ပဏီသည် ၄င်း၏ ရှယ်ယာများကို ၁၉၉၃ ခုနှစ်တွင် စတင်ရောင်းချခဲ့သည်။ (ThuraSwiss 2013)

လည်းကောင်း၊ နိုင်ငံခြားငွေများကို နိုင်ငံခြားကုန်သွယ်မှုဘဏ် တွင်လည်းကောင်း အပ်နှံပေးသွင်းပြီး စာရင်းစစ်ချုပ်ရုံးမှ စာရင်းစစ်ဆေးပေးကြောင်း သိရသည်။[84]

သစ်လုပ်ငန်း ကဏ္ဍတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်အနေဖြင့် အခွန်ကင်းလွတ်ခွင့် ကာလ ၂ နှစ်မှ ၃ နှစ်အကြား ပေးအပ်နိုင်ကြောင်းသိရပြီး၊ ၄င်းတွင် သစ်အချောထည်လုပ်ငန်းများ ပါဝင်ပြီး၊ သစ်ထုတ်ယူမှုလုပ်ငန်းများ မပါဝင်ပါ။[85] MOECAF သည် ပတ်ဝန်းကျင်ထိန်းသိမ်းမှု အတွက် အဓိကတာဝန်ရှိသော အဖွဲ့လည်း ဖြစ်သဖြင့် ရင်းနှီးမြှုပ်နှံမှု ကော်မရှင် (MIC) သို့ အဆိုပြုလာသော လုပ်ငန်းစီမံကိန်းများ အတွက် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာသက်ရောက်မှု ဆန်းစစ်ချက်များကို လည်း အတိုင်ပင်ခံ ဆောင်ရွက်ပေးရသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးကိုယ်တိုင် ရင်းနှီးမြှုပ်နှံမှု ကော်မရှင်တွင် အဖွဲ့ဝင် အဖြစ်ပါဝင်ပါသည်။

စီးပွားဖြစ် သစ်မာစိုက်ပျိုးခြင်းများကို သီးခြားစနစ်ဖြင့်စီမံခန့်ခွဲပြီး၊ ပုဂ္ဂလိကပါဝင်မှုကို မြှင့်တင်လျက်ရှိသည်ဟု ဆိုပါသည်။ စိုက်ပျိုးမှုများအတွက် သစ်ပင်များ သက်တမ်း အနှစ် ၂၅-၃၅ ခန့် တွင် ခုတ်လှဲပြီး နောက် ဝင်ငွေ ၁၀ % ကို အစိုးရသို့ ပေးသွင်းရသည်။ [86]

ရပ်ရွာအစုအဖွဲ့ပိုင် သစ်တောဆိုင်ရာ ညွှန်ကြားချက်များကို ၁၉၉၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပြီး ယခုအချိန်အထိတော့ ရပ်ရွာအစုအဖွဲ့ပိုင် သစ်တော အနေဖြင့် စီးပွားဖြစ် ထုတ်ယူနိုင်ခြင်းများ မရှိသေးဟု ဆိုပါသည်။[87] ၂၀၁၁ ခုနှစ်တွင် အသိအမှတ်ပြုလက်မှတ်ရှိသော သစ်တော အသုံးပြုသူများအုပ်စု ၅၂၇ ဖွဲ့ရှိပြီး ကချင်နှင့်ရှမ်းပြည်နယ်များတွင် အဓိကဖြစ်ကြောင်းသိရသည်။[88] [89]

ရေအားလျှပ်စစ်

ဇယား ၆ ၊ ရေအားလျှပ်စစ်ကဏ္ဍ အနှစ်ချုပ်

သက်ဆိုင်သည့် အဖွဲ့အစည်း	လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန (MOEP) → ရေအားလျှပ်စစ် စီမံရေးဦးစီးဌာန၊ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန →ဆည်မြောင်းဦးစီးဌာန အချို့သော ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ
ဥပဒေ	ချုပ်ဆိုသော စာချုပ်များအပေါ်မူတည်ပါသည်။ ၁၉၄၈ လျှပ်စစ် အက်ဥပဒေ၊ ၄င်းအား ပြင်ဆင်သော ၁၉၆၇ ဥပဒေ၊ ၁၉၈၇ မြန်မာ့လျှပ်စစ် ဥပဒေ၊ လျှပ်စစ်ဥပဒေအသစ်ကို ယခု ရေးဆွဲလျက်ရှိသည်
နိုင်ငံပိုင် စီးပွားရေး အဖွဲ့အစည်းများ	ရေအားလျှပ်စစ်ဓါတ်အား ထုတ်လုပ်ရေးလုပ်ငန်း နှင့်MOEP အောက်မှ အခြားသော SOE များ၊

ရေအားလျှပ်စစ်မှ မြန်မာနိုင်ငံ၏ လျှပ်စစ်သုံးစွဲမှုစုစုပေါင်း၏ ၇၀% ကို ပေးဝေထားပြီး စုစုပေါင်းတပ်ဆင်အင်အား ၄၆၁၀၁ မဂ္ဂါဝပ် ဖြစ်ကြောင်း သိရသည်။[90] မြန်မာနိုင်ငံ၏ အဓိက မြစ်ကြီးများဖြစ်သည့် ဧရာဝတီ၊ ချင်းတွင်း၊ သံလွင် နှင့် စစ်တောင်းမြစ်များမှာ ထုတ်ယူနိုင်သည့် လျှပ်စစ်ဓါတ်အား ပမာဏမှာ အနည်းဆုံး ၁၀၀,၀၀၀ မဂ္ဂါဝပ် ရှိနိုင်ကြောင်း ခန့်မှန်းကြပါသည်။

ဆည် စီမံကိန်းများအား အရွယ်အစားနှင့် ရည်ရွယ်ချက်အပေါ်မူတည်၍ ဝန်ကြီးဌာနအချို့နှင့် အဖွဲ့အစည်းများမှ တာဝန်ယူ ဆောင်ရွက်သည်။ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ၂၀၁၁ခုနှစ် presentation တစ်ခုတွင် ဖော်ပြထားချက်အရ ရေအားလျှပ်စစ် စီမံကိန်းများအား လျှပ်စစ်စွမ်အားဝန်ကြီးဌာနအောက်မှ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်မှ ဆည်မြောင်းဦးစီးဌာန တို့က အကောင်အထည်ဖော်ဆောင်ရွက်သည် ဟု သိရသည်။

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနသည် မြန်မာနိုင်ငံရှိ ရေအားလျှပ်စစ်စက်ရုံ ၂၀ အားလည်ပတ်လျှက်ရှိပြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှာ လယ်ယာစိုက်ပျိုးရေးအတွက် ရေပေးဝေရန် တာတမံ နှင့် ဆည်များ အဓိက တည်ဆောက်ပါသည်။

ယင်းတာတမံ နှင့် ဆည်/ရေကာတာများတွင် အသေးစား ရေအားလျှပ်စစ်များ ပါဝင်လေ့ရှိသည်။ လယ်/ဆည်ဝန်ကြီးဌာနသည် တာတမံနှင့် ဆည်များမှ တာတမံခွန်ကောက်ခံပါသည်။[w]

ရေအားလျှပ်စစ် ထုတ်လုပ်ခြင်းအတွက် ချုပ်ဆိုသော စာချုပ်တစ်ခုချင်းအပေါ် မူတည်၍ ကွဲပြားခြားနားချက်များရှိပါသည်။ စာချုပ်များတွင် ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများနှင့် ဖက်စပ်လုပ်ကိုင်ခြင်း နှင့် တည်ဆောက်-လည်ပတ်-လွှဲပြောင်းပုံစံ (BOT) တို့ ပါဝင်ပါသည်။[91]

ရေအားလျှပ်စစ်တင်ပို့မှုမှ ဝင်ငွေမည်မျှရရှိသည်နှင့် မည်သို့ အသုံးချမည်ကို ဤကနဦးလေ့လာမှုစာတမ်းတွင် မသိရှိရပါ။ မြန်မာနိုင်ငံ ရေအားလျှပ်စစ်ကဏ္ဍအား ပိုမိုသုတေသနပြုလေ့လာနိုင်ရန်လိုပါသည်။

လျှပ်စစ်ဥပဒေကြမ်းအား အတည်ပြုနိုင်ရန် လွှတ်တော်တွင် ဆွေးနွေးလျက်ရှိပါသည်။ ၂၀၁၂ ခုနှစ် လွှတ်တော် အစည်းအဝေး ဆွေးနွေးချက်များမှ သိရသည်မှာ ယင်းဥပဒေကြမ်းတွင် အသေးစားနှင့် အလတ်စား လျှပ်စစ်ထုတ်လုပ်မှုများကို ပြည်နယ်/တိုင်းဒေသကြီးများသို့ စီမံခန့်ခွဲခွင့်ပေးရန် ရည်ရွယ်ထားကြောင်းသိရပါသည်။ ၂၀၁၂ ခုနှစ် အမျိုးသားလွှတ်တော် အစည်အဝေး ဆွေးနွေးမှုများတွင် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၏ ပြောကြားချက်အရ ပြည်နယ်နှင့် တိုင်းဒေသကြီး များက စီမံခန့်ခွဲခွင့်ရှိသည့် အသေးစားနှင့် အလတ်စားလျှပ်စစ်ဓါတ်အားထုတ်လုပ်မှု အရွယ်အစားကို မသတ်မှတ်ရသေးကြောင်း သိရသည်။[92]

၂.၅ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေ[x]

၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအချက်တစ်ချို့ကို ထည့်သွင်းပြဋ္ဌာန်းထားသည်ကို တွေ့ရသည်။ ပုဒ်မ ၃၉၀ တွင် 'နိုင်ငံသားတိုင်းသည် အောက်ဖော်ပြပါကိစ္စရပ်များတွင် နိုင်ငံတော်အား ကူညီရန်တာဝန်ရှိသည် - (က) အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ (ခ) သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ (ဂ) လူစွမ်းအား အရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေး မြင့်မားလာစေရန် ကြိုးပမ်းခြင်း၊ (ဃ) အများပြည်သူပိုင် ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း' စသဖြင့် ဖော်ပြထားသည်ကို တွေ့ရသည်။ အခြေခံဥပဒေတွင် ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် အသုံးပြုခွင့်တို့အား အကန့်အသတ်အချို့ဖြင့် ဖော်ပြထားသည်ကို လည်း တွေ့ရပါသည် (အခြေခံဥပဒေ ပုဒ်မ ၃၇၂) ။

မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေ အသစ်တစ်ခုဖြစ်သော ၂၀၁၂ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ ဥပဒေ ကို မတ်လ ၂၀၁၂ တွင်ထုတ်ပြန်ခဲ့သည်။ ယင်းဥပဒေ၏ အရေးကြီးသည့် ရည်ရွယ်ချက်မှာ နိုင်ငံ၏ဖွံ့ဖြိုးတက်ရေးကိစ္စရပ်များတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအား ထည့်သွင်းဆောင်ရွက်ခြင်းနှင့် မြန်မာနိုင်ငံအမျိုးသားပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒအား အကောင်အထည်ဖော်ရာတွင် အခြေခံရမည့် မူများနှင့် လမ်းညွှန်းချက်ဖြစ်စေရန်ဖြစ်သည်။[93] ၂၀၁၂ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေမှာ ကျယ်ပြန့်သည့် မူဘောင်သဘော ပိုဆောင်ပြီး လက်တွေ့အကောင်အထည်ဖော်ရန်အတွက် သတ်မှတ်ပြဋ္ဌာန်းချက်များ (နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ) လိုအပ်ပါသေးသည်။

ပြင်ဆင်လျက်ရှိသော နည်းဥပဒေများအနေဖြင့် ဥပဒေတွင် ပြဋ္ဌာန်းပါရှိသော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဆန်းစစ်ချက် (EIA) လုပ်ငန်းများအား အကောင်အထည် ပေါ်လာစေမည်ဖြစ်သည်။[94] EIA စနစ်အား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် ဥပဒေက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန (MOECAF) ကို ပေးအပ်ထားသည့် 'တာဝန်နှင့် လုပ်ပိုင်ခွင့်' ဖြစ်သည်ကို တွေ့ရသည်။ နည်းဥပဒေများကို ၂၀၁၃ တွင် ရေးဆွဲခဲ့ပြီး ပြည်ထောင်စု အစိုးရ၏ အတည်ပြုချက်ရရန် စောင့်နေရဆဲ ဖြစ်ကြောင်းသိရသည်။ ခန့်မှန်းမှုများအရ ၄င်းအား ၂၀၁၄ နှစ်လယ် အကျော်တွင် အတည်ပြုဖွယ်ရှိသည်ဟု သိရသည်။ တစ်ချိန်တည်းတွင် EIA အကောင်အထည်ဖော်ရာတွင် လိုအပ်သော ပိုမိုအသေးစိပ်သည့် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများ ကိုလည်း MOECAF က ရေးဆွဲလျက်ရှိပြီး နည်းဥပဒေထွက်ရှိအပြီးတွင် ၄င်းတို့ကို ထုတ်ပြန်သွားမည်ဟု သိရသည်။

နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအားဖြင့် သဘာဝသယံဇာတအရင်းအမြစ်များပါဝင်သည့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သော ပတ်ဝန်းကျင်သက်ရောက်မှု ဆန်းစစ်ချက် (EIA) အတွက် ရှင်းလင်းသည့် ဥပဒေမူဘောင်တစ်ရပ်

---

[w] ၂၀၀၆ခုနှစ်မတိုင်မီတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် တာတမံခွန်ကိုကောက်ယူခဲ့ပြီး၊ ယခု ယင်းတာဝန်မှာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ လွှဲပြောင်းပေးပြီးဖြစ်ကြောင်း သိရသည်။ (Ne Tun 2010)

[x] ဤအခန်းအား Vermont Law School မှ Martin Cosier ကရေးသားပေးပါသည်။

ကို ချမှတ်နိုင်ပါလိမ့်မည်။ ဆောင်ရွက်မည့် EIA စနစ်တွင် နိုင်ငံခြားရင်နှီးမြှုပ်နှံမှုဆိုင်ရာ အဆိုပြုချက်များအား စဉ်းစားရာတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေတွင် ပါရှိသည့်ပြဋ္ဌာန်းချက်များ ဖြင့်လည်း ကိုက်ညီစေရန် ချိတ်ဆက်ရေးဆွဲထားကြောင်း သိရသည်။ ယင်းပုံစံ၌ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် (MIC)သို့ ရင်းနှီးမြှုပ်နှံမှုအတွက် လျှောက်ထားရာတွင် MOECAF ထံမှ EIA လိုအပ်ချက်များကို လုပ်ဆောင်ပြီးဖြစ်ကြောင်း သို့မဟုတ် လုပ်ဆောင်ရန် မလိုအပ်ကြောင်း အသိအမှတ်ပြုလက်မှတ်ကို တင်ပြနိုင်ရန် လိုအပ်မည် ဖြစ်သည်။

၂၀၁၂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ တွင် သဘာဝသယံဇာတအရင်းအမြစ်များထိန်းသိမ်းခြင်းအတွက် အခန်း ၁ ခန်း ထည့်သွင်းရေးဆွဲထားသည်ကို တွေ့ရသည်။ ၄င်းတွင် ထိန်းသိမ်းရန်သယံဇာတများစာရင်း (သစ်တော၊ မြေ၊ ရေ၊ ဓါတ်သတ္တု၊ စိုက်ပျိုးရေး အရင်းအမြစ်များ) ကိုဖော်ပြထားသော်လည်း ထိန်းသိမ်းရန် မည်သို့ အဆင့်ဆင့်လုပ်ဆောင်မည်ဆိုသည်ကို သေချာစွာ သတ်မှတ်ပြဋ္ဌာန်းထားခြင်း မရှိပါ။ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် ထိုအရင်းအမြစ်များကို ထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်း၊ အကျိုးရှိစွာ အသုံးပြုခြင်း၊ စဉ်ဆက်မပြတ် အသုံးပြုခြင်း၊ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်းတို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ကော်မတီလမ်းညွှန်ချက်များနှင့် ဆောင်ရွက်ရမည် ဟုသာ ဖော်ပြထားသည်။[95] ထို့ကြောင့် သယံဇာတအရင်းအမြစ် စီမံခန့်ခွဲမှုမှာ ယခုအချိန်အထိ သယံဇာတများ အပေါ်သီးသန့် ပြဋ္ဌာန်းသည့် ဥပဒေ များနှင့် အုပ်ချုပ်မှု တာဝန် များ အရသာ စီမံခန့်ခွဲလျက်ရှိကြောင်း နားလည်နိုင်ပါသည်။

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သယံဇာတစီမံခန့်ခွဲမှု ဆိုင်ရာ အရေးကြီးသည့် အခြေခံအချက်အချို့ကို လက်ရှိဥပဒေတွင် ထည့်သွင်း ထားနိုင်ခြင်း မရှိကြောင်းကို သိထားရန် အရေးကြီးပါသည်။ ၄င်းတို့အနက် သတင်းအချက်အလက်များ ထုတ်ဖော် ပြသခြင်း၊ ပြည်သူလုထု ပါဝင်မှု၊ ကြည့်ရှုစစ်ဆေးရန် တောင်းဆိုနိုင်ခွင့် နှင့် ဒေသတွင်း ကိစ္စရပ်များအပေါ်ထည့်သွင်းစဉ်စားချက်များ စသည်တို့ ပါဝင် ပါသည်။ ယင်းဟာကွက်များမှာ နည်းပဒေများနှင့် အခြားဆက်စပ်သည့် ဥပဒေပြုမှုများတွင် ပါဝင်လာနိုင်ပါသည်။ သို့သော်လည်း ယင်းဟာကွက်များက လက်ရှိအင်စတီကျူးရှင်အစီအစဉ်များနှင့် သက်ဆိုင်သည့် အဖွဲ့အစည်းများအကြား ပူးပေါင်းညှိနှိုင်း ဆောင်ရွက်မှုများတွင် ရှင်းလင်းသဲကွဲမှု လိုအပ်ချက်ရှိနေကြောင်း ပြနေပါသည်။

မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အဓိကဦးဆောင်အဖွဲ့အစည်းမှာ ပတ်ဝန်းကျင်ထိန်းသိမ်ရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန (MOECAF) ဖြစ်သည်။ ၄င်းမှာ ယခင် သစ်တောဝန်ကြီးဌာနအား ၂၀၁၁ ခုနှစ်တွင်ပြင်ဆင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ၂၀၁၂ ခုနှစ်တွင် ဦးစီးဌာနအသစ်တစ်ခုဖြစ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန (ECD)ကို အသစ်ထပ်မံဖွဲ့စည်းခဲ့သည်။ ECD သည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒများ ချမှတ် အကောင်အထည်ဖော်ရေးအတွက် အဓိကတာဝန်ရှိမည်ဖြစ်သည်။ ဤဌာနမှာ ယခင် ဝန်ထမ်း ၂၈ဦးခန့်ဖြင့်စတင်ရာမှ ယခု ၂၀၁၄ ခုနှစ်တွင် ဝန်ထမ်း ၁၀၀ ကျော်ဖြင့် ကြီးထွားလာလျက်ရှိသည်ကို တွေ့ရပါသည်။ ဤသို့ ဝန်ထမ်းအရင်းအမြစ်များ တိုးမြှင့်လာမှုကြောင့် ဌာန၏တာဝန်များကို ထိရောက်အောင်ဆောင်ရွက်နိုင်မည်ဖြစ်သော်လည်း တစ်ဖက်တွင် ဤဝန်ထမ်းများ၏ ပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေ၊ မူဝါဒများ ချမှတ်ခြင်း၊ အကောင်အထည်ဖော်ခြင်း နှင့် စောင့်ကြပ် ထိန်းသိမ်း အသက်ဝင်အောင်ပြုခြင်းဆိုင်ရာ အရည်အသွေးများကိုလည်း ပိုမိုဖွံ့ဖြိုးလာစေဖို့ အရေးကြီးပါသည်။

တစ်ချိန်တည်းတွင်ပင် ဒေသဆိုင်ရာ အဆင့်၌ ECD ရုံးများဖွဲ့စည်း တည်ထောင်လျက်ရှိကြောင်း သိရသည်။ ယခု ၂၀၁၄ နှစ်လယ်အထိ ပြည်နယ်/တိုင်းအဆင့် ECD ရုံး ၅ ရုံးဖွဲ့စည်းတည်ထောင်ထားပြီး၊ နောက်ထပ် ၅ ရုံး ကို ၂၀၁၄-၁၅ ဘဏ္ဍာနှစ်တွင် တည်ထောင်သွားမည်ဖြစ်ပြီး၊ ၂၀၁၆ခုနှစ်နောက်ပိုင်းတွင် ကျန်ရှိသော ပြည်နယ်/တိုင်း ၄ခု ၌ ECD ရုံးများ ဆက်လက်ဖွဲ့စည်းသွား မည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ခရိုင်အဆင့် ECD ရုံး ၆၇ ခု နှင့် မြို့နယ်အဆင့်တွင် ၃၃၆ ခု ကိုလည်း ၂၀၁၆ ခုနှစ် နောက်ပိုင်းတွင် ဖွင့်လှစ်သွားမည်ဟု သိရသည်။ ဤဖွဲ့စည်းတည်ဆောက်ပုံမှာ သစ်တောဦးစီးဌာနဖြင့် ပုံသဏ္ဌာန်တူညီပြီး ဤဌာနအသစ်များအနေဖြင့် အဆင့်အသီးသီးတွင် ပြည်နယ်၊ တိုင်းဒေသကြီး နှင့် ဒေသန္တရအစိုးရများဖြင့် လုပ်ငန်းတာဝန်များကို မည်သို့အကောင်းဆုံး ခွဲဝေနိုင်မည်ကို စဉ်းစားစရာ အခွင့်အရေးတစ်ရပ်လည်းရှိနေပါသည်။

အခန်း ၃ - ဒေသဆိုင်ရာ အစိုးရများ၏ အခန်းကဏ္ဍ

ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများကို ၂၀၀၈ အခြေခံဥပဒေ၏ ပုံဖော်မှုအရ မတ်လ ၂၀၁၁ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည်။[y] လက်ရှိ မြန်မာနိုင်ငံတွင် ပြည်နယ် ခုနှစ်ခု၊ တိုင်းဒေသကြီး ခုနှစ်ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ငါးခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ၁ ခု အပြင် ပြည်ထောင်စုနယ်မြေ အဖြစ် နေပြည်တော်တို့ ပါဝင်ဖွဲ့စည်းထားသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များကို နိုင်ငံတော် သမ္မတက ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များထဲမှ ရွေးချယ်ခန့်ထားသည့် ဝန်ကြီးချုပ်များ အသီးသီးက ဦးဆောင်ပါသည်။ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များတွင် ဝန်ကြီးချုပ်နှင့် အခြားဝန်ကြီးများ ပါဝင်ပါသည် (ပြည်နယ်/တိုင်းဒေသကြီး အများစုဌ အနည်းဆုံး ကိုးဦး ပါဝင်သည်)။ ပြည်နယ် နှင့် တိုင်းဒေသကြီးများတွင် လွှတ်တော်တစ်ရပ်ကို ဖွဲ့စည်းထားပြီး ရွေးကောက်ခံကိုယ်စားလှယ်များ နှင့် လွှတ်တော်၏ လေးပုံတစ်ပုံ အရေအတွက် ရှိသော ခန့်အပ်ခံ တပ်မတော်သား ကိုယ်စားလှယ်များ ပါဝင်ပါသည်။

၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ သဘာဝသယံဇာတစီမံအုပ်ချုပ်မှုနှင့် ဝင်ငွေ ကိစ္စတို့အပေါ်တွင် ဒေသဆိုင်ရာ အဆင့်မှ ပါဝင်နိုင်စွမ်း နည်းပါးပါသည်။ အခြေခံဥပဒေ၏ ဇယား ၂ တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ဥပဒေပြုနိုင်သည့် စာရင်းကို ဖော်ပြထားပြီး ၄င်းသည်တနည်းအားဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများ၏ အုပ်ချုပ်နိုင်ခွင့်ရှိသည့် နယ်ပယ် အတိုင်းအတာလည်း ဖြစ်ပါသည်။ ရေနံနှင့် သဘာဝဓါတ်ငွေ့၊ သတ္တု နှင့် သစ် တို့နှင့် ပတ်သက်ပြီး ဇယား ၂ တွင် ဖော်ပြထားခြင်းမရှိပါ။ ဆားနှင့် ဆားထွက်ပစ္စည်း၊ ထင်းစိုက်ခင်း စသည်တို့သာ ပါဝင်ပါသည်။ အခြေခံဥပဒေ ဇယား ၅ တွင် ပြည်နယ်နှင့် တိုင်းဒေသကြီး တို့မှ ကောက်ခံပိုင်ခွင့် ရှိသော အခွန် များကို ဖော်ပြထားပါသည်။ ဇယား ၂ နှင့် ၅ ကို ဤစာတမ်း၏ နောက်ဆက်တွဲ ၂ နှင့် ၃ တွင် ဖော်ပြထားပါသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများ ဖွဲ့စည်းတည်ထောင်ခဲ့ပြီးချိန်မှစ၍ သဘာဝသယံဇာတအရင်းအမြစ်များ စီမံအုပ်ချုပ်မှုနှင့် ဝင်ငွေကောက်ခံမှု တို့တွင် ဗဟိုချုပ်ကိုင်မှု ဖြေလျှော့နိုင်ရန် အတိုင်းအတာ တစ်စုံတစ်ရာအား (၁) ပြည်ထောင်စု ဝန်ကြီးဌာနများဘက်မှ အချို့သော တာဝန်များကို ပြည်နယ်/ တိုင်းဒေသကြီး အစိုးရများသို့ လွှဲပြောင်းပေးခြင်းဖြင့် လည်းကောင်း၊ (၂) ပြည်နယ်နှင့် တိုင်းဒေသကြီးများ ဘက်မှ ဥပဒေရေးဆွဲခြင်း၊ ညွှန်ကြားချက်များထုတ်ပြန်ခြင်းအားဖြင့် လည်းကောင်း တွေ့မြင်လာရပါသည်။ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအနေဖြင့် သယံဇာတများမှ ဝင်ငွေ ကောက်ခံရရှိမှု နည်းပါးသည့်တိုင် ၄င်းတို့၏ စီမံအုပ်ချုပ်မှု ဖွဲ့စည်းပုံနှင့် သယံဇာတ အရင်းအမြစ်များ စီမံခန့်ခွဲရေးတာဝန်များမှာ လွန်စွာ အရေးကြီးပါသည်။ သယံဇာတစီမံခန့်ခွဲရေးအတွက် လိုအပ်သော အင်စတီကျူးရှင်းများ၊ အလေ့အကျင့်များနှင့် ဖွဲ့စည်းတည်ဆောက်ပုံများ၏ အစ ဖြစ်နေသောကြောင့်ပင်ဖြစ်သည်။

ဇယား ၇ ၊ လက်ရှိ သယံဇာတစီမံအုပ်ချုပ်မှုအစီအစဉ်များ

		စီမံခန့်ခွဲမှုဆုံးဖြတ်ချက်	
		ဗဟို	ဒေသဆိုင်ရာ
ဝင်ငွေ	ဗဟို	ဥပမာ (က) - ရေနံနှင့် သဘာဝဓါတ်ငွေ့၊ လုပ်ကိုင်ခွင့်ပြုခြင်း နှင့် ရင်ငွေများ နှစ်ခုစလုံး ဗဟိုကကိုင်တွယ်	ဥပမာ (ခ) - အသေးစား သတ္တုလုပ်ငန်း၊ အဆိုပြုချက် (လိုင်စင်ကို ဒေသဆိုင်ရာက ထုတ်ပေးပြီး၊ ဝင်ငွေမှာ ဗဟိုသို့ရောက်ရှိ)
	ဒေသဆိုင်ရာ	ဥပမာ (ဂ) - သစ်အမျိုးအစားအချို့၊ MOECAF က စီမံခန့်ခွဲပြီး ဝင်ငွေမှာ ပြည်နယ်/တိုင်းသို့ ဘတ်ဂျက်သို့ဝင်ရောက်	ဥပမာ (ဃ) မြန်မာ့ဆားနှင့် အဏ္ဏဝါဓါတုဗေဒလုပ်ငန်းအောက်မှ ဆားထွက်ပစ္စည်းများ

[y] နိုင်ငံတော်သမ္မတက ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ထိန်းကျောင်းပေးရန် ပြုပြင်ပြောင်းလဲရေးဦးဆောင်ကော်မတီ (National Reform Steering Committee) ကိုဖွဲ့စည်းပေးခဲ့ပြီး ဆပ်ကော်မတီ သို့မဟုတ် Delivery Units ၂၆ ခုကိုလည်း ဖွဲ့စည်းပေးခဲ့သည်။ အဆိုပါ ဆပ်ကော်မတီများကို ပြည်ထောင်စု ဒုတိယဝန်ကြီးများက ဦးဆောင်ပြီး ၄င်းတို့သည် အဓိကအားဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများ နှင့် ပြည်ထောင်စုဝန်ကြီးဌာနများအကြား ပေါင်းကူးဆက်သွယ်ဆောင်ရွက်ပေးရန် ရည်ရွယ်ကြောင်း သိရသည်။ အထွေထွေ အုပ်ချုပ်ရေး၊ ဘဏ္ဍာရေးနှင့် နိုင်ငံရေး ဗဟိုချုပ်ကိုင်မှုဖြေလျှော့မှုဖြစ်စဉ်များကို *State and Region Governments in Myanmar* (Nixon *et al.* 2013) အသေးစိတ် ဆွေးနွေးထားပါသည်။

၃.၁ ဘဏ္ဍာရေးဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း (Fiscal Decentralization)

ဒေသဆိုင်ရာ အစိုးရများ၏ စီမံကိန်းရေးဆွဲမှုနှင့် ဘတ်ဂျက်ပြင်ဆင်မှုဖြစ်စဉ်များမှာ ပြုပြင်ပြောင်းလဲလျက် ရှိသည်။ ဆင်းရဲမှုလျှော့ချရေးနှင့် အသုံးစရိတ် လိုအပ်ချက်များကို ဖြေရှင်းနိုင်ရန် ဗဟိုအစိုးရမှ 'ပုံသေနည်းအခြေခံ လွှဲပြောင်းပေးငွေ' (Formula based transfers) များကို အကောင်အထည်ဖော်နိုင်ရန် စဉ်းစားလျက်ရှိကြောင်း သိရသည်။ ဘဏ္ဍာရေးဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းအတွက် လမ်းပြမြေပုံကို ဤစာတမ်း၏ တွဲဖက် စာတမ်းဖြစ်သော မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးဗဟိုချုပ်ကိုင်မှုလျှော့ချရေး (Nixon and Joelene) တွင် လေ့လာ သုံးသပ်ထားပါသည်။[96]

သမ္မတ၏ အမိန့်ကြေငြာချက်များတွင် အုပ်ချုပ်ရေးခွဲ ပြည်နယ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၏ အခန်းကဏ္ဍကိုမြှင့်တင်ရန်နှင့် ပြည်ထောင်စုဝန်ကြီးဌာနများအား လုပ်ငန်းတာဝန်အချို့ကို ဒေသဆိုင်ရာအဆင့်မှ ၄င်းတို့၏ အုပ်ချုပ်ရေးအဖွဲ့အစည်းများသို့ လွှဲပြောင်းပေးရန် ညွှန်ကြားခဲ့သည်ကို တွေ့ရသည်။[97] တစ်ချိန်တည်းတွင် ဒေသဆိုင်ရာ အစိုးရများသို့ လွှဲပြောင်းပေးငွေများကိုလည်း တိုးမြှင့်ပေးခဲ့ပါသည်။ ၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်မှ ပြည်နယ်နှင့် တိုင်းဒေသကြီး ဘတ်ဂျက်များသို့ ထောက်ပံ့ငွေ သို့မဟုတ် ချေးငွေများအဖြစ် ချထားပေးမှုမှာ တိုင်းပြည်၏ အရင်းရင်းသုံးစွဲငွေ၏ ၃.၆% သာရှိသော်လည်း[98] ၂၀၁၄-၁၅ ဘတ်ဂျက်တွင် ယင်းပမာဏ၏ သုံးဆခန့် တိုးမြှင့်လာပြီး ၁၁.၈% ရှိပါသည်။[99]

လက်ရှိစနစ်တွင် ပြည်ထောင်စုအစိုးရ၏ အသုံးစရိတ်များမှာ နေရာ ဒေသအလိုက်မဟုတ်ဘဲ ကဏ္ဍအလိုက်ဝန်ကြီးဌာနများ အနေဖြင့်သာ မှတ်တမ်းတင်ထားရာ ပြည်ထောင်စုအစိုးရ၏ ပြည်နယ်နှင့် တိုင်းဒေသကြီး တစ်ခုချင်းစီအတွက် အသုံးစရိတ် စုစုပေါင်းကို မသိရှိရပါ။[z] အချို့သော မူဝါဒချမှတ်သူများအနေဖြင့် ရန်ကုန်နှင့် မန္တလေးအကြားနှင့် တရုတ်နှင့် အိန္ဒိယအကြား ကုန်သွယ်မှုလမ်းကြောင်း များကို ဗဟိုပြုသည့် စီးပွားရေး စီမံကိန်း နှင့် သယံဇာတထွက်ရှိသော နယ်စပ်ဒေသ ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ ပိုမိုရှိ သယံဇာတမှရငွေများ ခွဲဝေချထားပေးမှုတို့ အကြား ကွာဟချက်များ ရှိနေကြောင်းကို သတိမူမိကြ ပါသည်။[100]

ပြည်နယ်နှင့် တိုင်းဒေသကြီးဘတ်ဂျက်များတွင် ၄င်းတို့၏ အခွန်အခများနှင့် SOE အချို့တို့မှ ရရှိသော 'ကိုယ်ပိုင်ရင်းမြစ်ဝင်ငွေ' (own-source revenue) နှင့် ပြည်ထောင်စုအစိုးရထံမှ ရရှိသော ထောက်ပံ့ငွေနှင့် ချေးငွေများ ပါဝင်ပါသည်။ စုစုပေါင်းဘတ်ဂျက်ပမာဏကို ဒေသတွင်းရငွေနှင့် သုံးငွေအကြား ကွာဟချက်လိုငွေနှင့် ယမန်နှစ်များမှ အစဉ်အလာများကို အခြေပြု၍ ပြည်နယ်/တိုင်းဒေသကြီးများနှင့် ပြည်ထောင်စု အစိုးရ အကြား အဆိုပြုမှု၊ ဆွေးနွေးညှိနှိုင်းမှု ဖြစ်စဉ်များကို ဖြတ်သန်းပြီး ဆုံးဖြတ်ရပါသည်။ ကချင်လွတ်တော်အမတ်တစ်ဦးမှ တွေ့ဆုံ မေးမြန်းရာတွင် 'ပြည်နယ်ဘတ်ဂျက်ကတော့ နှစ်စဉ်လိုငွေပြပါတယ်။ ဒါကြောင့် လိုအပ်တဲ့ ငွေကို နေပြည်တော်က ဖြည့်ပေးရတယ်' ဟုပြောသည်။[101] ထို့အပြင် ပြည်နယ်အတွင်း ကိုယ်ပိုင်ရင်းမြစ်ဝင်ငွေ အဖြစ် ဝင်ငွေ ပိုမိုကောက်ခံရရှိပါကလည်း ပြည်နယ်ဘတ်ဂျက် ပိုတိုးလာသည် (တစ်ကျပ်တိုး၍ ကောက်နိုင်သောကြောင့် ဘတ်ဂျက်လည်း တစ်ကျပ်တိုးသည်) ဆိုသည့် သဘောမျိုး မရှိကြောင်း နားလည်နိုင်ပါသည် (၄င်းမှာ ဝင်ငွေ ကောက်ခံရရှိမှုဆိုင်ရာ စွမ်းဆောင်ရည်ကို တိုးတက်လာဖို့ အဟန့်အတားဖြစ်နေပါသည်)။ အဓိကကျသော ကိုယ်ပိုင်ရင်းမြစ်ဝင်ငွေများမှာ စည်ပင်အခွန်များ၊ ပြည်နယ် ဆောက်လုပ်ရေးဌာနမှ ရငွေများတို့ဖြစ်ပါသည်။[102]

---

[z] 'ပြည်ထောင်စု ဘတ်ဂျက်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးရှိဌာန အပေါ် ဗဟိုတာဝန်အားပြုမှုလျှော့ချထားသည့် ဌာနများအတွက် ဘတ်ဂျက်ကို သီးသန့်မဖော်ပြထားပါ။ ဖိဆင်ပြည်ထောင်စုဝန်ကြီးဌာနများကိုသာ ဖော်ပြထားပါသည်။ ယခုအချိန်တွင် ပြည်နယ်/တိုင်းဒေသကြီး များတွင် ပြည်ထောင်စု၏ သုံးစွဲငွေ ပမာဏကို သိနိုင်သည့် ထပ်မံဖြည့်စွက်ဘတ်ဂျက်မှတ်တမ်းမရှိသေးပါ။ ထို့ကြောင့် ဘဏ္ဍာရေးဗဟိုချုပ်ကိုင်မှုဖြေလျှော့ရေးအတွက် အခြေခံအကျဆုံးမေးခွန်းဖြစ်သည့် *'မြန်မာနိုင်ငံတွင်ပြည်သူ့ငွေကြေးသုံးစွဲမှုကို မည်သို့၊ မည်မျှ ဗဟိုချုပ်ကိုင်မှု ဖြေလျှော့ထားသနည်း'* ဆိုသည့်မေးခွန်းကို ဖြေဆိုနိုင်ရန် ခက်ခဲလျက်ရှိပါသည်။ (Nixon and Joelene, 2014).

ပုံညွှန်း ၆ ၊ ပြည်နယ်/တိုင်းဒေသကြီး စုစုပေါင်း သုံးငွေထဲမှ ကိုယ်ပိုင်ရင်းမြစ်ဝင်ငွေ၊ ၂၀၁၃-၁၄



ရင်းမြစ် - ပြည်နယ်နှင့် တိုင်းဒေသကြီး ဘတ်ဂျက်ဥပဒေများ၊ ၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ်၊ နိုင်ငံတော်ပြန်တမ်း

လက်ရှိအချိန်တွင် ကိုယ်ပိုင်ရင်းမြစ်ဝင်ငွေမှာ ပြည်နယ်/တိုင်းဒေသကြီး အသုံးစရိတ်များ၏ ထက်ဝက်အောက်တွင် ရှိပြီး ၂၀၁၃-၁၄ ခုနှစ်တွင် ပျမ်းမျှ ၄၂ % ရှိပါသည်။

အခြေခံဥပဒေ ဇယား ၂ တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများဥပဒေပြုစာရင်းကို ဖော်ပြထားရာတွင် ကဏ္ဍ ရှစ်ခု ပါဝင်ပါသည်။ ကဏ္ဍတစ်ခုစီအတွက် ပေးထားချက်များမှာ နည်းပါးလှသည့် အပြင် အများစု ဆိုသလိုမှာ ပြည်ထောင်စုအဆင့်မှ ပြန်လည် အသေးစိပ် အဓိပ္ပါယ်ဖွင့်ဆိုပေးရန် လိုအပ်လျက်ရှိပါသည်။[103] သို့သော်လည်း အခြေခံဥပဒေတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ဥပဒေပြုရန်နယ်ပယ်များ သတ်မှတ်ပြဋ္ဌာန်းထားသည့်တိုင်၊ ပြည်ထောင်စုမှ ပြည်နယ်၊ တိုင်းဒေသကြီးများသို့ မည်မျှသာ တာဝန်လွှဲပြောင်းပေးနိုင်သည်ဟု ကန့်သတ်ထားခြင်း မရှိသည်ကို တွေ့ရသည်။

မှတ်စု ၂ ၊ ၂၀၁၈ ခွဲ့စည်းပုံ အခြေခံဥပဒေ၊ ဇယား ၂

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း (ဇယား ၂)

၄။ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ

(က) ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးမှ အပ မဟာဓာတ်အားလိုင်း နှင့် ဆက်သွယ်ခြင်းမရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် အလတ်စားနှင့် အသေးစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေး၊

(ခ) ဆားနှင့် ဆားထွက်ပစ္စည်း၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်း၊

(ဃ) ကျေးလက်ထင်းစိုက်ခင်း၊

(င) အပန်းဖြေစခန်းများ တိရိစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်။

အခြေခံဥပဒေ ၏ ဇယား ၅ တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ကောက်ခံနိုင်သည့် အခွန်အမျိုးအစားများကို ဖော်ပြထားသည်။ ၄င်းတို့တွင် သယံဇာတနှင့်ဆက်စပ်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကောက်ခံသော မြေခွန်နှင့် ခါတ်သတ္တုခွန်၊ သစ်တောဌာန

မှ ကောက်ခံသည့် သတ်မှတ်ထားသော သစ်များနှင် သစ်တောထွက်ပစ္စည်းများအပေါ် ကောက်ခံသည့်အခွန် နှင့် အသေးစားရေအား လျှပ်စစ်အချို့မှ လျှပ်စစ်ဓါတ်အား သုံးစွဲခများ ပါဝင်ပါသည်။[104] ၂၀၁၃-၁၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘတ်ဂျက်များ၌ ဓါတ်သတ္တုများ (ပြည်ထဲရေး ဝန်ကြီးဌာနအောက်မှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကောက်ခံသည်) နှင့် သစ်တောထွက် ပစ္စည်းများ (ပြည်နယ် သစ်တောဌာနမှ ကောက်ခံသည်) မှ အခွန်ရငွေကို အောက်တွင် ဖော်ပြထားပါသည်။

ဇယား ၈ ၊ ဓါတ်သတ္တုနှင့် သစ်တောထွက်ပစ္စည်းများအပေါ် ကောက်ခံသည့်အခွန်များမှရရှိသော ပြည်နယ်/တိုင်းဒေသကြီးဝင်ငွေ၊ ၂၀၁၃-၁၄ ဘဏ္ဍာနှစ်

ပြည်နယ်/ တိုင်းဒေသကြီး	ဓါတ်သတ္တုများထုတ်ယူမှုအတွက် ကောက်ခံသည့် အခွန် (ကျပ်သန်းပေါင်း)	သစ်တောပစ္စည်းများထုတ်ယူမှုအတွက် ကောက်ခံသည့် အခွန် (ကျပ်သန်းပေါင်း)
ဧရာဝတီ	၁၁.၇၈၇	၄၀၀.၅၇၃
ပဲခူး	၁၅.၉၃၈	၂၄၁.၈၈
ချင်း	၀.၀၈၈	၁၃.၂၇၄
ကချင်	၁.၁၂၂	၁၂၅.၃၀၄
ကရင်	၁.၇၅	၂၉၇.၃၇၂
ကယား	၀.၃	၂၅.၅၅၈
မကွေး	၁၁.၀၈၅	၁၂၄.၃၄၃
မွန်နယ်လေး	၁၁.၀၈	၈၄.၇၇၇
မွန်	၆.၄၇၅	၁၈၁.၃၈၈
ရခိုင်	၂.၃၃၇	၁၁၈.၈၉၄
စစ်ကိုင်း	၃၁.၇၂၇	၂၂၄.၆၄၉
ရှမ်း	၁၁.၇၉၈	၁၅၇.၀၁၈
တနင်္သာရီ	၀.၈၃၂	၁၂၅.၁၈၅
ရန်ကုန်	၂၇.၇၁၈	၁၁၀.၀၇၉

ရင်းမြစ် - ပြည်နယ်နှင့် တိုင်းဒေသကြီး ဘတ်ဂျက်ဥပဒေများ၊ ၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ်၊ နိုင်ငံတော်ပြန်တမ်း

ယခင်က သတ္တုတွင်း ဝန်ကြီးဌာနအောက်တွင်ရှိသော မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒလုပ်ငန်းအား အခြေခံဥပဒေ ဇယား၂ နှင့် အညီ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများထံသို့ လွှဲပြောင်းပေးပြီး ဖြစ်ကြောင်း သိရသည်။ ၂၀၁၃/၁၄ ဘတ်ဂျက်ပါ ကိန်းဂဏန်း များအရ ယင်းလုပ်ငန်းမှာ ပြည်နယ်/တိုင်းဒေသကြီးဘတ်ဂျက် ရှစ်ခု၌ ခုနှစ်ခု အရှုံးပြနေကြောင်းတွေ့ရသည်။ [aa] [105]

အသေးစားရေအားလျှပ်စစ်ထုတ်လုပ်သည့် ဆည် များမှာလည်း ပြည်နယ်/တိုင်းဒေသကြီးဘတ်ဂျက်သို့ တစ်စုံတစ်ရာ ထည့်ဝင်ပါသည်။ ကချင်ပြည်နယ် အစိုးရအဖွဲ့ဝင်တစ်ဦးဖြင့် တွေ့ဆုံမေးမြန်းရာတွင် အသေးစားရေအားလျှပ်စစ်သုံးခုမှ ပြည်နယ်ရန်ပုံငွေသို့ ၂၀၁၄-၁၅ ခုနှစ်တွင် ဝင်ငွေစတင်ရရှိမည်ဖြစ်ကြောင်း သိရသည်။[106] ရှမ်းပြည်နယ် လျှပ်စစ်ဌာနမှ အင်ဂျင်နီယာ၏ ပြောကြားချက် အရ ရှမ်းပြည်နယ်တွင် အသေးစား ရေအားလျှပ်စစ် ထုတ်လုပ်မှု စက်ရုံ ၁၀ ရှိကြောင်း၊ ယင်းမှ လျှပ်စစ်ဓါတ်အားသုံးစွဲခများကို ပြည်နယ်ရန်ပုံငွေ သို့ ထည့်ဝင်ကြောင်း သိရသည်။[107]

ရငွေ၏ ရင်းမြစ်မူလဒေသသို့ ရာခိုင်နှုန်းအချို့ ပြန်လည်ပေးအပ်သည့် derivation principle သဘောဆောင်သည့် အခွန်အခ ကောက်ခံမှု အချို့ကိုလည်း တွေ့ရှိရပါသည် (ဆိုလိုသည်မှာ ကောက်ခံရရှိခဲ့သည့် မူလ တိုင်းဒေသကြီး/ ပြည်နယ်သို့ ပြန်ခွဲပေးခြင်း)။ ဥပမာအားဖြင့် ၂၀၁၃ ခုနှစ်တွင် မော်တော်ဆိုင်ကယ် လိုင်စင်ပြုလုပ်ခြင်းမှ ရရှိသော ဝင်ငွေများ၏ ၂၅% ကို ပြည်နယ်များနှင့် တိုင်းဒေသကြီးများသို့ ပေးအပ်ခဲ့ကြောင်းသိရသည်။ ကချင်ပြည်နယ်မှ အရာရှိများကို မေးမြန်းကြည့်ရာတွင် ၂၀၁၃/၁၄ ဘဏ္ဍာနှစ်တွင် ကျပ်သန်း ၄၀၀ ခန့် ရရှိခဲ့ကြောင်းပြောသည်။ သယံဇာတဆိုင်ရာ ဝင်ငွေများကိုတော့ ဤ ပုံစံမျိုး ကောက်ခံခွဲဝေမှု မပြုသေးပါ။[108]

[aa] အမြတ်ပိုငွေ ကျပ် ၅ သန်း ပြသော ဧရာဝတီ တိုင်းဒေသကြီးမှလွဲ၍

ပြည်ထောင်စု ဝန်ကြီးဌာနများ သို့မဟုတ် ပြည်တွင်းအခွန်များဦးစီးဌာန မှရရှိသည့် သယံဇာတနှင့် ဆက်စပ်သော ပေးငွေများအား ဘဏ္ဍာရေးဝန်ကြီးဌာနသို့ပေးပို့ အစီရင်ခံရာတွင် ယင်းငွေများရရှိရာ မူလဒေသ အားဖြင့် တင်ပြလေ့မရှိပါ။ ကုမ္ဍဏီတစ်ခုအနေဖြင့် ပေးဆောင်ရမည့် အခွန်အား ၄င်းအမှန်တကယ် သယံဇာတထုတ်ယူသည့် ဒေသတွင်မဟုတ်ဘဲ ကုမ္ဍဏီရုံးချုပ်တည်ရှိသည့် မြို့နယ်မှ အခွန်ရုံးတွင်သာ သွားရောက်ပေးဆောင်မည် ဖြစ်သည်။[109] အလားတူပင် MOGE ကဲ့သို့သော နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်း များသည်လည်း သယံဇာတထုတ်ယူမှု လုပ်ကွက်များ၏ အရှုံး၊ အမြတ်ကို တပေါင်းတည်း (aggregate) သာဖော်ပြပြီး၊ ဝန်ကြီးဌာနများမှ ပြည်ထောင်စု ဘတ်ဂျက်သို့ ထည့်ဝင်မှုများတွင်လည်း ရငွေများ၏ ရင်းမြစ်မူလဒေသကို ဖော်ပြထားခြင်းမရှိပါ။ ပြည်နယ်/တိုင်းဒေသကြီးအစိုးရများနှင့် လွှတ်တော်များအနေဖြင့် ထိုသတင်းအချက်အလက်ကို ပြည်တောင်စုအစိုးရထံသို့ မေးမြန်းတောင်းခံနိုင်သော်လည်း အချို့ကသာ ဤသို့ပြုလုပ်သည်ကို တွေ့ရသည်။[110]

သာဓကအားဖြင့် ကချင်ပြည်နယ်လွှတ်တော်သည် ကချင်ပြည်နယ်အတွင်းလုပ်ကိုင်နေသည့် သတ္တုတူးဖော်မှုလုပ်ငန်းများနှင့် ၄င်းမှ ရငွေများကို မေးမြန်းရာတွင် ပြည်ထောင်စုသတ္တုတွင်းဝန်ကြီးဌာနမှ ၂၀၁၂-၁၃ ခုနှစ်နှင့် ၂၀၁၃-၁၄ ပထမနှစ်ဝက်တွင် ကချင်ပြည်နယ် အတွင်းသတ္တုတွင်းလုပ်ငန်း လုပ်ကိုင်ရန် ထုတ်ပေးခဲ့သည့် ပါမစ်အရေအတွက် နှင့် ရငွေများကို ရှင်းလင်းထားသည့် စာကို ကချင်လွှတ်တော်သို့ ပေးပို့ခဲ့သည်။[111] ယင်းစာအရ အကြီးစား ထုတ်လုပ်ခွင့်ပါမစ် ၃ စောင်၊ အသေးစား ထုတ်လုပ်ခွင့် ပါမစ် ၁၁၀ စောင် နှင့် စမ်းသပ်တိုင်းတာခွင့် ပါမစ် ၉၀ စောင် တို့အား ကုမ္ဍဏီအရေအတွက် ၅၁ ခုကို ထုတ်ပေးထားပြီး ကျောက်မီးသွေး၊ ထုံးကျောက်၊ သံသတ္တု၊ မာဘယ်၊ မိုလစ်ဗီနမ်၊ ခဲ၊ ခဲမဖြူ-အဖြိုက်နက်၊ ဆာပင်တီနိုက် နှင့် ရွှေထုတ်လုပ်မှုလုပ်ငန်းများ ပါဝင်ကြောင်း သိရသည်။ သို့သော် ယင်းစာတွင် ကျောက်စိမ်းနှင့် ကျောက်မျက်လုပ်ငန်းများကို ဖော်ပြမထားပါ။ တွေ့ဆုံမေးမြန်းခဲ့သည့် ကချင်ပြည်နယ် လွှတ်တော်အမတ်များက တရားဝင်ကောက်ခံရရှိသည် ရငွေများမှာ တရားမဝင်တူးဖော်မှုပမာဏဖြင့် နှိုင်းယှဉ်ပါက လွန်စွာသေးငယ်သောပမာဏ သာဖြစ်ကြောင်း ထောက်ပြပါသည်။

ဇယား ၉ ၊ သတ္တုတွင်းဝန်ကြီးဌာန၏ ကချင်ပြည်နယ်အတွင်း ဓါတ်သတ္တုလုပ်ငန်းများမှ ကောက်ခံရရှိသော အခွန်အစေများ (ကျောက်မျက်နှင့် ကျောက်စိမ်း မပါဝင်ပါ)[bb]

	၂၀၁၂-၁၃ ဘဏ္ဍာရေးနှစ်	ကျပ်သန်းပေါင်း	အမေရိကန် ဒေါ်လာ	ရွှေ (ကျပ်သား)
၁.	မြေငှားရမ်းခ	၂၁.၉၆၃၉	-	-
၂.	ဓါတ်သတ္တုခွန်	၀.၁၃၅၀	၃၄,၂၁၂.၄၀	၁၀၈.၆၉၅
၃.	အမှတ် (၁) သတ္တုတွင်းလုပ်ငန်းသို့ ထုတ်လုပ်မှုအပေါ် ခွဲဝေမှု အချိုး	-	၂၈၆၄၆၀.၂၈	-
၄.	အမှတ် (၂) သတ္တုတွင်းလုပ်ငန်းသို့ ထုတ်လုပ်မှုအပေါ် ခွဲဝေမှု အချိုး	-	-	၉၈၇.၂၆၀
	ပေါင်း	၂၂.၀၉၈၉	၃၂၀၆၇၂.၆၈	၁၀၈၆.၉၅၅
	၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ် ပထမ (၆) လပတ်			
၁.	မြေငှားရမ်းခ	၁၇.၉၇၅၅	-	-
၂.	ဓါတ်သတ္တုခွန်	၈.၀၃၅၃	၂၇၈၀၀.၀၀	၂၆.၉၉၉
၃.	အမှတ် (၁) သတ္တုတွင်းလုပ်ငန်းသို့ ထုတ်လုပ်မှုအပေါ် ခွဲဝေမှု အချိုး	-	၂၀၀၁၆၀.၀၀	-
၄.	အမှတ် (၂) သတ္တုတွင်းလုပ်ငန်းသို့ ထုတ်လုပ်မှုအပေါ် ခွဲဝေမှု အချိုး	-	-	၂၄.၂.၉၉၂
	ပေါင်း	၂၆.၀၁၀၈	၂၂၇၉၆၀.၀၀	၂၆၉.၉၉၁
	စုစုပေါင်း	**၄၈.၁၀၉၈**	**၅၄၈၆၃.၂.၆၈**	**၁၃၅၆.၉၆၄**

ရင်းမြစ် - သတ္တုတွင်းဝန်ကြီးဌာနမှ ကချင်ပြည်နယ်လွှတ်တော်သို့ ပေးပို့အစီရင်ခံစာ

[bb] *ကျပ်သား* သည် မြန်မာအလေးချိန်အတိုင်းအတာဖြစ်ပြီး ၁ ပိဿာ(၁၀၀ ကျပ်သား)သည် ၁.၆၃ ကီလိုဂရမ်ဖြင့် ညီမျှသည်။

ဤကဲ့သို့ မေးမြန်းတောင်းခံမှုအပေါ် တုံ့ပြန်သည်ကို ကြည့်ခြင်းအားဖြင့် ပြည်နယ်အစိုးရအနေဖြင့် သယံဇာတစီမံအုပ်ချုပ်မှု ရေးရာနှင့် ဝင်ငွေစီးဆင်းမှု အပေါ် ပိုမိုပါဝင်နိုင်ရန် စိတ်ဝင်စားမှုဆန္ဒ ရှိနေကြောင်း ပေါ်လွင်နေပါသည်။ အခြားသောပြည်နယ်/တိုင်းဒေသကြီးများမှ အရာရှိများအား မေးမြန်းရာတွင် ၄င်းတို့အနေဖြင့် ဤကဲ့သို့ အကဲဆတ်သည့် သတင်းအချက်အလက်များ တောင်းခံရန်အတွက် တွန့်ဆုတ်မိကြောင်း ပြောပါသည်။ ပိုမိုရှိ ပွင့်လင်းမြင်သာသည့် စနစ် ဖြစ်ပေါ်အောင် ကြိုးပမ်းရာတွင်ထိုသို့သော အစီရင်ခံတင်ပြမှုမျိုးကို ပုံမှန်လုပ်ရိုးလုပ်စဉ် ဖြစ်အောင် သို့မဟုတ် နိုင်ငံ၏ ငွေစာရင်းများတွင် ရင်ငွေများ၏ ရင်းမြစ်မူလ ဒေသကို ထည့်သွင်းမှတ်တမ်းတင်နိုင်အောင် လုပ်ဆောင်သင့်ပါသည်။

၃.၂ စီမံအုပ်ချုပ်မှုဆိုင်ရာ ဖွဲ့စည်းတည်ဆောက်ပုံများ

ပြည်နယ်များနှင့် တိုင်းဒေသကြီးများတွင် သယံဇာတအရင်းအမြစ်များနှင့် ပတ်သက်ပြီး စီမံအုပ်ချုပ်မှု အလေ့အထများမှာ ကဏ္ဍအပေါ်မူတည်၍ ကွဲပြားကြပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များတွင် ဝန်ကြီးများရှိသော်လည်း စီမံအုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ဝန်ကြီးဌာနများ အမှန်တကယ် ရှိမနေပါ။[112] ထို့ကြောင့်ပင် ဒေသန္တရအဆင့်၌ အုပ်ချုပ်မှုလုပ်ငန်းတာဝန်များကို ပြည်ထဲရေးဝန်ကြီးဌာနအောက်မှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD) က အဓိက ဆောင်ရွက်ပါသည်။ ဖွဲ့စည်းပုံအရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို တာဝန်ခံရသော GAD သည် မြန်မာနိုင်ငံ အုပ်ချုပ်ရေး၏ ပင်မကျောရိုးဖြစ်နေဆဲပင်။[113] ဥပမာအားဖြင့် အရပ်ဘက်လူမှုအဖွဲ့အစည်းခေါင်းဆောင်တစ်ဦးက ဝန်ကြီးချုပ်အနေဖြင့် လုပ်ပိုင်ခွင့်အချို့ (ဥပမာအစိုးရအဖွဲ့ဝင်များ ခန့်အပ်ခြင်း) ရှိကောင်းရှိမည် ဖြစ်သော်လည်း ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်ကို အမှန်တကယ် ပြင်ဆင်ရေးဆွဲသည်မှာ GAD ပင်ဖြစ်သည် ဟု မှတ်ချက်ပြုပါသည်။[114] ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့တွင် ဝန်ကြီးချုပ်မှ ရွေးချယ်သော ပြည်နယ်/ တိုင်းဒေသကြီး စာရင်းစစ်ချုပ်လည်း ပါဝင်ပြီး ၄င်းက ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်ကို စာရင်းစစ်ဆေး၍ လွှတ်တော်သို့ အစီရင်ခံရသည်။ ဝန်ကြီးချုပ်မှတဆင့် နိုင်ငံတော် သမ္မတနှင့် ပြည်ထောင်စု စာရင်းစစ်ချုပ်တို့၏ လက်အောက်ခံသဘောမျိုး ဖြစ်နေသည့် စာရင်းစစ်ချုပ်၏ တာဝန်ခံမှုမှာ ရှင်းလင်းကွဲပြားမှု မရှိလှပါ။[115]

ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့တွင် ပြည်နယ်/တိုင်းဒေသကြီး သစ်တောနှင့် သတ္တုဝန်ကြီး ပါဝင်ပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီး၌ ပြည်ထောင်စုပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနမှ ဗဟိုတာဝန်လျှောချထားသည့် 'ပြည်နယ်/တိုင်း သစ်တောဦးစီးဌာနများ' ရှိကြသည်။[cc] ဤပြည်နယ်/တိုင်း သစ်တောဦးစီးဌာနများမှ ဝန်ထမ်းများမှာ မိခင်ပြည်ထောင်စု ဝန်ကြီးဌာနကို အဓိကတာဝန်ခံပြီး၊ ပြည်နယ် သစ်တောနှင့် သတ္တုဝန်ကြီးမှာ အတိုင်ပင်ခံ နေရာတွင် ရှိပါသည် (ပုံညွှန်း ၇ ကိုကြည့်ရန်)။ အခန်းငယ် ၂.၅ တွင် ဖော်ပြပြီးသည့်အတိုင်း MOECAF သည် ဒေသဆိုင်ရာအဆင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ၅ ခု ကိုဖွင့်လှစ်ထားပြီးဖြစ်၍ ဆက်လက်ပြီး အခြားဒေသများတွင် ထပ်မံဖွင့်လှစ်သွားမည် ဟုလည်း သိရသည်။ [116]

ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ပြည်နယ်အဆင့် သတ္တုတွင်းဦးစီးဌာန သို့မဟုတ် စွမ်းအင်ဌာနမရှိပါ။ အချို့သော ပြည်နယ်/တိုင်းဒေသကြီးများတွင်သာ ဘူမိဗေဒလေ့လာရေးနှင့် ဓါတ်သတ္တုရှာဖွေရေး ဦးစီးဌာန၏ ရုံးခွဲအချို့ ရှိပါသည်။ ကုန်းတွင်းရေနံ လုပ်ကွက် ရှိသည့် အချို့သော ဒေသများတွင် MOGE ၏ ရုံးခွဲအချို့ရှိပါသည်။ အသေးစားရေအားလျှပ်စစ်များအား ဆည်အမျိုးအစား (ရေပေးဝေရန်အတွက် သို့မဟုတ် လျှပ်စစ်ဓါတ်အားထုတ်လုပ်ရန်အတွက်) အပေါ်မူတည်၍ အမျိုးမျိုး အဖွဲ့/ဌာနများမှ ကြီးကြပ်ပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ အသေးစားရေအားလျှပ်စစ်ဆည်များမှာ အဖွဲ့အစည်း အမျိုးမျိုးမှ ပါဝင်စီမံခန့်ခွဲနေသည်သဘောမျိုးတွေ့ရပါသည်။

[cc] ပြည်နယ်သစ်တောဦးစီးဌာန ဝန်ထမ်းများ၏ လစာနှင့် အခြား သာမန်အသုံးစရိတ်များကို ပြည်နယ်/တိုင်းဒေသကြီးဘတ်ဂျက်မှကျခံသုံးစွဲပြီး ငွေလုံးငွေရင်းအသုံးစရိတ်နှင့် မြန်မာ့သစ်လုပ်ငန်း၏ အသုံးစရိတ်များကို ပြည်ထောင်စုပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဘတ်ဂျက်မှ ကျခံသည်။ တွေ့ဆုံခဲ့သော ကချင်ပြည်နယ် သစ်တောဦးစီးဌာနမှ အရာရှိတစ်ဦးမှ ပြောကြားရာတွင် ပြည်ထောင်စုရန်ပုံငွေမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ချထားပေးသည့် အသုံးစရိတ်များမှာ ဒေသတွင် ဖြစ်ပွားနေသည့် ပဋိပက္ခများကြောင့် သုံးစွဲနိုင်ခြင်းမရှိသေးကြောင်း သိရသည်။

ပုံညွှန်း ၇ ၊ သစ်တောကဏ္ဍ စီမံအုပ်ချုပ်မှု ဖွဲ့စည်းတည်ဆောက်ပုံ [dd]



ပုံညွှန်း ၈ ၊ သတ္တုတွင်းကဏ္ဍ စီမံအုပ်ချုပ်မှု ဖွဲ့စည်းတည်ဆောက်ပုံ



[dd] ပြည်နယ်နှင့် တိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနများမှ လက်ရှိတွင် ဖွဲ့စည်းတည်ထောင်လျက်ရှိသည် (အခန်း၂.၅ ကိုကြည့်ရန်)။ ယင်းဌာနများသည် ဒေသဆိုင်ရာအစိုးရများဖြင့် မည်သို့ပေါင်းစပ်ဆောင်ရွက်နိုင်မည်ကို မသိရသေးပါ။

သတ္တုတွင်း လုပ်ငန်းတစ်ခု မစတင်မီတွင် အုပ်ချုပ်သူများအကြား ဆွေးနွေးညှိနှိုင်းတိုင်ပင်မှု ဖြစ်စဉ်တစ်ခုကို ဆောင်ရွက်ရသည်ဟု ဆိုပါသည်။ သတ္တုတွင်းဝန်ကြီးဌာနမှ ကချင်လွှတ်တော်သို့ ပေးပို့သော စာတွင် -

> သတ္တုတွင်းဝန်ကြီးဌာနသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ဓါတ်သတ္တုလုပ်ငန်းများ လုပ်ကိုင်ရန် လုပ်ငန်းရှင်များမှ လျှောက်ထားရာတွင် တိုင်းဒေသကြီး/ပြည်နယ် အစိုးရ၏ သဘောထားမှတ်ချက်၊ သက်ဆိုင်ရာ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် မြေစာရင်းဦးစီးဌာန၊ မြို့နယ်သစ်တော ဦးစီးဌာန၊ ကျေးရွာအုပ်ချုပ်ရေးမှူး နှင့် ကျေးရွာသားများ ထောက်ခံတင်ပြချက်၊ ဆက်စပ် ဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက်တို့ဖြင့် စိစစ်ပြီး ကင်းရှင်း လွတ်ကင်းပါက သတ္တုတွင်း ဥပဒေနည်းဥပဒေများနှင့် အညီ ခွင့်ပြုမိန့်များ ထုတ်ပေးပါသည်။ ထို့နောက် ဝန်ကြီးဌာန အောက်ရှိ သက်ဆိုင်သည့် လုပ်ငန်းဌာနများနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စနစ်ဖြင့် စာချုပ်ချုပ်ဆို၍ ထုတ်လုပ်မှု လုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။

ဟူ၍ ဖော်ပြထားပါသည်။[117]

ကချင်ပြည်နယ် လွတ်တော်ကိုယ်စားလှယ်တစ်ဦးက 'ပြည်ထောင်စုအစိုးရက ရွှေနဲ့အခြား သတ္တုတွေလုပ်ငန်းတွေမှာ ပြည်နယ် အစိုးရရဲ့ မှတ်ချက်တောင်းပါတယ်။ ကျောက်စိမ်းနဲ့ အဖိုးတန်ကျောက်မျက်လုပ်ငန်းတွေမှာတော့ အဲလို မတောင်းပါဘူး' ဟု ခွင့်ပြုမိန့်ပါမစ် ချထားပေးမှု အပေါ် မှတ်ချက်ပြုပြောကြားသည်။

ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီဝင်ဖြစ်သည့် ရှမ်းပြည်နယ် သစ်တောနှင့် သတ္တုဝန်ကြီးက ပြည်ထောင်စုသတ္တုတွင်း ဝန်ကြီးဌာနအနေဖြင့် ၄င်းတို့နှင့် မကြာခဏ ဆွေးနွေးမှုများ ရှိကြောင်း ပြောသည်။ သို့ရာတွင် ဤသို့ တိုင်ပင်ဆွေးနွေးခြင်းများမှာ လုပ်ဆောင်ရန် တာဝန်တစ်ရပ်အဖြစ် သတ်မှတ် ပြဋ္ဌာန်းထားခြင်း မဟုတ်သည့်အပြင် ပြည်နယ်/တိုင်းဒေသကြီး၏ အုပ်ချုပ်မှု ပြုရိုကရေစီတွင်လည်း သယံဇာတရေးရာ ပြုပြင်ပြောင်းလဲမှု လုပ်ဆောင်ချက်များ ထိရောက်စွာ အကောင်အထည် ဖော်နိုင်ရန် ပြည့်ဝလုံလောက်သော ဖွဲ့စည်းတည်ဆောက်ပုံ မရှိပါ။ တွေ့ဆုံမေးမြန်းခဲ့သည့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ပြည်နယ်အတွင်း သတ္တုတွင်းလုပ်ငန်းလုပ်ကိုင်ရန် လျှောက်ထားရာတွင် 'လမ်းကြောင်းနှစ်သွယ်' ရှိကြောင်း၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရမှ တဆင့် သတ္တုတွင်း ဝန်ကြီးဌာနသို့ လျှောက်ထားခြင်းနှင့် နေပြည်တော်မှ သတ္တုတွင်း ဝန်ကြီးဌာနသို့ တိုက်ရိုက်လျှောက်ထားခြင်း တို့ ဖြစ်ကြောင်း ပြောပါသည်။ အတိုချုပ်ပြောရပါက ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအနေဖြင့် လျှောက်ထားမှုများကို လက်ခံဆောင်ရွက် ပေးရန် သာဖြစ်ပြီး၊ ပယ်ချပစ်ရန် ဥပဒေအရ လုပ်ပိုင်ခွင့် မရှိပါ။

၃.၃ မကြာခင်က ဆောင်ရွက်ခဲ့သော အပြောင်းအလဲများနှင့် ပြုပြင်ပြောင်းလဲရေးအတွက် အဆိုပြုချက်များ

ပြည်နယ်များနှင့် တိုင်းဒေသကြီးများအားလုံးတွင် အချိုးညီ၊ဘက်ညီအပြောင်းအလဲ ပုံစံ (symmetrical changes) မျိုး အဖြစ် ဥပမာ ဌာနများ (ပြည်နယ်သစ်တောဦးစီးဌာနကဲ့သို့)၊ သို့မဟုတ် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ (ဥပမာ မြန်မာ့ဆားနှင့် အဏ္ဏဝါ ဓါတုဗေဒလုပ်ငန်း) တို့ကို ပြည်နယ်/တိုင်းဒေသကြီး အုပ်ချုပ်မှု အောက်သို့ လွှဲပြောင်းခြင်း နှင့် ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက် အတွင်းတွင် ထည့်သွင်းခြင်း တို့ကို တွေ့ရပါသည်။ သို့တိုင်အောင် အချို့သော တိုက်ရိုက် အစီရင်ခံမှုတာဝန်များမှာ သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနများထံသို့သာ ဦးတည်နေဆဲ ဖြစ်သည်ကို လည်း တွေ့ရသည်။

ပြည်နယ် နှင့် တိုင်းဒေသကြီး အစိုးရ များက စီမံခန့်ခွဲကြီးကြပ်ပြီး၊ အခွန်ကောက်ခံပိုင်ခွင့်ရှိသည့် သစ်နှင့် သစ်တောထွက် ပစ္စည်း အမျိုးအစား ၁၀၄ မျိုးကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ပြည်ထောင်စု ဝန်ကြီးဌာန (MOECAF) က သတ်မှတ် လွှဲပြောင်း ပေးပြီး ဖြစ်သည်ဟု သိရသည်။[118] ၄င်းတို့တွင် ကျွန်းသစ်နှင့် အခြား အဖိုးတန် သစ်မာမျိုးစိတ်များ မပါဝင်ပါ။ MOECAF ၏ အမိန့်ကြေငြာချက်အရ သစ်မျိုးစိတ်များအပေါ် ပြည်နယ်/တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ အခွန်ကောက်ခံရမည် ဖြစ်ပြီး သတ်မှတ်ထားသည့် သစ်မျိုးစိတ် အလိုက် အခွန်ရငွေများကို ပြည်နယ်/တိုင်းဒေသကြီး ရန်ပုံငွေ သို့မဟုတ် ပြည်ထောင်စုဝန်ကြီးဌာန ရန်ပုံငွေ သို့ ထည့်သွင်းရမည်ဖြစ်သည်။[119]

၁၉၉၄ မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်မည့် ဥပဒေကြမ်းတွင် ပိုမို၍ မြင်သာထင်ရှားသည့် အပြောင်းအလဲ အချို့ ပါဝင်ပါသည်။ ယင်းဥပဒေကြမ်းတွင် အသေးစားသတ္တုတွင်း လုပ်ငန်းများအား ခွင့်ပြုမိန့်ထုတ်ပေးခြင်းကို ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့်သို့ လွှဲပြောင်းပေးရန် ထည့်သွင်းထားသည်ကို တွေ့ရသည်။ အတည်မပြုရသေးသည့် ဥပဒေကြမ်းတွင် အသေးစားနှင့် လက်လုပ် လက်စား သတ္တုတူးဖော်မှုလုပ်ငန်းများကို ပြည်နယ်/တိုင်းဒေသကြီး အစိုးရမှ ခွင့်ပြုမိန့်လိုင်စင် ထုတ်ပေးနိုင်မည် ဖြစ်သော်လည်း

ယင်းလုပ်ငန်းများမှ ရင်ဒေများကိုမူ ပြည်ထောင်စု သတ္တုတွင်းဝန်ကြီးဌာနသို့ ပေးသွင်းရမည်ဖြစ်သည်။ အသေးစား၊ အလတ်စားနှင့် အကြီးစားသတ္တုတွင်း လုပ်ငန်းများ၏ အရွယ်အစားကို လုပ်ကိုင်မည့် မြေဧရိယာအကျယ်အဝန်းနှင့် ရင်းနှီးမြှုပ်နှံထုတ်လုပ်မည့် နှစ်အရေအတွက် စသည်တို့အပေါ် မူတည်၍ သတ်မှတ်ထားသည်။[120] အချို့သော ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများနှင့် လွှတ်တော်အနေဖြင့် ယခင်ကတည်းကပင် အသေးစားသတ္တုတွင်းလုပ်ငန်းများအား လွှဲပြောင်းပေးရန် တိုက်တွန်းခဲ့ကြသဖြင့် ဤအပြောင်းအလဲကို ကြိုဆိုကြပါသည်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အရာရှိတစ်ဦးက ' တရားမဝင်တူး နေကြတာတွေက အများကြီးပဲ၊ ပြည်နယ် အစိုးရကို လုပ်ပိုင်ခွင့်ပေးရင် ပိုကောင်းအောင် စီမံခန့်ခွဲနိုင်မယ်၊ ပြည်နယ်အတွက်လည်း ပိုပြီး ငွေရမယ်' ဟု မှတ်ချက်ပြုသည်။

သို့သော်လည်း ရှမ်းပြည်နယ်မှအရပ်ဘက် လူမှုအဖွဲ့အစည်းခေါင်းဆောင်တစ်ဦးက တာဝန်ခံမှုကင်းမဲ့ခြင်းအပေါ် စိုးရိမ်ကြောင်းကို -

> ကျနော်တို့အနေနဲ့ အသေးစားဆိုတဲ့နေရာမှာ၊ ဘယ်လောက်သေးတာကအသေးစားလဲ၊ ဘယ်လောက် အလယ်အလတ်က အလတ်စားလဲ ဆိုသာ သေချာ သိဖို့လိုပါတယ်။ ဗဟိုချုပ်ကိုင်မှုကို ဖြေလျှော့နိုင်တာ ကောင်းပါတယ်။ ဒါပေမယ့် လက်ရှိ ဗဟိုချုပ်ကိုင်ထားတဲ့ အနေအထားမှာတောင် အကျင့်ပျက်ချစားမှုတွေ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ် နေပြီး ဒီသယံဇာတ အရင်းအမြစ်တွေကနေ တိုင်းပြည်က ဝင်ငွေရသင့်သလောက်မရဘဲ ဖြစ်နေပါတယ်။ ဒီအတွက် စိုးရိမ်မိတယ်။[121]

ဟုပြောဆိုသွားပါသည်။

အသေးစား သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းအပေါ် ကောင်းစွာ ရှင်းလင်းဖွင့်ဆို နိုင်မှု မရှိခြင်း နှင့် ယင်းဖြစ်စဉ်ကို ပံ့ပိုးမည့် လုပ်ငန်းအစီအစဉ်များ မရှိပါက ဤ လွှဲပြောင်းမှုသည် ပြဿနာများ ဖြစ်ပေါ်ရန် ပိုမိုရှိ အားပေးရာရောက်ပါလိမ့်မည်။ အမှန်အားဖြင့် ဒေသန္တရ အစိုးရများမှ ဝင်ငွေများကို ထိရောက်စွာ ကောက်ခံနိုင်ရန်မှာ ၄င်းတို့အနေဖြင့် ကောက်ခံရရှိမှုအား ကိုယ်တိုင်ထိန်းသိမ်းခွင့်ရှိနိုင်ဖို့ လိုပါသည်။ လွတ်လပ်စွာ ခွင့်ပြုမိန့် လိုင်စင်ထုတ်ပေးနိုင်ခြင်းနှင့် ကောင်းစွာ ကြီးကြပ်ဆောင်ရွက်ခြင်းကြောင့် ရမည့် အကျိုးခံစားခွင့်တို့ သီးခြားစီ ဖြစ်နေသည့်အခါတွင် အကျင့်ပျက် ခြစားမှုများ ပေါ်ပေါက်လာ နိုင်ပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှုအတွက် မူဘောင်တစ်ရပ် အဖြစ်ရှိနေသော်လည်း လက်ရှိ အချိန်တွင် ထိန်းသိမ်းစစ်ဆေးရန်နှင့် ဥပဒေအသက်ဝင်အောင်ဆောင်ရွက်ရန် သို့မဟုတ် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု သို့မဟုတ် အန္တရာယ်ရှိသော ကျန်းမာရေး/လုပ်ငန်းခွင် အနေအထားများ ကို ကာကွယ်နိုင်ရန်အတွက် အင်စတီကျူးရှင်းများ ရှိမနေသေးသည်ကို တွေ့ရသည်။ အသေးစား ရွှေတူးဖော်မှုလုပ်ငန်းများတွင် မာကျူရီ ကို အသုံးပြုလျက်ရှိကြပြီး စာရေးသူများမှ ရွှေတူးဖော်နေသည့် အလုပ်သမားများအား ကိုယ်တိုင်မေးမြန်းကြည့်ရာတွင် ရွှေမျောများမှအသုံးပြုပြီး ရေများထွက်ရှိရာ အနီးမှ မြစ်ရေကို ပင် သောက်သုံး နေကြကြောင်း တွေ့မြင်ခဲ့ရသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးအချို့အနေဖြင့် သဘာဝသယံဇာတ အရင်းအမြစ်နှင့် ပတ်သက်သော ဥပဒေများရေးဆွဲခြင်းနှင့် အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်းတို့ ဆောင်ရွက်လျက်ရှိသည် ကိုလည်း တွေ့ရပါသည်။

- ရှမ်းပြည်နယ်တွင် ပြည်နယ် အစိုးရက ဝန်ကြီးချုပ်၏ ညွှန်ကြားချက်ဖြင့် ကိုယ်ပိုင် 'ဆင်းရဲမှု လျှော့ချရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ရန်ပုံငွေ' တစ်ရပ် ထူထောင်ထားသည်ကို တွေ့ရသည်။ ပြည်နယ် သစ်တော နှင့် သတ္တုရေးရာ ဝန်ကြီး၏ ပြောကြားချက်အရ ယင်းရန်ပုံငွေမှာစတင်ထူထောင်ချိန်မှ စ၍ ယခုအချိန်တွင် ကျပ်သိန်း နှစ်ထောင့်လေးရာ ခန့် ရရှိပြီး ဖြစ်ကြောင်း သိရသည်။[ee] ယင်းရန်ပုံအတွက် သတ္တုတွင်း လုပ်ငန်းများမှ သတ္တုတွင်း အမျိုးအစားနှင့် အရွယ်အစား အလိုက် သတ်မှတ်ထားသည့် နှုန်းကို ပြည်နယ် အစိုးရသို့ တိုက်ရိုက် ပေးသွင်းကြရပြီး၊ အများအားဖြင့် အများဆုံး ၈က ၅၀ ရှိသည့် အသေးစား သတ္တုတွင်း လုပ်ငန်းများတစ်ခုစီအတွက် ၂၅ သိန်း ကောက်ခံသည်ဟု သိရှိရသည်။ ၄င်း ရန်ပုံငွေကို လက်ရှိအချိန်တွင် ရှမ်းပြည်နယ်မှ တောင်သူလယ်သမားများအား အသေးစား ချေးငွေများ ထုတ်ချေးခြင်းတွင် အဓိက အသုံးပြုလျက်ရှိကြောင်း သိရသည်။[122]
- မွန်လေးတိုင်းဒေသကြီး လွှတ်တော်နှင့် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်တို့သည် ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း နှင့် သွေးခြင်းဆိုင်ရာ ဥပဒေများကို အောက်တိုဘာ ၂၀၁၃ နှင့် မတ်လ ၂၀၁၂ များတွင် အသီးသီး ပြဋ္ဌာန်းနိုင်ခဲ့ပြီး[123]၊

[ee] တွေ့ဆုံမေးမြန်းသူများမှ ယင်းရန်ပုံငွေ မည်သည့်အချိန်တွင်စတင်ခဲ့ကြောင်းနှင့် မည်သို့ကောက်ခံကြောင်း တိကျစွာ ပြောပြခြင်းမရှိပါ။

> ကချင်ပြည်နယ် လွှတ်တော်သည်လည်း ယင်းဥပဒေကို ရေးဆွဲလျက်ရှိကြောင်း သိရသည်။[124] သို့သော် ပြည်နယ် လွှတ်တော် အမတ်များက ကချင်ပြည်နယ်တွင် ကျောက်မျက် ဖြတ်တောက်ခြင်း၊ သွေးခြင်း၊ အချောထည် ပြုလုပ်ခြင်း လုပ်ငန်းများကို အကောင်အထည် ဖော်နိုင်ရန်မှာ ခက်ခဲနေဦးမည်ပင်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ကချင် ပြည်နယ်တွင် တူးဖော်ရရှိသည့် ကျောက်စိမ်းတုံးများမှာ ကျောက်မျက်ရတနာ ဥပဒေအရ နေပြည်တော် ကျောက်စိမ်း ပြပွဲတွင် သွားရောက်ရောင်းချရမည် ဖြစ်သောကြောင့် ဖြစ်ကြောင်း ရှင်းပြပါသည်။

- ထို့အပြင် မတ်လ ၂၀၁၄ ခုနှစ်တွင် ကချင်အစိုးရမှ ကျောက်စိမ်းတွင်းများရှိရာ ဖားကန့်သို့ သွားရ လမ်းတစ်ခု ဖြစ်သော မိုးကောင်း - ဖားကန့် လမ်းမကြီးအား ပြင်ဆင်နိုင်ရန်အတွက် ကျောက်မျက်ရတနာလုပ်ငန်းကုမ္ပဏီတစ်ခုလျှင် သိန်း ၁၀၀ ကျပ်စီ ကောက်ခံခဲ့ကြောင်းကိုလည်း သတင်းများ အရ သိရှိရသည်။ [125]

ဤကြိုးပမ်းချက်များမှာ ပြည်နယ်နှင့် တိုင်းဒေသကြီးမှ ဦးဆောင်သူများအနေဖြင့် ၄င်းတို့ဒေသများအတွက် သယံဇာတဥစ္စာဓနမှ ဝင်ငွေဖန်တီးနိုင်ရန် အလားအလာအပေါ် စိတ်ဝင်စားမှု မြင့်မားလျက် ရှိကြောင်း ထင်ဟပ်နေပါသည်။ အချို့မှာ ဒေသဆိုင်ရာ အစိုးရ များ၏ လုပ်ပိုင်ခွင့် နယ်ပယ် အတိုင်းအတာ ကို ချဲ့ထွင်ရန် စမ်းသပ်သည်များ ဖြစ်နိုင်ပါသည်။ ဥပမာ ပြည်ထောင်စု အဆင့်မှ လွှတ်တော်ကိုယ်စားလှယ်များက အထက်တွင်ဖော်ပြခဲ့သည့် ဖားကန့်လမ်းအတွက် ငွေကြေးကောက်ခံမှုအပေါ် ဥပဒေအရ တရားဝင်မှု ရှိမရှိ မေးခွန်းထုတ်ခဲ့ကြပါသည်။ သို့သော်လည်း ဒေသန္တရ၏ စိုးရိမ်ပူပန်ချက်များကို ဖြေရှင်းစေလိုသည့် တောင်းဆိုချက် များလည်းရှိနေဆဲပင်။[126] ကချင်ပြည်နယ်မှ အရပ်ဘက်လူမှုအဖွဲ့အစည်းတစ်ခုမှ အဖွဲ့ဝင်တစ်ဦးက 'ဒီ (ဖားကန့် ကျောက်စိမ်းတွင်း များ) ကနေ ဒေါ်လာဘီလီယံ ပေါင်းများစွာ ရရှိနေပေမယ့်၊ လမ်းကတော့ ဘယ်လောက်တောင် ဆိုးဝါးပျက်စီးနေလဲ ဆိုတာ ကြည့်လိုက်ပါအုံး' ဟု ပြောဆိုသွားပါသည်။ [127]

၄င်းတို့သည် အချို့သော သစ်အမျိုးအစား သို့မဟုတ် သတ္တုတွင်းအရွယ်အစားတစ်ခုအပေါ်တွင် ဗဟိုတွင်အားပြုနေသည့် တာဝန်ကိုလျှော့ချသည့် အခြေခံသဘောတရား (deconcentration) တစ်ချို့ကို ထင်ဟပ်လျက်ရှိပါသည်။ ကျောက်မျက်သွေးခြင်း ဆိုင်ရာ ဥပဒေမှာ ကုန်ထုတ်လုပ်မှုဖြစ်စဉ်အား သယံဇာတထုတ်ယူသည့် ဒေသသို့ ပြောင်းရွှေ့ရန် ကြိုးပမ်းမှု တစ်ရပ် အဖြစ် ရှုမြင်နိုင်ပါသည်။ ကချင်ပြည်နယ်၌ လမ်းပြင်ဆင်မှုအတွက် ရန်ပုံငွေ ကောက်ခံမှုနှင့် ရှမ်းပြည်နယ်မှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဆင်းရဲမှုလျှော့ချရေး ရန်ပုံငွေများသည်လည်း သတ္တုတွင်းလုပ်ငန်းများကြောင့် ဖြစ်ပေါ်သည့် အခြေခံအဆောက်အအုံ သို့မဟုတ် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ ထိခိုက်ပျက်စီးမှုများအတွက် နစ်နာမှုလျော်ကြေး (compensation) ရရန် ဆိုသည့် ယူဆချက် အပေါ်တွင် အခြေခံထားကြောင်း နားလည်နိုင်ပါသည်။ ယင်းရည်ရွယ်ချက်များမှာ လက်ခံနိုင်ဖွယ်ရာ ဖြစ်ပြီး ရလဒ်ကောင်း များ ဖြစ်ပေါ်နိုင်ဖွယ် ရှိပါသည်။ သို့တိုင်အောင် စီးပွားရေး အတက်အကျ မတည်ငြိမ်မှုများကို ကာကွယ်နိုင်ရန်နှင့် ဤကဲ့သို့သော ရန်ပုံငွေများကို ထိရောက်စွာ အသုံးချနိုင်ရန်မှာ ပြည်နယ်တစ်ခုချင်းစီ၏ အစီအစဉ်များအနေဖြင့် တစ်ခုနှင့် တစ်ခု အချိတ်အဆက် ညီနေဖို့လိုပါသည်။

အချို့သော နယ်ပယ်များတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ သယံဇာတရေးရာ နှင့် ဆက်စပ်သော တာဝန်အချို့ကို ဖြေလျှော့ ပေးပါက ၄င်းသည် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ၏ စီမံခန့်ခွဲမှု အရည်အသွေး ပိုကောင်းအောင် စမ်းသပ် တည်ဆောက် နိုင်သည့် နေရာ ဖြစ်ကောင်း ဖြစ်နိုင်ပါသည်။ရှမ်းပြည်နယ် ဘဏ္ဍာရေးဝန်ကြီးက -

> တချို့က ပြည်နယ်နဲ့ တိုင်းဒေသကြီး အစိုးရတွေဟာ ပိုပြီးတော့ အာဏာနဲ့ လုပ်ပိုင်ခွင့်တွေ ရဖို့ ဒီလောက် အရည်အသွေး မရှိသေးဘူးလို့ ပြောကြပါတယ်။ တကယ်တော့ ဒါက ကားမောင်းသင် သလိုပါပဲ။ ကားမောင်းတတ်ဖို့ဆိုတာ ကိုယ်တိုင် မောင်းခွင့် မရဘဲနဲ့ ဘယ်တော့မှ မတတ်ပါဘူး။ တကယ်တော့ ကျနော်တို့က အောက်ခြေက ပြည်သူလူထုနဲ့ ပိုမို နီးကပ်တဲ့ အစိုးရပါ။ ပြည်သူက ပိုပြီး ယုံကြည်အားထားလာအောင် ကျနော်တို့ ပိုလုပ်နိုင်ပါ လိမ့်မယ်။

ဟုသုံးသပ်ပြောပြပါသည်။[128]

သို့ရာတွင် ဘူမိဗေဒလေ့လာတိုင်းတာမှု သို့မဟုတ် စာချုပ် ညှိနှိုင်း ချုပ်ဆိုမှု ကဲ့သို့သာ နည်းပညာရပ်ပိုင်းဆိုင်ရာကျွမ်းကျင်မှုများမှာ ယခုအချိန်တွင် ဒေသအဆင့်တွင် မရှိသေးသည့်အလျောက် ဤတာဝန်များကို ဗဟိုတွင်ရော ဒေသန္တရအဆင့်တွင်ပါ အချိန်တိုအတွင်း လုပ်ငန်းတာဝန်များ ခွဲဝေနိုင်ရန် မှ ခက်ခဲပါလိမ့်မည်။

၃.၄ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ပါဝင်မှု

ဗဟိုချုပ်ကိုင်မှု လျော့ချရေးဆိုင်ရာ အချို့သော ပြောဆိုချက်များမှာ တုံ့ပြန်နိုင်စွမ်းအားနှင့် ထိရောက်မြန်ဆန်မှု တို့အပေါ်တွင် အခြေတည် ပြောဆိုကြပါသည်။ နိုင်ငံအချို့တွင် အရပ်ဘက်လူမှု အဖွဲ့အစည်းများ (CSO) အနေဖြင့် ရွေးကောက်ခံ အစိုးရအရာရှိများအား ပြန်လှန်ထိန်းကျောင်း စစ်ဆေးနိုင်ကြပြီး သယံဇာတစီမံခန့်ခွဲမှု ဗဟိုချုပ်ကိုင်မှုလျော့ချသည့် အစီအစဉ်များကို ပိုမိုအောင်မြင်မှု ရစေရန် တွန်းအားပေးနိုင်ကြပါသည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် သယံဇာတရေးရာ စီမံအုပ်ချုပ်မှုအား ဒေသဆိုင်ရာ အဆင့်သို့ ဖြေလျော့မည့် အနေအထားတွင် ပြည်သူလူထုအား တာဝန်ခံမှုအတွက် အောက်ခြေဘက်မှ ရပ်ခံတင်ပြပေးရန်နှင့် ဒေသဆိုင်ရာ အစိုးရများ(ပြည်နယ်/တိုင်းအဆင့်၊ မြို့နယ်၊ ကျေးရွာ အဆင့်များအားလုံး) ဖြင့် ထိတွေ့ပြောဆိုလုပ်ကိုင်နိုင်ရန် ပြည်သူလူထု ကိုယ်စားပြုသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ လိုအပ်ပါသည်။ တိုးတက်မှုများ ရှိနေသည်ကိုလည်း တွေ့ရပါသည်။ သို့သော်လည်း ဒေသန္တရမီဒီယာ၊ အရပ်ဘက်လူမှု အဖွဲ့အစည်းများ နှင့် ရွေးကောက်ခံအစိုးရအဖွဲ့ဝင်များ အကြားမှ နိုင်ငံရေးဆိုင်ရာ မြင်ကွင်း (political landscape) မှာ ရုပ်လုံးပေါ် ပီပြင်လာအောင် ကြိုးစားနေကြရဆဲ ဖြစ်ပါသည်။ ဒေသန္တရအဆင့်မှ လုပ်ပိုင်ခွင့် အာဏာ များစွာရှိသည့် အချို့သော ဇာတ်ကောင်များမှာ ရွေးကောက်ခံများ မဟုတ်ကြဘဲ၊ ၄င်းတို့အနေဖြင့် တာဝန်ခံမှု နှစ်မျိုး ဖြစ်ပေါ်နေသည်ကို တွေ့ရသည် (ဥပမာ - ပြည်နယ် စာရင်းစစ်ချုပ်)။

မြန်မာနိုင်ငံတွင် လွန်စွာ တက်ကြွအားကောင်းသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လှုပ်ရှားမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ အများစုမှာ လူသိထင်ရှားသည့် ကချင်ပြည်နယ် မြစ်ဆုံစီမံကိန်း နှင့် စစ်ကိုင်းတိုင်းမှ လက်ပံတောင်းတောင် စီမံကိန်း စသည့် စီမံကိန်းများ အပေါ်တွင် အဓိက တက်ကြွလှုပ်ရှား လျက်ရှိပါသည်။ သဘာဝပတ်ဝန်းကျင်ရေးရာ လှုပ်ရှားဆောင်ရွက်ကြသည့် အဖွဲ့အစည်းများ သည် မြေယာအခွင့်အရေး၊ ရွှေ့ပြောင်းခံ ပြည်သူများအတွက် နစ်နာကြေးတောင်းဆိုခြင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအတွက် တောင်းဆိုခြင်း စသည်ကိစ္စရပ်များအပေါ်တွင် ဦးတည်လုပ်ဆောင်လျက်ရှိသည်။ ယေဘူယျအားဖြင့် ယင်းအဖွဲ့အစည်းများသည် သယံဇာတစီမံခန့်ခွဲခြင်းတွင် ဒေသန္တရပါဝင်မှု ပိုမိုရရှိနိုင်ရန်၊ သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းနိုင်ရေး အတွက် တရားဥပဒေစိုးမိုးမှု ပိုမိုအားကောင်းစေရန်နှင့် မြေယာအခွင့်အရေး လုံခြုံမှု၊ သယံဇာတထုတ်ယူမှုများ ထိန်းချုပ်လျော့ချရေး တို့ကို တိုက်တွန်းကြပါသည်။ ရံဖန်ရံခါတွင် ယင်းကိစ္စများအတွက် ဆန္ဒပြမှုများ ဖြစ်ပေါ်လာက အုပ်ချုပ်သူများဖြင့် ပဋိပက္ခများ ဖြစ်ပွားလေ့ရှိပါသည်။[129] ရှေ့နေအဖွဲ့တစ်ခုမှ အဖွဲ့ဝင်တစ်ဦးက သဘာဝသယံဇာတဆိုင်ရာ ကိစ္စများအား ယခင်ထက်ပိုမိုချ၍ တိုက်တွန်း နှိုးဆော်လှုပ်ရှားမှုများ ရှိလာကြောင်းကို '၂၀၁၀ မတိုင်ခင်နဲ့ ၂၀၁၀နောက်ပိုင်းက အရမ်းကွာခြားသွားတယ်။ လူတွေရဲ့ awareness က ၂၀၁၂-၁၃ လောက်မှာ တော်တော်မြင့်သွားပြီ။ ခု တစ်ချို့က မေးနေကြပြီ ငါတို့ဆောင်ထားတဲ့ အခွန်တွေ ဘယ်ရောက်သွားလဲ၊ သယံဇာတနဲ့ အဲ့ဒီကရတဲ့ revenue တွေနဲ့ ပတ်သက်ပြီး ပြည်သူက အရင်ကထက်ပိုပြီး ကျယ်ကျယ်လောင်လောင် ပြောနေကြပြီ' စသဖြင့် ပြောပါသည်။[130]

တွေ့ဆုံမေးမြန်းခဲ့သော အရပ်ဘက်လူမှု အဖွဲ့အစည်းများ၏ ပြောကြားချက် အရ ဒေသဆိုင်ရာ အစိုးရများနှင့် CSO များ အကြားတွင် ထိတွေ့ဆက်ဆံမှုများနှင့် ဆွေးနွေးမှုများ အရင်ထက် ပိုမိုဖြစ်ထွန်းလာသည် ဟု သိရသည်။ ရှမ်းပြည်နယ်တွင် ပြည်နယ်အစိုးရက သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာအတွက် နေရာစီစဉ်ပေးခဲ့သည်ဟု သိရသည်။ ကချင်ပြည်နယ်မှ လူမှုရေးအဖွဲ့ခေါင်းဆောင် တစ်ဦးက ယခုပြည်နယ် အစိုးရသည် ယခင် ပြည်နယ်အဆင့် အာဏာပိုင်များထက် ပို၍ အကူအညီပေးကြောင်း၊ လူမှုရေးဖွံ့ဖြိုးရေး အစီအစဉ်များတွင် ပိုမို၍ ဆက်သွယ် ဆောင်ရွက်လာနိုင်ကြောင်း မှတ်ချက်ပြုသည်။ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးက 'အခုပြည်နယ် အစိုးရအနေနဲ့ CSO တွေနဲ့ ပူးပေါင်းဆောင်ရွက်တာတွေရှိပါတယ်။ သူတို့ရဲ့အစည်းအဝေးတွေမှာ ဖိတ်ကြားရင် ကျနော်တို့ ပါဝင်တက်ရောက်ပြီး၊ တင်ပြချက်တွေ ဥပမာ တရားမဝင် သတ္တုတူးဖော်တာတွေကို တင်ပြတဲ့အခါ အရေးယူ ဖြေရှင်းပေးပါတယ်' စသဖြင့် ပြောပါသည်။ အချို့သော အရပ်ဘက်လူမှု အဖွဲ့အစည်းဝင်များက ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ၏ အခန်းကဏ္ဍမှာ အကန့်အသတ်ရှိနေသောကြောင့် သယံဇာတရေးရာ ကိစ္စများတွင် ထိရောက်စွာ ပါဝင်နိုင်စွမ်း နည်းသည်ဟုလည်း ထောက်ပြဝေဖန် ပါသည်။ ချင်းအရပ်ဘက်လူမှုအဖွဲ့အစည်း ခေါင်းဆောင်တစ်ဦးက -

> 'အစိုးရက သဘာဝအရင်းအမြစ် ကိစ္စတွေကို ပိုပြီးဖြေလျော့နေတယ်လို့ ပြောပါတယ်။ ဒါပေမယ့် ခုထိ ဒီကိစ္စအပေါ်မှာ ပြည်နယ် အစိုးရက ဘာမှ မဆုံးဖြတ်နိုင်ဘူး။ အဲ့ဒါက အဓိက ပြဿနာပဲ။ ဒေသခံလူထုက မေးရင် ပြည်နယ်အစိုးရက ဒီကိစ္စက သူတို့နဲ့ မဆိုင်ဘူး၊ ဒီကုမ္ပဏီနဲ့ပတ်သက်ပြီး အစိုးရ (ပြည်ထောင်စုအစိုးရ) နဲ့ ဘယ်လို သဘောတူထားလဲ သူတို့မသိဘူး ဆိုတာပဲ ပြန်ပြောတယ်'

စသဖြင့် သုံသပ်ပြသည်။[131]

ထို့အပြင် အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့် (ပြည်နယ်နှင့် တိုင်းဒေသကြီး အများစုတွင်) တရားဝင်ရပ်တည်နိုင်ရန်အတွက် ဝန်ကြီးချုပ်၏ ထောက်ခံချက်ကိုရရှိရန် လိုအပ်မှု စသည့် အကန့်အသတ် အခက်အခဲ အချို့လည်း ရှိနေပါသည်။[132] တွေ့ဆုံမေးမြန်းခဲ့သော အရပ်ဘက်လူမှုအဖွဲ့အစည်းဝင်များက ၄င်းတို့အနေဖြင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများထံမှ အမှန်တကယ် ပူးပေါင်းပါဝင်လုပ်ဆောင်မှုများကို လိုအပ်ကြောင်းကို 'ကျနော်တို့ရဲ့ အစည်းအဝေးတွေမှာ ပြည်နယ် အစိုးရကို ဖိတ်ပါတယ်။ ဒါပေမယ့် သူတို့က လာရင်လည်း ခဏပဲ သူတို့ ပြောချင်တာကို ပြောပြီး ပြန်သွားတာပါပဲ။ အရင်ထက်တိုးတက်လာတာ တစ်ခုကတော့ အစည်းအဝေးမှာ ကျနော်တို့က သူတို့ကို ပြန်ပြောလို့ရလာတာပဲ' စသဖြင့် ရှင်းလင်းပြောပြသည်။ EITI လုပ်ငန်းစဉ်၏ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ (multi-stakeholder group) တွင် အစိုးရ၊ အရပ်ဘက်လူမှု အဖွဲ့အစည်းနှင့်၊ စီးပွားရေးလုပ်ငန်းများ ပါဝင်ပါသည်။ ယင်းသုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့တွင် ပါဝင်သည့် အရပ်ဘက်လူမှုအဖွဲ့အစည်းအချို့က EITI လုပ်ငန်းအစီအစဉ်တွင် ပြည်နယ်/တိုင်းဒေသကြီးအဆင့်အလွှာတစ်ရပ် (subnational platform) ဖန်တီးရန် အဆိုပြုဆွေးနွေးထားကြပြီး ၄င်းတွင် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများနှင့် အရပ်ဘက်လူမှု အဖွဲ့အစည်းများ ပါဝင်မည်ဖြစ်သည်။ EITI အစီအစဉ်တွင် ၄င်းအား ထည့်သွင်းသည်ဖြစ်စေ မထည့်သွင်းသည်ဖြစ်စေ ၄င်းသည် ဒေသဆိုင်ရာအစိုးရများဖြင့် နည်းလမ်းတကျ ထိတွေ့ဆောင်ရွက်နိုင်ရန် နှင့် ဆက်သွယ်မှုလမ်းကြောင်းများ ပိုကောင်းမွန်စွာ ဖန်တီးနိုင်ရန် ဆန္ဒကို ထင်ဟပ်လျက် ရှိပါသည်။[ff]

[ff] ယင်းဆွေးနွေးချက်မှာ ' MSG အနေဖြင့် ဒေသဆိုင်ရာအဆင့် အရပ်ဘက်လူမှုအဖွဲ့အစည်း - အစိုးရ အထောက်အကူပြုအဖွဲ့ကို ဖွဲ့စည်းသွားရန်' ဖြစ်သည်။ (EITI ရုံးအဖွဲ့ဖြင့် တွေ့ဆုံမေးမြန်းခြင်း)

အခန်း ၄ - သက်ဆိုင်ပါဝင်နေသူများနှင့် ပြောဆိုဆွေးနွေးချက်များ

သယံဇာတ စီမံအုပ်ချုပ်မှုနှင့် ရင်ငွေစီးဆင်းမှုများ ဗဟိုချုပ်ကိုင်မှုဖြေလျှော့ရေးကို နိုင်ငံအဆင့်၊ ပြည်နယ်/ တိုင်းဒေသကြီး အဆင့်နှင့် ဒေသန္တရအဆင့် အသီးသီးတွင်း ဆွေးနွေးပြောဆိုမှုများ ရှိပါသည်။

တွေ့ဆုံမေးမြန်းခဲ့သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဝင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် တစ်ဦးက 'ဒီကိစ္စ (သယံဇာတမှ ရင်ငွေများ ခွဲဝေမှု) ကို ကျနော်တို့ လွှတ်တော်မှာ မဆွေးနွေးဖြစ်သေးပေမယ့် ပါတီ အတွင်းမှာတော့ ဆွေးနွေးပါတယ်။ ပြည်ထောင်စု စနစ်မှာ အရင်းအမြစ်ခွဲဝေမှု ရှိရတယ်ဆိုတာကို ကျနော်တို့ နားလည်ပါတယ်။ ကျနော်တို့ရဲ့ mindset တွေ ကို ပြောင်းဖို့လိုပါတယ်၊ ပြောင်းလဲလာတဲ့ စနစ်အသစ်မှာ အတွေးအခေါ်တွေလည်း လိုက်ပြောင်းဖို့လိုတယ်' စသဖြင့် ပြောပါသည်။[133] ဤကိစ္စအပေါ် ပြောဆိုဆွေးနွေးချက်များမှာ သတ္တုတွင်းလုပ်ငန်းများနှင့် အခြားစီးပွားရေးလုပ်ငန်းများအပေါ် ကောက်ခံမည့် အခွန်နှုန်းထားကိစ္စနှင့် လည်း ယှက်နွယ်လျက်ရှိသည်။

ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ၏ အချို့သော ဝန်ကြီးချုပ်များနှင့် အဖွဲ့ဝင် ဝန်ကြီးများသည်လည်း ဘဏ္ဍာရေးဗဟိုချုပ်ကိုင်မှု ဖြေလျှော့ရန် ထောက်ခံတိုက်တွန်းကြသည်ကို တွေ့ရသည်။[134] တွေ့ဆုံးမေးမြန်းရာတွင် ရှမ်းပြည်နယ်ဘဏ္ဍာရေးဝန်ကြီးက 'ကျနော်တို့ရဲ့ ဆန္ဒကတော့ ရှမ်းပြည်နယ်ထဲမှာ ကောက်ခံတဲ့ အခွန်အားလုံးရဲ့ ၇၅ % ကို ရချင်ပါတယ်။ ၂၅%ကတော့ ပြည်ထောင်စု အတွက်ပေါ့။ တစ်ချို့နိုင်ငံ တွေမှာ သတ္တုတွင်းကဏ္ဍဆိုရင် ၇၀% က ပြည်နယ်က ရပါတယ်။ အဲဒီလိုမျိုး ဖြစ်စေချင် ပါတယ်' စသဖြင့် ပြောပါသည်။[135] ကချင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များကလည်း သယံဇာတရေးရာတွင် ပိုမိုပါဝင်နိုင်သော ဆန္ဒရှိကြောင်းကို ' ခုချိန်မှာတော့ ကျောက်စိမ်း၊ သစ် စတာတွေကို ပြည်ထောင်စုကပဲ လုပ်ကိုင်နေပါတယ်။ ဒါပေမယ့် ရှေ့အနာတ် မှာတော့ ပြည်နယ် အနေနဲ့ ပိုရဖို့ ဆွေးနွေးရပါမယ်' ဟု စာရေးသူများကို ရှင်းလင်းပြောပြပါသည်။[136]

ဥစ္စာဓနခွဲဝေမှုဆွေးနွေးချက်များကို အများအားဖြင့် အရှုံး-အနိုင် ကစားပွဲ (zero-sum game) တစ်ခုအဖြစ်ရှုမြင်ကြလေ့ရှိပြီး၊ ဆွေးနွေးမှုကိုလည်း ကိန်းဂဏန်းအရခွဲခြမ်းမှု (ဥပမာ - ၃၀-၇၀၊ ၅၀-၅၀ သို့မဟုတ် ၁/၃စီ စသဖြင့်) ကန့်သတ်ထားလေ့ရှိကြသည် ကို တွေ့ရသည်။[137] သို့သော်လည်း မည်သည့်အရာကို ခွဲဝေမည်၊ မည်သို့တိုင်းတာမည် နှင့် မည်သည့် အဖွဲ့အစည်း အဆင့်များအကြား ခွဲဝေမည် တို့ကို မဆွေးနွေးနိုင်ပါက ထိုကိန်းဂဏန်းများမှာ နားလည်လက်ခံနိုင်ရန်ခက်ခဲနေပါဦးမည်။

မြန်မာနိုင်ငံ၌ မည်သို့သော သယံဇာတစီမံခန့်ခွဲမှု သို့မဟုတ် ဝင်ငွေ ခွဲဝေမှု ဆိုင်ရာ အစီအစဉ်များမဆို ဖြစ်စဉ်သုံးခုအပေါ်တွင် သက်ရောက်မှု ရှိမည် ဖြစ်ပြီး၊ ဤဖြစ်စဉ်များကလည်း ပြန်လည်၍ ပုံဖော်ပါလိမ့်မည်။ ၄င်းတို့မှာ -

၁။ စီးပွားရေးဆိုင်ရာ ပြင်ဆင်တည်ဆောက်မှု - သယံဇာတအသစ်များ ရှာဖွေခြင်းနှင့် တိုင်းတာ သတ်မှတ်ခြင်း၊ လက်ရှိ ဝင်ငွေ ရရှိစီးဆင်းမှုများကို ပိုမိုပွင့်လင်းမြင်သာမှုရှိစေရေး နှင့် နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းများအား ပုဂ္ဂလိကပိုင် လွှဲပြောင်းခြင်း

၂။ နိုင်ငံရေး/အခြေခံဥပဒေ ပြုပြင်ပြောင်းရေး - ဗဟိုချုပ်ကိုင်မှု ပိုမို လျှော့ချရေး၊ ရွေးကောက်ပွဲ ဖြစ်စဉ် နှင့် အခြေခံဥပဒေ

၃။ ငြိမ်းချမ်းရေးတည်ဆောက်မှု ဖြစ်စဉ် - အပစ်အခတ်ရပ်စဲရေး ဆွေးနွေးညှိနှိုင်းမှုများ နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများဖြင့် နိုင်ငံရေးဆွေးနွေးမှု မူဘောင်

ပြုပြင်ပြောင်းလဲရေးတွင် ပါဝင်နေသူ ဇာတ်ကောင်များအနေဖြင့် အထက်ဖော်ပြပါ ပြုပြင်ပြောင်းလဲရေးနယ်ပယ် သုံးခုစလုံးအား ဆက်စပ်စဉ်းစား နိုင်ရန် နှင့် ဘဏ္ဍာရေးဗဟိုချုပ်ကိုင်မှု ဖြေလျှော့ခြင်း သို့မဟုတ် သယံဇာတဥစ္စာများ ခွဲဝေမှု၏ ရှေ့နောက်အစဉ် (sequence) နှင့် အချိန် (timming) ကို မှန်ကန်စွာ ကိုင်တွယ် နိုင်ရန် အရေးကြီးပါသည်။

၄.၁ စီးပွားရေး ပြန်လည်တည်ဆောက်မှု

ဥစ္စာဓနခွဲဝေမှုအပေါ် ဆွေးနွေးမှုများဖြစ်ပေါ်နေသည့် တစ်ချိန်တည်းတွင်ပင် အလျင်အမြန်ကြီးထွားလာသည့် စီးပွားရေး၊ တိုးမြှင့်လာသည့် နိုင်ငံခြားရင်းနှီး မြုပ်နှံမှု နှင့် စီးပွားရေး ပြန်လည်တည်ဆောက်မှုများက မြန်မာနိုင်ငံ၏ သယံဇာတ ကဏ္ဍကိုလည်း ပြန်လည်ပုံသွင်းလျက်ရှိပါသည်။ ပြည်သူ့လွှတ်တော် သဘာဝသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ ပြည်သူ့လွှတ်တော် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီအဖွဲ့ဝင်တစ်ဦးက မြန်မာ့ရေနံဓါတုဗေဒလုပ်ငန်း(MPE)ကို ဖြစ်နိုင်သမျှ မြန်မြန် ပုဂ္ဂလိကပိုင် လွှဲပြောင်းသင့်ကြောင်း မှတ်ချက်ပြုပါသည်။[138] မြန်မာ့ရေနံထွက်ပစ္စည်းများ ရောင်းဝယ်ရေး

လုပ်ငန်း (MPPE) က လေယာဉ်ဆီ ထုတ်လုပ်ဖြန့်ဖြူးမှုကို ပုဂ္ဂလိကဖြင့် ဖက်စပ်လုပ်ကိုင်ရန် ကြေငြာသည်ကိုလည်း တွေ့ရပါသည်။[139] သို့သော်လည်း သမ္မတ၏ စီးပွားရေးအကြံပေးဖြစ်သူ ဒေါက်တာဦးမြင့်က နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပုဂ္ဂလိကပိုင် ပြုခြင်းသည် ခိုင်မာသည့် ဥပဒေမူဘောင်မရှိဘဲ မြန်ဆန်လွန်းနေကြောင်း ဝေဖန် ထောက်ပြပါသည်။[140]

တွေ့ဆုံမေးမြန်းခဲ့သော သတ္တုတွင်းလုပ်ငန်းအသင်းအဖွဲ့ အဖွဲ့ဝင်များ၊ ကုမ္ပဏီပိုင်ရှင်များနှင့် အတိုင်ပင်ခံများက ဥပဒေသတ်မှတ် ပြဋ္ဌာန်းချက်များ၊ ညွှန်ကြားချက်များ ရှင်းလင်းမှု၊ တည်ငြိမ်မှု မရှိခြင်းမှာ အဓိက အတားအဆီး ဖြစ်ကြောင်း တူညီစွာ ပြောပါသည်။ ရှမ်းပြည်နယ်မှ သတ္တုတွင်း လုပ်ငန်းရှင်များ အသင်းမှ အဖွဲ့ဝင်တစ်ဦးက 'သေချာတာကတော့ လုပ်ငန်းတစ်ခုဟာ တခြားနည်းလမ်း တွေမပါဘဲဥပဒေ အတိုင်းသာလိုင်စင် လျှောက်မယ်ဆိုရင် ဘယ်တော့မှရမှာမဟုတ်ဘူး' ဟူ၍မှတ်ချက်ပြုပြောပါသည်။[141] ပြည်ထောင်စုအဆင့်မှ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဥပဒေများက ရှင်းလင်းမှုမရှိသည့်အချိန်တွင် လူတွေက မစောင့်နိုင်ကြောင်း၊ 'လုပ်ငန်းစတင်နိုင်ဖို့ ဒေသအစိုးရဆီကနေ ဘယ်လိုနည်းလမ်းနဲ့ပဲဖြစ်ဖြစ် ခွင့်ပြုမိန့်ရအောင် လုပ်ကြတာပဲ' ဟု စာရေးသူများကို ရှင်းလင်းပြောပြပါသည်။[142]

ရေနံနှင့် သဘာဝဓါတ်ငွေ့ကဏ္ဍများ၌ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများသည် ပွင့်လင်းမြင်သာမှုဖြစ်ပေါ် ရေးအတွက် တွန်းအား ဖြစ်ကောင်း ဖြစ်နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် အချို့သော နိုင်ငံခြားကုမ္ပဏီများအနေဖြင့် ၄င်းတို့နိုင်ငံမှ ဥပဒေလိုအပ်ချက်များကို လိုက်နာရန် လိုအပ်သောကြောင့် ဖြစ်သည်။ သတ္တုနှင့် ကျောက်မျက်ရတနာ ကဏ္ဍများတွင်မူ အလားတူပုံစံမျိုး ဖြစ်မလာသေးပါ။ ပြည်ပရင်းနှီးမြှုပ်နှံသူများကို အတိုင်ပင်ခံဆွေးနွေ ပေးနေသူ တစ်ဦးက ၄င်းတွင် အတိုင်ပင်ခံဆွေးနွေးလိုသည့် နိုင်ငံတကာ သတ္တု တူးဖော်မှုကုမ္ပဏီများ ရှိသော်လည်း ဤကဏ္ဍမှာ အင်မတန်ရှုပ်ထွေးပြီး၊ ဝင်ရောက်ရန် စောလွန်းနေကြောင်း၊ လုပ်ကွက်အများစုမှာ ပဋိပက္ခဖြစ်ပွားသည့် ဒေသများတွင် ရှိနေပြီး၊ အကျင့်ပျက် ခြစားမှုလည်း များပြားကြောင်း ရှင်းပြသည်။[143]

ပြည်ထောင်စု ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေး (PFM – public financial management reform) ဖြစ်စဉ်ကို စတင်ဆောင်ရွက်နေပြီ ဖြစ်ပြီး ၄င်းသည် ဤစာတမ်းတွင် ဖော်ပြထားသည့် ရှုပ်ထွေးလှသော သယံဇာတမှရငွေ စီးဆင်းမှုများ (resource revenue-flows) ကို ပိုမိုလွယ်ကူရှင်းလင်းစေရန် အထောက်အကူဖြစ်နိုင်ပါသည်။ PFM အစီအစဉ်များတွင် ဝင်ငွေအားလုံးအား ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဘတ်ဂျက်စာရင်းတစ်ခုတည်းဆီသို့သာ စီးဆင်းစေရန် ပါဝင်ပါသည်။ ဤအတွက် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်မှ ပြည်တွင်းအခွန်များ ဦးစီးဌာနသည် စာရင်းစစ်ဆေးမှုနှင့် အခွန်များ အားလုံးအား စုစည်းကောက်ခံနိုင်မှု စသည့် အခွင့်အရေးများ ရရှိမည် ဖြစ်သည်။[144]

၄.၂ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ပြောင်းလဲရေး

၃၁ ဇန်နဝါရီ ၂၀၁၁ တွင် စတင်အသက်ဝင်လာခဲ့သော ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေသည် မြန်မာနိုင်ငံ၏ သုံးခုမြောက် အခြေခံ ဥပဒေဖြစ်ပြီး ယခင်တပ်မတော်အစိုးရလက်ထက်တွင် ရေးဆွဲခဲ့ခြင်းဖြစ်သည်။ ယခုအချိန်တွင် အခြေခံဥပဒေပြင်ဆင်ပြောင်းလဲရေး ဆိုင်ရာ နိုင်ငံရေး လှုပ်ရှားမှု အများအပြား ပေါ်ပေါက်လျက်ရှိသည်ကို တွေ့ရသည်။ အထူးသဖြင့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) နှင့် ၈၈ ငြိမ်းချမ်း/ပွင့်လင်း အင်အားစုများမှ ဦးဆောင်သော စည်းဝေးပွဲများနှင့် လက်မှတ်ထိုးတောင်းဆိုမှုများဖြစ်သည်။ လှုပ်ရှားမှုများမှာ အဓိကအားဖြင့် အခြေခံဥပဒေပုဒ်မ ၄၃၆ ပြင်ဆင်ရေးကို ဦးတည်ပါသည်။ ယင်းပုဒ်မအရ အခြေခံဥပဒေပြဋ္ဌာန်းချက် များအား ပြင်ဆင်နိုင်ရန်အတွက် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် ၇၅% ကျော်၏ ထောက်ခံမှုရရန် လိုအပ်ပါသည်။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၂၅%မှာ တပ်မတော်သား ကိုယ်စားလှယ်များ ဖြစ်သည်။[145] တိုင်းရင်းသား လူမျိုးစု နိုင်ငံရေးပါတီများမှာ ယေဘူယျအားဖြင့် ပြည်နယ်/တိုင်းဒေသကြီး ဝန်ကြီးချုပ် ခန့်အပ်မှု၊ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေး အာဏာများ ပိုမိုရရှိရေးနှင့် ပိုမိုခ၊ဝင်ငွေခွဲဝေမှု ရရှိရေးတို့ကို အဓိကဦးတည်သည်ကို တွေ့ရသည်။ လက်ရှိ ငြိမ်းချမ်းရေး တည်ဆောက်မှု ဖြစ်စဉ်၌ ဤအခြေခံဥပဒေပြင်ဆင်ပြောင်းလဲရေးနှင့် လက်နက်ကိုင်အဖွဲ့အစည်းများဖြင့် နိုင်ငံရေးဆွေးနွေးမှု သဘောတူညီချက်များ (political settlements)၏ ရှေ့နောက်အစဉ် (sequence)မှာ သေချာမသိနိုင် သေးသည့် ကိစ္စတစ်ခု ဖြစ်နေသေးကြောင်း တွေ့ရသည်။ အခြားတစ်ဖက်တွင် ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) နှင့် ညီညွတ်သောတိုင်းရင်းသား လူမျိုးများ မဟာမိတ်အဖွဲ့ (UNA) [gg] တို့က အခြေခံဥပဒေအသစ် တစ်ခုရေးဆွဲလျက်ရှိပြီး ၄င်းတွင်

[gg] UNFC သည် 'ဖက်ဒရယ်ပြည်ထောင်စုတည်ထောင်ရန်ရည်ရွယ်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများပူးပေါင်းဖွဲ့စည်းထားသည့်အဖွဲ့အစည်း' ဖြစ်ကြောင်း သိရသည်။ အဖွဲ့ဝင်များအဖြစ် Kachin Independence Organization (KIO)၊ New Mon State Party (NMSP)၊ Shan State Army-North (SSPP

နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ၊ အာဏာခွဲဝေမှု နှင့် ဥစ္စာဓနခွဲဝေမှုဆိုင်ရာ အခြေခံကျသော အပြောင်း အလဲများ ထည့်သွင်းရေးဆွဲထားပြီး၊ ရှေ့အနာဂတ်တွင် ကျင်းပနိုင်ရန်မျှော်မှန်းထားကြသည့် နိုင်ငံရေးဆွေးနွေးပွဲ (political dialogue) တွင် ထိုအခြေခံဥပဒေကို တင်ပြရန် ရည်ရွယ်ကြောင်းသိရသည်။[146]

ပြည်ထောင်စုအစိုးရက ပြည်နယ်/တိုင်းဒေသကြီး အစိုးရများထံမှ အခြေခံဥပဒေ ပြင်ဆင်ရေးဆိုင်ရာ အကြံပြုချက်များ တောင်းခံခဲ့ကြောင်းကိုလည်း သိရသည်။ ဤအကြံပြုချက်တောင်းခံခြင်းမှာ တစ်ခါတစ်ရံတွင် ဥစ္စာဓနခွဲဝေမှုဆိုင်ရာ ဆွေးနွေးမှုဆီသို့ ဦးတည်စေပါသည်။ ရှမ်းပြည်နယ် သစ်တောနှင့် သတ္တုရေးရာ ဝန်ကြီးက 'မကြာခင်သေးခင်ပဲ သမ္မတရုံးကနေ ပြည်နယ်အစိုးရကို (အခြေခံဥပဒေ ပြင်ဆင်ရေး) အကြံပြုချက် တောင်းတယ်။ ရှမ်းပြည်နယ်အတွင်းက သယံဇာတတွေကနေ ရတဲ့ အခွန်ရငွေရဲ့ ၇၀ % ကို ရှမ်းပြည်နယ် ကို ခွဲဝေပေးသင့်ကြောင်း ထည့်သွင်း အကြံပြုလိုက်တယ်' ဟု ပြောပါသည်။[147]

၂၀၁၃ ဇူလိုင်လတွင် ပြည်ထောင်စုလွှတ်တော်၌ ဖွဲ့စည်းပုံ အခြေခံဥပဒေလေ့လာသုံးသပ်ရေး ပူးပေါင်း ကော်မတီ ကို အဖွဲ့ဝင် ၁၀၉ ဦး(USDP ပါတီဝင်အများစု) ဖြင့် ဖွဲ့စည်းခဲ့ပြီး ၂၀၁၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအား လေ့လာသုံးသပ်ရန်နှင့် နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများ နှင့် ပြည်သူလူထုထံမှ အကြံပြုချက်၊ သဘောထားမှတ်ချက်များ စုဆောင်းနိုင်ရန် အတွက် ဖြစ်ကြောင်း သိရသည်။ ကော်မတီသည် ၄င်း၏ အစီရင်ခံစာကို ၂၀၁၄ ဇန်နဝါရီ ၃၁ ရက်နေ့တွင် တင်သွင်းခဲ့ရာတွင် အဓိကဆွေးနွေးအငြင်းပွားလျက်ရှိသော ပုဒ်မများဖြစ်သည့် လွှတ်တော်များ၏ ကိုယ်စားလှယ် ၂၅%ကို တပ်မတော်သားများအားခန့်ထားခြင်း၊ အခြေခံဥပဒေ ပြင်ဆင်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် နိုင်ငံတော်သမ္မတ အတွက် လိုအပ်သော အရည်အချင်းများ စသော ပုဒ်မများကို မပြင်ဆင်ရန် တင်ပြသွားကြောင်း သိရသည်။[148] သတင်းများအရ ကော်မတီသည် အခြေခံဥပဒေ အခန်း ၁မှ ၅အတွင်း ပြည်နယ်များနှင့် တိုင်းဒေသကြီးများကို အာဏာပိုပေးနိုင်ရန် အဆိုပြုချက် အချို့ကိုလည်း တင်ပြသွားကြောင်း သိရသည်။[149] အခြေခံဥပဒေ လေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီ၏ အစီရင်ခံစာ ထွက်ရှိပြီးနောက် အခြားကော်မတီ တစ်ခုဖြစ်သော အခြေခံဥပဒေ ပြင်ဆင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီကို ထပ်မံ၍ ဖွဲ့စည်းခဲ့ပြီး ပြင်ဆင်သင့်သည့် ပုဒ်မများအား ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံ တင်ပြရန် တာဝန်ပေးထားပါသည်။[150]

၄.၃ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် တိုင်းရင်းသားနိုင်ငံရေးအဖွဲ့အစည်းများ

မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် သက်ဆိုင်ပါဝင်နေသူများက သယံဇာတမှရငွေများခွဲဝေမှုနှင့် သယံဇာတစီမံခန့်ခွဲမှုတို့ကို အကျယ်အပြန့်စဉ်းစားရမည့် အဓိကကျသော အချက်များ အဖြစ် သတ်မှတ်ထားကြပါသည်။ မြန်မာ့ငြိမ်းချမ်းရေးပြန်လည်တည်ဆောက်ရေး ဗဟိုဌာန (MPC – Myanamr Peace Centre) မှ တာဝန်ရှိသူတစ်ဦးကိုတွေ့ဆုံမေးမြန်းရာ လက်ရှိအချိန်တွင် ယင်းကိစ္စအပေါ် အသေအချာ အလေးအနက် ဆွေးနွေးမှုများ မရှိသေးသော်လည်း ရှေ့အနာဂတ်တွင် ကျင်းပမည့် နိုင်ငံရေးဆွေးနွေးပွဲ (political dialogue) ၏ အရေးအကြီးဆုံး ကိစ္စရပ်တစ်ခုမှာ သယံဇာတဝင်ငွေခွဲဝေမှုအပေါ် ဆွေးနွေးညှိနှိုင်းခြင်းပင် ဖြစ်မည်ဟု ဆိုသည်။[151] ထို့အပြင် ဤကိစ္စမှာ အထက်တွင်တင်ပြခဲ့သော အခြေခံဥပဒေပြင်ဆင်ရေးဆွေးနွေးမှုများနှင့်လည်း အပြန်အလှန် ဆက်စပ်လျက်ရှိပြီး ဆွေးနွေးညှိနှိုင်း ချက်များ၏ ဗဟိုအချက်အချာလည်း ဖြစ်ပါသည်။ ငြိမ်းချမ်းရေးဆွေးနွေးချက်ရလဒ်များနှင့် အခြေခံဥပဒေပြင်ဆင်ရေး ဖြစ်စဉ်တို့၏ ရှေ့နောက် အစဉ်(sequence) မည်သို့ ဖြစ်မည်ကို သေချာမသိနိုင်သေးပါ။

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် အတွက် စာသား(text) တွင် အသွင်ကူးပြောင်းကာလဆိုင်ရာ အစီအစဉ်များ ပါဝင်ပြီး၊ ၄င်းတွင် သယံဇာတအရင်းအမြစ်များမှာ 'ဆက်လက်ဆွေးနွေးညှိနှိုင်းရန်' ခေါင်းစဉ်တစ်ခု အဖြစ်ပါဝင်ပါသည်။[152] ကချင်ပြည်နယ် လွတ်မြောက်ရေး အဖွဲ့ (KIO) ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောဌာန အကြီးအကဲက -

/SSA)၊ Karen National Union (KNU)၊ Karenni National Progressive Party (KNPP)၊ Chin National Front (CNF)၊ Lahu Democratic Union (LDU)၊ Arakan National Council (ANC)၊ Pa-Oh National Liberation Organization (PNLO)၊ Ta-ang National Liberation Army (TNLA) (Palaung State Liberation Front (PSLF) ဟုလည်း သိကြသည်) နှင့် Wa National Organization (WNO) တို့ပါဝင်သည်။ ရင်းမြစ် 'UNFC', Myanmar Peace Monitor website။ ၂၀၁၄ မေလ ၃၀တွင် ကြည့်ရှုနိုင်၊ http://www.mmpeacemonitor.org/stakeholders/unfc

UNA သည် '၁၉၉၀ခုနှစ်ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော နိုင်ငံရေးပါတီများ ပူးပေါင်းဖွဲ့စည်းထားသည့် အဖွဲ့အစည်း' ဖြစ်ကြောင်းသိရသည်။ Burma Library. 'Peace Processes' ၂၀၁၄ ဇွန်လ ၅ ရက်တွင်ကြည့်ရှုနိုင်၊ 5 June 2014. http://www.burmalibrary.org/show.php?cat=16

> ကချင်ပြည်နယ်ဟာ သယံဇာတပေါကြွယ်ဝပြီး မြေဆီဩဇာကောင်းမွန်တဲ့ မြေ ရှိတဲ့ ပြည်နယ်ဖြစ်ပါတယ်။ သို့သော်လည်း မတည်ငြိမ်မှုတွေကြောင့် ပြည်သူတွေကတော့ ဒုက္ခဆင်းရဲခံစားနေကြရပါတယ်။ သဘာဝ ပတ်ဝန်းကျင်ကလည်း ပျက်စီးလာပါတယ်။ ဒါကို ကျွန်တော်တို့ သဘောပေါက်ပါတယ်။ ကျွန်တော်တို့ အနေနဲ့လည်း ဖြစ်နိုင်သမျှ မြန်မြန် ငြိမ်းချမ်းရေးရချင်ပါတယ်။ ... ခုချိန်မှာ သယံဇာတခွဲဝေမှုအတွက် idea အတိအကျတော့ မရှိသေးပါဘူး။ အရေးကြီးတဲ့ ပြဿနာကတော့ ဗဟိုချုပ်ကိုင်မှု ပြုလုပ်ခြင်းပါပဲ။ အခုစနစ်မှာ ဆိုရင်လည်း ကျွန်းသစ်နဲ့ အခြား သစ်မာတွေကို ဗဟိုကပဲ ထိန်းချုပ်ထားပြီး ပြည်နယ်အစိုးရမှာ အရေးမကြီးတာတွေပဲ ရှိပါတယ်။ ကျောက်စိမ်းတွင်းတွေဆိုရင်လည်း နေပြည်တော်ရဲ့ အောက်မှာ ရောက်နေပြီး ပြည်နယ်က ဘာမှ လုပ်လို့ မရပါဘူး။ အသေးစားရွှေတူးတာတောင်မှ ဗဟိုအစိုးရကပဲ ထိန်းချုပ်ထားပါတယ်။

ဟုဂင်းဏ၏ သဘောထားကို ပြောပြသည်။[153]

ငြိမ်းချမ်းရေးဆွေးနွေးမှုများတွင် တိုက်ရိုက်မပါဝင်ရသော်လည်း ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် အရာရှိများအနေဖြင့် ငြိမ်းချမ်းရေးကိစ္စကို အထူးအလေးထား ပြောဆိုကြသည်ကို တွေ့ရသည်။ ကချင်ပြည်နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ အဆင့်မြင့် အရာရှိ တစ်ဦးအား ပြည်နယ်၏ ဖွံ့ဖြိုးရေအတွက် အရေးကြီးဦးစားပေး ကိစ္စရပ်များကို မေးမြန်းရာ 'အားလုံးက ငြိမ်းချမ်းရေးအပေါ်ပဲ မူတည်တယ်၊ ခုချိန်မှာ အရေးအကြီးဆုံးကတော့ ငြိမ်းချမ်းရေးဖြစ်စဉ်ပါပဲ' ဟု ပြောပါသည်။[154]

မှတ်စု ၃ ၊ သယံဇာတရေးရာဖြင့်ပတ်သက်ဆက်စပ်နိုင်သည့် တိုင်းရင်းသား လူမျိုးစု အဖွဲ့အစည်းများ

- စစ်သည်အင်အား ဆယ်ဂဏန်းကျော်မှ အများဆုံး ၃၀၀၀၀ အထိအမျိုးမျိုးရှိကြသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ၂၀ ကျော်
- နယ်ခြားစောင့်တပ်ဖွဲ့ (Border Guard Force) ၂၃ ဖွဲ့။ ၄င်းတို့မှာ ယခင်က တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း များပင်ဖြစ်ပြီး ယခု တပ်မတော်၏ စုဖွဲ့ပုံပိုးမှုအောက်တွင် ရှိနေသည်။
- ထောင်နှင့်ချီသော အရေအတွက်ရှိသည့် ပြည်သူ့စစ်အဖွဲ့ငယ်လေးများ (BGF နှင့် ဖွဲ့စည်းပုံ အနည်းငယ်ဆင်သော်လည်း ထိန်းချုပ်ထားမှု ပို၍လျော့နည်းသည်)
- အခြေခံဥပဒေအရဖွဲ့စည်းထားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/တိုင်း ဦးစီးအဖွဲ့များ

ရင်းမြစ် - Joliffe, K (ဇွန်လ ၂၀၁၄) Joliffe, K. (June 2014) Ethnic Conflict and Social Services in Myanmar's Contested Region ၊ The Asia Foundation မှပြန်လည်ဖော်ပြသည်။

မြန်မာနိုင်ငံမှ လက်နက်ကိုင်အဖွဲ့အစည်းဏာတ်ကောင်များ၏ မြင်ကွင်းအနေအထားမှာ ရှုပ်ထွေးပါသည် (မှတ်စု - ၃ ကို ကြည့်ပါ)။ အထူးသဖြင့် နယ်ခြားစောင့်တပ်များနှင့် များပြားလှသည့် ပြည်သူ့စစ်များအကြောင်းကို သေချာစွာ လေ့လာသုတေသနပြုနိုင်ရန် လိုပါသည်။ ဖြစ်ပွားနေသော ပဋိပက္ခများနှင့် သယံဇာတထုတ်ယူမှုများအကြား ဆက်နွယ်ချက် များမှာလည်း သဲကွဲရှင်းလင်းမှု မရှိလှပါ။ အခြေအနေမှာ နယ်မြေတစ်ခုနှင့်တစ်ခုကွာခြားပြီး၊ သယံဇာတမှ အကျိုးအမြတ်မက်လုံးများမှာလည်း ပဋိပက္ခစတင်ဖြစ်ပွားချိန်မှ တိုက်ပွဲများဖြစ်ပွားနေချိန် သို့မဟုတ် အပစ်အခတ်ရပ်စဲချိန်များ တလျောက် ပြောင်းလဲ ကွာခြားသွားနိုင်ပါသည်။[155] လက်ရှိတိုက်ပွဲ ဖြစ်ပွားနေသည့် အချို့သော နယ်မြေများ (ဥပမာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းတို့မှ အစိတ်အပိုင်း အချို့) တွင် သယံဇာတအရင်းအမြစ် တရားမဝင် မှောင်ခိုထုတ်ယူမှုများ (အထူးသဖြင့် သစ်ခိုးထုတ်မှုများ) သည် မကြာသေးခင် အတွင်း ဖြစ်ပွားသည့် တိုက်ပွဲများ စတင်ဖြစ်ပွားသည့် အကြောင်းအရင်းလည်း ဖြစ်သည်ဟု ညွှန်းဆိုကြသည်ကို သိရပါသည်။ သို့သော်လည်း ဤအကြောင်းအချက်အပေါ်တွင် အငြင်းပွားဖွယ်ရာများလည်း ရှိပါလိမ့်မည်။[156]

သယံဇာတစီမံခန့်ခွဲမှု ကိစ္စနှင့် ပတ်သက်၍မူ တွေ့ဆုံခဲ့သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ကိုယ်စားလှယ်တစ်ဦးက အများပါဝင်မှုမရှိသော အကြီးစား သယံဇာတထုတ်ယူမှု သို့မဟုတ် အကြီးစား ဖွံ့ဖြိုးရေးစီမံကိန်းများ[157]ကြောင့် ဒေသတွင်း မတည်ငြိမ်မှု များ ပိုဖြစ်ပေါ်လာနိုင်ကြောင်း' ထင်မြင်ချက်ကို ပြောပြပါသည်။ မကြာသေးမီက ထုတ်ဝေခဲ့သော စာတမ်းတစ်စောင်၌ အတိုက်အခံ လက်နက်ကိုင်အဖွဲ့များဖြင့် တွေ့ဆုံမေးမြန်းရာတွင် 'သယံဇာတထုတ်ယူမှုများမှ ရပ်ရွာပြည်သူလူထု အကျိုးခံစား နိုင်ရေး' မှာလည်း ရည်မှန်းချက် တစ်ခုဖြစ်ကြောင်း ပြောဆိုသည်ကို တွေ့ရသည်။[158] အမှန်အားဖြင့် သယံဇာတစီမံခန့်ခွဲမှုနှင့်

ပါတ်သက်ပြီး အစိုးရ နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းအသီးသီးတွင် ပေါင်းစုဆုံနိုင်သည့် အမြင်များ ရှိနေသည်ကို တွေ့ရပါသည်။ သာဓကအားဖြင့် တွေ့ဆုံမေးမြန်းခဲ့သည့် ဒေသဆိုင်ရာ အစိုးရများရော လက်နက်ကိုင်အဖွဲ့အစည်းများကပါ ရပ်ရွာလူထု အစုအဖွဲ့ ပိုင်သစ်တောကဲ့သောကိစ္စမျိုးကိုအကောင်အထည်ဖော်သင့်သောမော်ဒယ်တစ်ခုဖြစ်ကြောင်းတူညီစွာ ပြောဆိုကြပါသည်။ [hh] 159

အချို့သော လက်နက်ကိုင်အဖွဲ့အစည်းများမှာ သယံဇာတစီမံခန့်ခွဲမှုအတွက် ကိုယ်ပိုင်အုပ်ချုပ်ရေးဖွဲ့စည်း တည်ဆောက်ပုံများ တည်ရှိနေသည်ကို တွေ့ရသည်။ ဥပမာအားဖြင့် ကရင်အမျိုးသား အစည်းအရုံး၏ (KNU) ၏ သတ္တုနှင့် သစ်တော ဌာန နှင့် ကချင် ပြည်နယ်လွတ်မြောက်ရေးအဖွဲ့အစည်း (KIO) ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တော ဌာန တို့ဖြစ်သည်။[160] အချို့အခြေအနေ များတွင် အပြိုင်တည်ရှိနေသည့် ဤစနစ်များနှင့် မြန်မာနိုင်ငံအစိုးရ၏ အုပ်ချုပ်မှုနယ်မြေများအကြားတွင် စီးပွားရေးအရ ထိတွေ့ ဆက်ဆံချက်များလည်း ရှိနေသည်ကို တွေ့ရပါသည်။ ဥပမာ အားဖြင့် ရေအားလျှပ်စစ် စက်ရုံတစ်ခုကို လည်ပတ်နေသည့် KIO ပိုင် ဘူးခါးကုမ္ပဏီသည် ကချင်ပြည်နယ် မြို့တော် မြစ်ကြီးနားကို လျှပ်စစ်ဓါတ်အား အဓိက ရောင်းချဖြန့်ဖြူးပေးနေကြောင်း တွေ့ရသည်။ တိုင်းရင်းသားလက်နက်ကိုအဖွဲ့အစည်းများတွင် ကိုယ်ပိုင် လူမှုရေးရာဝန်ဆောင်ပေးသည့် စနစ်များလည်း ရှိပြီး အသေးစိတ် လေ့လာမှုကို အာရှဖောင်ဒေးရှင်းမှ ထုတ်ဝေသော *Ethnic Conflict and Social Services in Myanmar's Contested Regions* တွင် ကြည့်နိုင်ပါသည်။[161]

ကျင်းပရန်ရှိသော ၂၀၁၄ ကြားဖြတ်ရွေးကောက်ပွဲ နှင့် ၂၀၁၅ ရွေးကောက်ပွဲများတဖြည်းဖြည်း နီးလာသည်နှင့် အမျှ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ ရပ်တည်မှု၊ လူမျိုးစုတိုင်းရင်းသားနိုင်ငံရေးပါတီများ၏ အနေအထား နှင့် လက်ရှိ ပြည်နယ်/ တိုင်းဒေသကြီး အစိုးရများ၏ ရည်ရွယ်ချက်များ မည်သို့ ဆုံတွေ့ဖြတ်သန်းနိုင်မည်နည်းဆိုသည်မှာ စဉ်းစားစရာ မေးခွန်းတစ်ခု ဖြစ်ပါသည်။ သယံဇာတအရင်းအမြစ်များစွာမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ရှိနေသည့် တောင်တန်းဒေသများတွင် ရှိနေပြီး၊ အချို့မှာလည်း ဗမာလူမျိုးများအဓိက နေထိုင်ရာ ဒေသများတွင် ရှိပါသည်။ သယံဇာတအရင်းအမြစ်နည်းပါးသည့် တိုင်းရင်းသားလူနည်းစု ဒေသအချို့လည်း ရှိပါသည်။ ယေဘူယျအားဖြင့် သယံဇာတပေါကြွယ်ဝသည့် ပြည်နယ်/တိုင်းဒေသကြီး များရော နည်းပါသည့် ပြည်နယ်များမှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ နှင့် နိုင်ငံရေးပါတီများ အားလုံးတို့မှာ သယံဇာတရေးရာ တွင် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများကို ပိုမိုပါဝင်ခွင့်ပေးပြီး၊ ပိုမို၍ ဥစ္စာဓနခွဲဝေမှု ဖြစ်ပေါ်စေလိုသည့် သဘောထားများ ရှိသည် ဟု ဆိုနိုင်ပါသည်။ ဥစ္စာဓနခွဲဝေမှုဆိုင်ရာ ဆွေးနွေးချက်များ ပိုမို ခိုင်ခိုင်မာမာ အသေးစိတ် ဆွေးနွေးလာနိုင်သည်နှင့်အမျှ အဖွဲ့အစည်းအသီးသီး၏ နိုင်ငံရေးစီးပွားရေး ဆိုင်ရာ လိုလားချက်အသီးသီး (political economy concerns) မှာ အရေးတကြီး ပါဝင်လာပါလိမ့်မည်။

တိုင်းရင်းသား လူမျိုးစု နိုင်ငံရေးပါတီများ

တိုင်းရင်းသား လူမျိုးစု နိုင်ငံရေးပါတီများစွာမှာ ပင်မနိုင်ငံရေးရေစီးကြောင်း အတွင်းသို့ ပိုမိုပါဝင်လာလျက်ရှိပြီး ပြည်နယ်နှင့် ပြည်ထောင်စုအကြား ဝင်ငွေခွဲဝေမှု (revenue sharing) အတွက် တောင်းဆိုလျက် ရှိပါသည်။

ဤပါတီ များအနေဖြင့် လက်ရှိ ငြိမ်းချမ်းရေးဆွေးနွေးမှုများတွင် တိုက်ရိုက် ပါဝင်နေခြင်း တော့ မရှိပါ။ တိုင်းရင်းသားလူမျိုးစု ပါတီများသည် ပြည်သူ့လွှတ်တော်ရှိ ၄၃၁ နေရာတွင် ၄၃ နေရာ (၁၀%)၊ အမျိုးသားလွှတ်တော်၌ ၂၉ နေရာ(၁၃%) ရရှိထားသည်ကို တွေ့ရပြီး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်များစုစုပေါင်း ၈၈၃ နေရာအနက် ၁၀၆ နေရာ (၁၂%) ကိုရရှိထားပါသည် (မြန်မာနိုင်ငံလွှတ်တော် အဆင့်ဆင့်၏ လေးပုံတစ်ပုံမှာ ခန့်အပ်ခံ တပ်မတော်သားများ ဖြစ်သည်)။[162] ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များ၏ သစ်တောနှင့် သတ္တုရေးရာ ဝန်ကြီးများအနက် ကရင်၊ ချင်း၊ ရခိုင်နှင့် ရှမ်းပြည်နယ်တို့မှ ဝန်ကြီးများမှာ တိုင်းရင်းသား လူမျိုးစု ပါတီများမှ ဖြစ်ကြသည်။[163] ကချင်ပြည်နယ်ရှိ တိုင်းရင်းသား လူမျိုးစု ပါတီတစ်ခုမှ ခေါင်းဆောင်တစ်ဦးက '၂၀၁၀ ကစလို့ နိုင်ငံရေးပါတီတွေရဲ့ အခန်းကဏ္ဍက အရေးပါလာပြီ၊ တိုင်းရင်းသား ပါတီတွေလည်း ဖွဲ့စည်းတည်ထောင်လာ ကြပါတယ်။ လက်ရှိအစိုးရက နိုင်ငံရေးပါတီတွေ လှုပ်ရှားနိုင်တဲ့ space တစ်ခု ပေးထား တယ်။ ကျနော်တို့ ပါတီလှုပ်ရှားမှုတွေ ကောင်းကောင်း လုပ်ကိုင်ဆောင်ရွက်လို့ရလာတယ်' ဟု နိုင်ငံရေးပါတီများ၏ အခြေအနေကို ရှင်းပြသည်။[164] အချို့သော

[hh] ကရင်အမျိုးသားအစည်းအရုံး KNU ၏ website တွင် သစ်တောရေးရာမူဂါဒအဖြစ် 'Forestry Policy: - Devolution. The Forest Department will study what forest areas and subjects of management are appropriate for devolution to local communities.' ဟုဖော်ပြထားသည်ကို တွေ့ရသည်။ (Karen National Union, 'Kaw Htoo Lei Forest Policy')

တိုင်းရင်းသားလူမျိုးစု ပါတီများအနေဖြင့် ပြီးခဲ့သော ရွေးကောက်ပွဲများတွင် ပါဝင်နိုင်ခဲ့ခြင်းမရှိပါ။ ပါတီအချို့သည် လည်း တစ်ပါတီတည်းအဖြစ် ပေါင်းစည်းနိုင်ရန် ဆွေးနွေးလျက်ရှိကြောင်း သိရသည်။ နိုင်ငံရေးပါတီများအနေဖြင့် လက်ရှိအချိန်တွင် ငြိမ်းချမ်းရေးဖြစ်စဉ်အစဉ်အတွင်း တိုက်ရိုက်ပါဝင်ခြင်းတော့မရှိပါ။

ကချင်နှင့် ရှမ်းပြည်နယ်တို့တွင် တွေ့ဆုံ မေးမြန်း ခဲ့သော တိုင်းရင်သားလူနည်းစု ပါတီများက အရင်းအမြစ်ခွဲဝေမှု ကိုအထူးပင် လိုလားကြောင်း ပြောဆိုကြပါသည်။ တွေ့ဆုံခဲ့သော ပါတီခေါင်းဆောင်များက 'စစ်မှန်သည့် ဖက်ဒရယ်ဝါဒတွင် အာဏာခွဲဝေမှု (power sharing) နှင့် အရင်းအမြစ် ခွဲဝေမှု (resource sharing) ဆိုသည်မှာ အမြဲအတူ ဒွန်တွဲရှိနေ' ကြောင်း၊ 'ရှိကိုရှိရမည့်' အရာဖြစ်ကြောင်း ပြောပါသည်။[165] [166] မြန်မာနိုင်ငံရှိ နိုင်ငံရေးပါတီများ အနေဖြင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ပြီး၊ အချို့မှာ သယံဇာတထုတ်ယူမှု ကဏ္ဍတွင် ပါဝင်လျက်ရှိသည်ကို တွေ့ရသည်။ သာဓက အားဖြင့် ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (SNDP) ၏ ကျားဖြူ သတ္တုလုပ်ငန်း ကုမ္ပဏီ (Top White Tiger Mining Company) သည် ရှမ်းပြည်နယ်တွင် ဂျစ်ဒန်ကျောက် (gypsum) တူးဖော်ထုတ်လုပ်မှု လုပ်ငန်းများ လုပ်ကိုင်လျက်ရှိ ကြောင်း သိရသည်။[167]

ဇယား ၁၀ ၊ ပြည်နယ်/တိုင်းအလိုက် တိုင်းရင်သား နိုင်ငံရေးပါတီများ၏ ကိုယ်စားပြုမှု

ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး လွှတ်တော်	တိုင်းရင်းသား ပါတီ ကိုယ်စားလှယ်များ	စုစုပေါင်း လွှတ်တော် ကိုယ်စားလှယ်
ဧရာဝတီ	၀	၇၂
ပဲခူး	၁	၇၆
ချင်း	၁၁	၂၄
ကချင်	၆	၅၁
ကယား	၀	၂၀
ကရင်	၉	၂၃
မကွေး	၀	၆၈
မွန်အလေး	၁	၇၆
မွန်	၇	၃၁
ရခိုင်	၁၈	၄၇
စစ်ကိုင်း	၁	၁၀၁
ရှမ်း	၅၀	၁၄၃
တနင်္သာရီ	၀	၂၈
ရန်ကုန်	၂	၁၂၃

ရင်းမြစ် - ALTSEAN Parliament Watch

အချို့သော ပြည်နယ်များ၌ တိုင်းရင်းသားလူမျိုးဆိုင်ရာ ညီလာခံများ ကျင်းပခဲ့သည်ကို တွေ့ရပြီး ၁၉၄၇ခုနှစ် ပင်လုံစာချုပ်က ဖော်ညွှန်းခဲ့သော ပြည်ထောင်စုစနစ်ကို အဓိက ညွှန်းဆိုပြီး သယံဇာတနှင့် ဆက်စပ်သော ကြေငြာချက်အချို့ ထုတ်ပြန်ထားကြ သည်ကို လည်း တွေ့ရပါသည်။ သယံဇာတကြွယ်ဝသော၊ နည်းပါးသောဒေသအသီးသီးမှ တိုင်းရင်းသားလူမျိုးစု နိုင်ငံရေးပါတီ အသီးသီးအနေဖြင့် ၄င်းတို့၏ ပြည်နယ်များရှိ သယံဇာတ အရင်းအမြစ် များကို ပြည်နယ်က ပိုမို ထိန်းချုပ်ခွင့်ရရန်၊ ပိုမို၍ ဝင်ငွေခွဲဝေမှု ရရှိရန် တောင်းဆိုလျက်ရှိပါသည်။ ၂၀၁၄ ဧပြီလအတွင်း ကျင်းပခဲ့သော ရခိုင်အမျိုးသားညီလာခံတွင် ရခိုင်ပြည်နယ်အနေဖြင့် 'ပြည်နယ်အတွင်းမှ ရရှိသော ရေနံနှင့် သဘာဝဓါတ်ငွေများ (ကမ်းလွန် လုပ်ကွက်များ အပါအဝင်)မှ ဝင်ငွေ ၅၀% ကို ရရှိရန်' နှင့် သယံဇာတစီမံခန့်ခွဲမှုတွင် ဒေသဆိုင်ရာအဖွဲ့အစည်းများကို ထည့်သွင်းပါဝင်စေရန် စသဖြင့် ကြေငြာခဲ့သည်ကို တွေ့ရသည်။[ii] [168] ၂၀၁၃ နိုဝင်ဘာလအတွင်း ချင်းပြည်နယ်တွင် ကျင်းပပြုလုပ်ခဲ့သော ချင်းအမျိုးသား ညီလာခံကလည်း 'သယံဇာတအရင်းအမြစ်မှ ရငွေများကို ဗဟိုနှင့် ပြည်နယ်အကြား မျှတစွာ ခွဲဝေရန်'၊ ပြည်နယ်အတွင်းရှိ သယံဇာတရေးရာတွင် ပြည်နယ်အစိုးရ၏ ပါဝင်နိုင်မှု အခန်းကဏ္ဍကို မြှင့်တင်ပေးရန်' နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒများချမှတ်ရန်နှင့် ပွင့်လင်းမြင်သာမှုရှိရေးတို့ကို ကြေငြာခဲ့သည်ကို တွေ့ရသည်။[169] ခြုံငုံသုံးသပ်ရပါက အဓိက အချက်နှစ်ချက်ကို တွေ့ရှိရပါသည် -

၁။ လက်ရှိပြည်သူလူထုအကြား ပြောဆိုဆွေးနွေးချက်တွင် သယံဇာတထုတ်ယူမှုလုပ်ပိုင်ခွင့်ချပေးခြင်း၊ သယံဇာတမှ ရငွေ၊ သယံဇာတအပေါ် ပိုင်ဆိုင်မှု နှင့် သဘာဝပတ်ဝန်းကျင် အပေါ် သက်ရောက်မှု များအား ပေါင်းစပ် ပြောဆိုလျက်ရှိသည်။

၂။ ဝင်ငွေခွဲဝေမှု (revenue sharing) ကိစ္စအား ငြိမ်းချမ်းရေးဖြစ်စဉ်အပါအဝင် ဆွေးနွေးမှုများတွင် မူအားဖြင့် သဘောတူ လက်ခံ ဆွေးနွေးလျက်ရှိကြောင်း သိရသည်။ သို့သော်လည်း ဘာကို ခွဲဝေမည်၊ ဘယ်ရည်ရွယ်ချက်ဖြင့် ဘယ်လို ခွဲဝေမည် စသည့် အသေးစိပ်များကို ဆွေးနွေးနိုင်မှု နည်းပါး နေသေးကြောင်း သိရသည်။

[ii] ဤညီလာခံ၏ ကြေငြာချက်အပေါ် မြန်လည်တုံ့ပြန်ချက်များလည်းရှိပါသည်။ ပြည်ထောင်စုကြီးနိုင်ဖွံ့ဖြိုးရေးပါတီမှ ဦးလှဆွေက 'ရခိုင်ရဲ့သယံဇာတ ၅၀%ကို ရခိုင်ပြည်နယ်ကိုပဲခွဲဝေပေးရမယ်ဆိုတာ မျှတမှုမရှိပါဘူး။ တိုင်းပြည်ရဲ့ တစ်ချို့ဒေသတွေမှာ သယံဇာတတွေ အများအပြားရှိပေမယ့်၊ စစ်ကိုင်းတိုင်း နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသလို ဘာမှ မရှိတဲ့ ဒေသတွေလည်း ရှိပါတယ်။ (Maung Tintone 2014)

အခန်း ၅ ၊ မြန်မာနိုင်ငံအတွက် စဉ်းစားစရာများ

၅.၁ မည်သို့သော ရည်မှန်းချက်များ ထားရှိသင့်သနည်း

မတူညီသော ရည်မှန်းချက်တစ်ခုချင်းစီအတွက် မတူညီသော မူဝါဒများအသီးသီး လိုအပ်မည်ဖြစ်သောကြောင့် ဥစ္စာဓနခွဲဝေမှုဆိုင်ရာ သို့မဟုတ် အခြားသောသယံဇာတအပေါ် ဗဟိုချုပ်ကိုင်မှုဖြေလျှော့ခြင်းဆိုင်ရာ မူဝါဒများ၏ နောက်ကွယ်မှ ရည်ရွယ်ချက်၊နှင့် အခြေခံမူများအပေါ် အလေးအနက်ထားဆွေးနွေးနိုင်ဖို့ လိုပါသည်။

ဇယား ၁၁ ၊ ရည်ရွယ်ချက်များ၊ အခြေခံမူများ နှင့် ထည့်သွင်းစဉ်းစားစရာများ

၁။ သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် အခြားထိခိုက်နစ်နာမှုများအား ဖြေရှင်းပေးခြင်း	သတ္တုတူးဖော်မှုနှင့် အခြားသော သယံဇာတထုတ်ယူမှုလုပ်ငန်းများကြောင့် ဖြစ်ပေါ်သည့် ထိခိုက်နစ်နာမှုများမှာ သိသာထင်ရှားပါသည်။ ဥပမာအားဖြင့် International Growth Centre ၏လေ့လာချက်တခုအရ ဂါနာနိုင်ငံတွင် သတ္တုတွင်းလုပ်ငန်းများအနီးရှိ စိုက်ပျိုးရေး ထုတ်လုပ်မှုမှာ၊ သတ္တုတူးဖော်မှုမှ ဝေးကွာသော ဒေသများထက် ၄၀% ခန့် ကျဆင်းသွားသည်ကို တွေ့ရသည်။[170] မြန်မာနိုင်ငံတွင် ဤကဲ့သို့သော သဘာဝပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် လူမှုရေးထိခိုက်နစ်နာမှုများကို သေချာစွာ လေ့လာတိုင်းတာမှုမျိုး မလုပ်ရသေးပေ။ ထိခိုက်နစ်နာမှုများမှာ သွယ်ဝိုက်၍လည်း ဖြစ်နိုင်ပါသည်။ သယံဇာတများအား ပြည်ပသို့ တင်ပို့မှုကြောင့် ငွေလဲလှယ်နှုန်းထားများ မြင့်တက်စေပြီး၊ သယံဇာတလုပ်ငန်းမရှိသည့် ဒေသများမှ စိုက်ပျိုးရေးလုပ်ငန်းများကို ထိခိုက်စေခြင်းမျိုး ဖြစ်သည်။[jj]
၂။ လွယ်ကူထိရောက်စွာ အုပ်ချုပ်နိုင်ခြင်း	'အောက်ခြေမှ လုပ်ဆောင်ခြင်း' (subsidiarity) ဟူသော စည်းမျဉ်းအရ ကိစ္စရပ်များအား ဖြစ်နိုင်သမျှ ချုပ်ကိုင်မှု အနည်းဆုံးဖြင့် ဆောင်ရွက်နိုင်သည့် အဆင့်မှ ကိုင်တွယ်သင့်သည်ဟုဆိုသည်။[kk] ဥပမာအားဖြင့် မြန်မာနိုင်ငံတွင် ဆောက်လုပ်ရေးဌာနအနေဖြင့် လမ်းများ သန့်ရှင်းကောင်းမွန်စေရန် ရှင်းလင်းရာတွင် နေပြည်တော်အဆင့်ကို ဆက်သွယ်မေးမြန်းနေစရာ မလိုခြင်းမျိုး
၃။ ဒေသများအကြား ညီမျှမှု	သယံဇာတ ထုတ်လုပ်နိုင်သည့် ဒေသများကိုယ်တိုင် ဆင်းရဲနေပါက ဥစ္စာဓနခွဲဝေမှုသည် ဒေသများအကြား မညီမျှမှုကို ဖြေရှင်းပေးနိုင်သည့် နည်းလမ်းတစ်ရပ်ဖြစ်နိုပါသည် (ဥပမာ အင်ဒိုနီရှား အာချေးတွင် ရည်ရွယ်လုပ်ဆောင်ခဲ့သကဲ့သို့)။ သို့သော်လည်း ဝင်ငွေခွဲဝေမှုကြောင့် မညီမျှမှုများ ပိုမိုဆိုးဝါးလာစေတတ်သည်လည်း ရှိပါသည်။ ပီရူးနိုင်ငံတွင် ဒေသန္တရအုပ်ချုပ်ရေး အဆင့်တစ်ခုသို့ အလိုအလျောက်ခွဲဝေပေးထားသည့် ဝင်ငွေအဖြစ် အခွန်ငွေတစ်ရပ် ပေးအပ်ရာမှ ဒေသများအကြား မညီမျှမှုများ ပိုမိုဖြစ်ပေါ်လာခဲ့သည်ကိုလည်း တွေ့ရသည်။[171]
၄။ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ဒေသတွင်းမကျေနပ်ချက်များ	အင်ဒိုနီးရှား၊ အီရတ်၊ ဖိလစ်ပိုင် နှင့် ဆူဒန်ကဲ့သို့သော နိုင်ငံများတွင် ဥစ္စာဓနခွဲဝေမှုဆိုင်ရာ သဘောတူညီချက်များ ချမှတ်၍ ဗဟိုအဆင့်အောက်မှ အစိုးရများအား အရင်းအမြစ်များ ခွဲဝေချထားပေးနိုင်ခဲ့သည်ကို တွေ့ရပါသည်။[172] ငြိမ်းချမ်းရေးဖြစ်စဉ်၌ ဥစ္စာဓနခွဲဝေမှုဆိုင်ရာ သဘောတူညီမှုများအားဖြင့် အပေးအယူပြုလုပ်ရန်ဆန္ဒရှိကြောင်း ပြသနိုင်ပါသည်။ သို့သော်လည်း စောင့်ကြည့်စစ်ဆေးမှုနှင့် အသုံးစရိတ်များအပေါ် တာဝန်ယူမှုများ မရှိပါက ဝင်ငွေများမြင့်တက်လာရာမှတဆင့် ပဋိပက္ခများလည်း ပိုမိုဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်ရှိပါသည်။
၅။ အရင်းအမြစ်များ၏ မူလဒေသ	အများအားဖြင့်၊ ဒေသရပ်ရွာလူမှုအသိုက်အဝန်းများသည် သယံဇာတအရင်းအမြစ်များအား ၄င်းတို့ထိန်းသိမ်းရမည့် အမွေအနှစ်အဖြစ် ရှုမြင်ကြလေ့ရှိသည်။ ထို့ကြောင့် ယင်းအမွေအနှစ်များကို ရောင်းချခြင်းမှ မျှတသည့် ခွဲဝေမှုတစ်ရပ်ကို ထားရှိပေးကြရသည်။[173] ဥပမာ အမေရိကန်နှင့် ကနေဒါနိုင်ငံတို့တွင် သယံဇာတရင်ငွေအချို့အား တိုင်းရင်းသားလူနည်းစုအချို့အတွက် အထူးအခွင့်အရေးအနေဖြင့် ထားရှိပေးသည်ကို တွေ့ရသည်။

[jj] ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများ ကိုယ်တိုင်က မြန်မာနိုင်ငံအတွက် ဖြစ်ပွားရာဒေသများမှ ပြည်သူလူထုများသာမက တစ်နိုင်ငံလုံးအတွက်ပါ များစွာသော ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်စေပါသည်။

[kk] Nixon and Joelene (2014)။ ဝိုမိုသိရှိနိုင်ရန် Jesper Steffensen, *Fiscal Decentralization and Sector Funding Principles and Practices* (DANIDA, November 2010) ကိုကြည့်ပါ။ ၁၉၅၀ နောက်ပိုင်းမှစ၍ ဘဏ္ဍာရေးဗဟိုချုပ်ကိုင်မှု နှင့် ဘဏ္ဍာရေးဖက်ဒရယ်စနစ် (fiscal decentralization နှင့် fiscal federalism) တို့၏ သီအိုရီသဘောအရ အကျိုးများနိုင်ကြောင်းကို များပြားလှသည့် လေ့လာချက်စာပေများတွင် တွေ့နိုင်ပါသည်။ အသုံးဝင်သော လေ့လာချက်အဖြစ် Paul Smoke, *Fiscal Federalism in Developing Countries: A Review of Current Concepts and Practices* (New York: United Nations Research Institute for Social Development, 2001) ကြည့်ရှုသင့်ပါသည်။

သီအိုရီသဘောအရ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းသည် တုံ့ပြန်နိုင်စွမ်းအားနှင့် ထိရောက်မှု ဟူသည့်အကျိုးများကို ဖြစ်ပေါ်စေပါသည်။ မြန်မာရှေ့နေတစ်ဦးက အသစ်တည်ဆောက်သည့် မြို့သစ်တစ်ခုအကြောင်းကို ဥပမာပေးရှိ 'အိမ်တိုင်းမှာ မီတာဘောက် တွေတပ်ပြီး၊ ထရန်စဖော်မာလည်း တပ်ပြီးလို့ အသင့်ဖြစ်နေပြီ။ မီတာနဲ့ ထရန်စဖော်မာကြားမှာ ကြိုးလေးသွယ်ဖို့ပဲ လိုတာ။ ဒါကို ပြည်နယ်အစိုးရက နေပြည်တော်လျှပ်စစ်ဝန်ကြီးဌာနဆီက ခွင့်ပြုချက်မကျသေးလို့ဆိုပြီး စောင့်ရတာ ခြောက်လ ကြာတယ်' စသဖြင့် ပြောပြသည်။[ll]

အခြားတစ်ဖက်တွင်မူ ဗဟိုချုပ်ကိုင်မှုဖြေလျှော့ခြင်းသည့် လက်တွေ့တွင် အွန်လာယ်များပြီး ခက်ခဲတတ်ကြောင်းကို နိုင်ငံတကာမှ အတွေ့အကြုံများက ပြသလျက်ရှိပါသည်။[174] အချို့သော ဖြစ်ရပ်ဥပမာများ၌ ဗဟိုချုပ်ကိုင်မှု လျှော့ချရေးသည် ဆင်းရဲနွမ်းပါးသူများသို့ ဝန်ဆောင်မှုပေးခြင်း၌ အထောက်အကူသိပ် မဖြစ်လှကြောင်းကို ပြသနေပါသည်။ အိန္ဒိယနိုင်ငံ ကရယ်လာ ပြည်နယ်နှင့် အနောက် ဘင်္ဂလား ပြည်နယ်များတွင်ကဲ့သို့ ထိရောက်အလုပ်ဖြစ်သည့် ဖြစ်ရပ်များတွင်လည်း ယင်း ရလဒ် ကောင်းများမှာ ဗဟိုအစိုးရ သို့မဟုတ် ဗဟိုအဆင့်အဖွဲ့အစည်းများက ဒေသန္တရအဆင့်မှ ပြည်သူလူထုအတွက် ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်မှု ရှိသောကြောင့် ရရှိခြင်း ဖြစ်ကြောင်းကိုလည်း တွေ့ရပါသည်။[175]

ဤသို့သောဆွေးနွေးပြောဆိုချက်များမှာ စီးပွားရေးသီအိုရီ သဘောဖြစ်သည့် စီမံအုပ်ချုပ်ရေးတွင် မြန်ဆန်သက်သာထိရောက်မှု (efficiency in administration) ရပ်ခံပြောဆိုနေကြခြင်းဖြစ်ပြီး၊ တစ်ဖက်မှ မူလရင်းမြစ်ဒေသဆိုင်ရာ အခြေခံမူ (derivation principle) ကို တိုက်တွန်းနေသူများကမူ နိုင်ငံရေးအရ အပေးအယူ(trade-offs)နှင့် ရပိုင်ခွင့်အခွင့်အရေးများကို အခြေခံရမည့် မူများအဖြစ် ပြောဆိုနေကြခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏မူဝါဒအချို့တွင်လည်း မူလရင်းမြစ်ဒေသအခြေခံမူ (derivation principles) များ အဖြစ်ညွှန်းဆိုနိုင်စရာ အချို့ပါဝင်သည်ကို တွေ့ရပါသည်။ အတည်ပြုနိုင်ရန် ဆွေးနွေးလျက်ရှိသည့် အမျိုးသား စွမ်းအင်မူဝါဒ(National Energy Policy) တွင် အဓိကအချက်တစ်ခုအနေဖြင့် 'စွမ်းအင်ဆိုင်ရာ အကျိုးခံစားခွင့်ကို စွမ်းအင်အရင်းအမြစ်များ တွေ့ရှိရာဒေသမှ ဒေသခံ ပြည်သူလူထုများ အချိုးကျ ခံစားစေနိုင်မည့် စီမံကိန်းများကို အကောင်အထည် ဖော်ရန်' ဟု ဖော်ပြထားပါသည်။[mm176] လူထုအကြား တွင်လည်း ဤအတွက်ပြောဆိုမှုများ ရှိပါသည်။ ချင်းပြည်နယ်တွင် ကုမ္ပဏီတစ်ခုက ထင်းရှူးပင်များမှ ဘိုင်အိုရေစင် (bioresin) ထုတ်ယူရန် ဆောင်ရွက်ရာ ဒေသခံ ရပ်မိရပ်ဖများက ဆန္ဒပြပြီး ပြည်နယ်အစိုးရထံသို့ တိုင်စာ ပေးပို့ခဲ့သည်ဟု သိရသည်။ 'ဒေသခံတွေက ဒီသစ်ပင်တွေကို နစ်ပေါင်း ၅၀၊ ၁၀၀ လောက်ထိန်းသိမ်း လာခဲ့ရတဲ့အတွက် သူတို့ပိုင်တဲ့ သစ်ပင်တွေလို့ ခံယူထားကြတယ်' ဟု ချင်းလူမှုအဖွဲ့အစည်း ခေါင်းဆောင်တစ်ဦး က စာရေးသူများကို ရှင်းပြပါသည်။[177]

ဤကဲ့သို့သော ဖြစ်ရပ်များမှာ ဥစ္စာဓနခွဲဝေမှု သို့မဟုတ် ထိခိုက်နစ်နာမှု ပေးလျော်မှု နှင့် ညီမျှရေးထောက်ပံ့ငွေ စသည့် ကိစ္စရပ်များကို ကျော်လွန်၍ ပိုင်ဆိုင်မှု (ownership)၊ အမွေအနှစ် (heritage) နှင့် လွတ်လပ်စွာ ရပ်တည်နိုင်ခွင့် (autonomy) တို့အပေါ်တွင် ရပ်ခံတောင်းဆိုသည့် သဘောဖြစ်ပါသည်။

၅.၂ စနစ်ယွန္တရားများနှင့် အခြားနိုင်ငံများမှ အတွေ့အကြုံများ (Mechanisms and evidence from other countries)

သယံဇာတစီမံအုပ်ချုပ်မှုအား ဗဟိုချုပ်ကိုင်မှု ဖြေလျှော့ခြင်း သို့မဟုတ် ဝင်ငွေခွဲဝေမှု (revenue-sharing) ဆိုသည်မှာ ဒေသန္တရ နယ်မြေများဖြင့် အကျိုးခံစားမှုများကို ခွဲဝေသည့် နည်းလမ်းတစ်ခု ဖြစ်ပါသည်။ သို့သော်လည်း ဤနည်းလမ်းတစ်ခုတည်းမဟုတ်ပါ။ အခြားသော နည်းလမ်းများအနေဖြင့် ဒေသတွင်းမှ လုပ်သားများဌာနရမ်းစေခြင်း (ဒေသခံပါဝင်ရန်လိုအပ်ချက်) စသည့် မက်လုံးများ၊ ဒေသန္တရဖွံ့ဖြိုးရေးတွင် ရင်းနှီးမြှုပ်နှံစေခြင်း၊ ဝင်ငွေများကို လူထုထံသို့ တိုက်ရိုက်ဖြန့်ဝေပေးခြင်း စသည်တို့ပါဝင်နိုင်ပါသည်။[178] ယင်းအစီအစဉ်များကို ပေါင်းစပ်ရောယှက်ထားသည့် မူဝါဒမျိုးလည်း ဖြစ်နိုင်ပါသည်။

[ll] တွေ့ဆုံမေးမြန်းခဲ့သည့် ပြည်ထောင်စုအဆင့်လွှတ်တော်အမတ်တစ်ဦးက လက်ရှိစနစ်၏ ထိရောက်မှုမရှိသည့် ဆက်သွယ်မှု (communication) ကို 'ဥပမာ မကွေးတိုင်းဒေသကြီး လျှပ်စစ်ဝန်ကြီးက နေပြည်တော်ကို တိုက်ရိုက်ဆက်သွယ်ခွင့်မရှိဘူး။ အရင်ဆုံး ၇နှစ်ကြီးချုပ်ကို တင်ပြပြီး ဝန်ကြီးချုပ်ကနေမှ တဆင့် ပြည်ထောင်စု လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနကို တင်ပြတယ်။' ဟုပြောပြပါသည်။

[mm] အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီကို ဥတ္တဋ္ဌအဖြစ် ဒုတိယသမ္မတ နှင့် လျှပ်စစ်စွမ်းအား၊ စွမ်းအင်၊ သစ်တော၊ ဆည်မြောင်းစသည့် အခြားဆက်စပ်သည့် ဝန်ကြီးဌာနများ၊ ပြည်ထောင်စု လွတ်တော်အမတ်များ ပါဝင်ဖွဲ့စည်းသည်။

ရင်ငွေများကို ဗဟိုအဆင့်အောက်မှ အစိုးရများဖြင့်ခွဲဝေမည်ဆိုပါက၊ ရွေးချယ်စရာ နည်းလမ်းအမျိုးမျိုးဖြစ်နိုင်ပါသည်။

- ပထမပုံစံမှာ အထွေထွေရင်ငွေများခွဲဝေမှုစနစ် သို့မဟုတ် ဘဏ္ဍာရေးဗဟိုချုပ်ကိုင်မှုဖြေလျှော့ခြင်း ပုံစံဖြစ်ပြီး ၄င်းတွင် အချို့သော ပြည်နယ်/တိုင်းများ သို့မဟုတ် အုပ်စုများသို့ သယံဇာတထုတ်ယူမှုလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာသည့် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ထိခိုက်နစ်နာချက်များအတွက် နစ်နာမှုလျော်ကြေးများ အပိုဆောင်းပေးခြင်း (compensating) ပါဝင်ပါမည်။ ဤပုံစံတွင် အစိုးရသည် သဘာဝသယံဇာတမှရင်ငွေများကို အခြားသောရင်ငွေများကဲ့သို့ပင် သဘောထားခြင်း ဖြစ်သည်။
- ဒုတိယပုံစံတွင် သယံဇာတမှရင်ငွေများအား ဘဏ္ဍာရေးဗဟိုချုပ်ကိုင်မှုဖြေလျှော့ရေးတွင် အထူးကိစ္စရပ်တစ်ခုအနေဖြင့် သဘောထားခြင်းဖြစ်သည်။ ဥပမာအားဖြင့် အချို့သော အခွန်များ သို့မဟုတ် royalties များကို သယံဇာတတည်ရှိသည့် နယ်မြေမှ ဒေသန္တရအစိုးရများသို့ ပေးဆောင်စေရန် မျိုးဖြစ်သည်။ ဤ ချဉ်းကပ်မှုပုံစံတွင် ဒေသန္တရ နယ်မြေများမှ သယ်ပိုးထားရသည့် ထိခိုက်နစ်နာချက်များ စသည်တို့ထက် ပိုမိုကျော်လွန်သော ကိစ္စများကို ထည့်သွင်းစဉ်းစားရမည့် ဆန္ဒများ လိုအပ်ပါသည် (ဥပမာ ဒေသ၏ နိုင်ငံရေးအရ သဘောထားရပ်တည်ချက်မျိုး)။ [179]

ကျွမ်းကျင်နိုင်ငံအများစုတွင် ဒေသဆိုင်ရာအစိုးရများ၏ ဝင်ငွေပင်မရင်းမြစ်မှာ ဗဟိုအစိုးရများထံမှရရှိသည့် လွှဲပြောင်းပေးငွေ (transfers) များပင်ဖြစ်သည်။ ဤလွှဲပြောင်းပေးငွေတွင် ဝင်ငွေအမျိုးအစား အားလုံးပါဝင်နိုင်သလို၊ သယံဇာတဝင်ငွေကို သီးခြား သတ်မှတ်ပေးသည်လည်း ဖြစ်နိုင်ပါသည်။[nn180] National Resource Governance Institute ၏ သယံဇာတအုပ်ချုပ်မှု ညွှန်းကိန်း၌ သယံဇာတကြွယ်ဝသော နိုင်ငံ ၅၈ နိုင်ငံအနက် နိုင်ငံ ၃၀ တွင် ဝင်ငွေခွဲဝေမှု စနစ်ယန္တရားများရှိပြီး ဗဟိုအစိုးရက သယံဇာတဝင်ငွေများကို ပြည်နယ်၊ ဒေသန္တရ အစိုးရများသို့ လွှဲပြောင်းပေးကြောင်း တွေ့ရသည်။[181] သယံဇာတဥစ္စာဓန ခွဲဝေမှုရှိသော ဖြစ်ရပ်များတွင် 'အရင်းအမြစ်များအားလုံးကို လွှဲပြောင်းပေးရန်မလိုပါ။ အချို့သော အရင်းအမြစ် များအား နိုင်ငံလုံးဆိုင်ရာ ရည်ရွယ်ချက်များအတွက် ချန်လှပ်ထိန်းသိမ်းထားခြင်း သို့မဟုတ် အခွင့်အရေးမသာသော ဒေသများသို့ လွှဲပြောင်းပေးခြင်းတို့ဖြင့် ညီမျှမှုဖြစ်ပေါ်အောင် ဖန်တီးနိုင်ပါသည်'။[182]

ဒေသဆိုင်ရာ အစိုးရများအနေဖြင့် သယံဇာတမှ ဝင်ငွေများရရှိရာတွင်

- သယံဇာတထုတ်ယူမှု လုပ်ငန်းများအပေါ် အခွန်အချို့ကို တိုက်ရိုက်စည်းကြပ်နိုင်ခြင်း[oo]
- သယံဇာတ၏ မူလဒေသအတွက် သတ်မှတ်ထားသော ခွဲဝေမှုကို ဗဟိုအစိုးရထံမှ တိုက်ရိုက်လွှဲပြောင်းပေးငွေအဖြစ် ရရှိခြင်း
- သယံဇာတထုတ်လုပ်ပေးသော ဒေသများကို ဦးစားပေးထားသည့် နိုင်ငံလုံးဆိုင်ရာ ဘတ်ဂျက်ဖြစ်စဉ်မှတဆင့် သွယ်ဝိုက်လွှဲပြောင်းပေးငွေများ ရရှိခြင်း စသည်တို့ ဖြစ်နိုင်ပါသည်။[183]

တစ်ခါတစ်ရံ၌ ယင်း အစီအစဉ်များသည် ဗဟိုအစိုးရနှင့် သယံဇာတ ထုတ်လုပ်သည့်ဒေသတို့အကြား ခွဲဝေခြင်း (ဒေါင်လိုက်ခွဲဝေမှုပုံစံ) ဖြစ်ပြီး၊ တစ်ခါတစ်ရံတွင် သယံဇာတ ရင်ငွေများအား ဒေသများ အားလုံးသို့ ဖြန့်ခွဲခြင်း (အလျားလိုက်ခွဲဝေမှုပုံစံ) ဖြစ်ပါသည်။

ဇယား ၁၂ ၊ ဝင်ငွေခွဲဝေမှု စနစ်အစီအစဉ်များ

အစီအစဉ်	ဖော်ပြချက်
ဒေါင်လိုက်ခွဲဝေခြင်း (Vertical Sharing)	သယံဇာတမှ ရင်ငွေများအား ဗဟိုအစိုးရနှင့် ဒေသဆိုင်ရာ အစိုးရများအကြားခွဲဝေခင်းပုံစံဖြစ်သည်။ အစီအစဉ်များ၌ မည်မျှကို ဗဟိုအစိုးရသို့၊ မည်မျှကိုတော့ ဒေသဆိုင်ရာ အစိုးရအဖွဲ့အစည်းများသို့ ခွဲဝေချထားမည်ကို သတ်မှတ်ရသည်။

[nn] 'ဘရာဇီး ဘရာဇီး၊ ဂါနာ၊ အင်ဒိုနီးရှားနှင့် နိုင်ဂျီးရီးယား ကဲ့သို့သော နိုင်ငံများတွင် အစိုးရများအကြား လွှဲပြောင်းပေးငွေ (intergovernmental transfer) အစီအစဉ် နှစ်မျိုး ကျင့်သုံးဆောင်ရွက်ပါသည်။ ၄င်းတို့မှာ အထွေထွေစုပေါင်း အခွန်ငွေ လွှဲပြောင်းမှု (general tax pool transfer) နှင့် ဓါတ်သတ္တု၊ ရေနံ သို့မဟုတ် သဘာဝဓါတ်ငွေ့များမှ ရင်ငွေများအား အရင်းအမြစ်မူလဒေသ အခြေခံ လွှဲပြောင်းမှု (derivation based transfer) တို့ဖြစ်သည်။ ကနေဒါနှင့် အမေရိကန် နှင့် တောင်အာဖရိက နိုင်ငံများတွင်မူ အထွေထွေလွှဲပြောင်းပေးငွေ စနစ်ကို သာ ကျင့်သုံးကြောင်း တွေ့ရသည်။ (Bauer 2013)

[oo] ၄င်းတို့ကို (၁) royalties သို့မဟုတ် အချို့သောစည်းကြပ်ငွေများ ဒေသဆိုင်ရာအစိုးရထံသို့ ရောက်ရှိပြီး ဝင်ငွေခွန်မှာ ဗဟိုအစိုးရဆီသို့ ရောက်ရှိသော *အခွန်ခွဲခြားခြင်း (separation of taxes)* ပုံစံ (ပြောင်းပြန်လည်း ဖြစ်နိုင်သည်) သို့မဟုတ် (၂) အစိုးရအဆင့် တစ်ဆင့်ချင်းစီမှ ဥပမာ ရေနံ ထုတ်လုပ်မှုအပေါ် အခွန်ကောက်ခံသည့် *အခွန်မူးတွဲပါဝင်ကောက်ခံခြင်း (concurrence of taxes)* ပုံစံဖြစ်သည်။ (Agustina *et al.* 2012)

အလျားလိုက် ခွဲဝေခြင်း (Horizontal Sharing)	ဝင်ငွေများအား ဗဟိုအဆင့်အောက်မှ အဖွဲ့အစည်းအသီးသီးအကြားတွင် ခွဲဝေသည်။ သယံဇာတကြွယ်ဝသည့် ဒေသ၊ နည်းပါသည့် ဒေသ အားလုံးပါဝင်ရပါမည်။ ဤပုံစံတွင် အများအားဖြင့် ဖက်ဒရယ်အစိုးရက ဝင်ငွေကောက်ခံစုစည်းမှုပြုပြီး သဘောတူညီထားသည့် ပုံသေနည်း (agreed-upon formula) အတိုင်း ပြန်လည်ခွဲဝေဖြန့်ဖြူးပေးပါသည်။ ၄င်းအား ဝင်ငွေညီမျှရေးအစီအစဉ်များ(revenue equalization schemes) ဟု ခေါ်သည်။
တိုက်ရိုက်ခွဲဝေဖြန့်ဖြူးခြင်း (Direct Distribution)	နိုင်ငံသားများထံသို့ တိုက်ရိုက် ငွေပေးအပ်မှု ပုံစံဖြစ်သည်
အခွန်အခြေခံ စနစ် (Tax-base adjustment)	သယံဇာတမှ ဝင်ငွေခွဲဝေမှုအား ဒေသဆိုင်ရာအဆင့်အတွက် အခွန်စည်းကြေးနိုင်ခွင့်အာဏာ အဖြစ် ပုံစံပြောင်းထားခြင်း ဖြစ်သည်။ ဒေသဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် အခွန်ရငွေများမှ ခွဲတမ်းအများစုကို ရရှိထိန်းသိမ်း နိုင်မည် ဖြစ်သည်။ ၄င်းခွဲတမ်းသည် တနည်းနည်းဖြင့် သယံဇာတမှ ၄င်းတို့ရရှိမည့် ဝင်ငွေနှင့် လိုက်ဖက်ညီမျှသည့် ပမာဏ ဖြစ်ပါမည်။

ရင်းမြစ် - Wennman, Achim (2012). 'Sharing Natural Resource Wealth During War to Peace Transitions'. In High-Value Natural Resources and Post-Conflict Peacebuilding, ed. Lujala and Rustad

ဤအစီအစဉ်များအား နိုင်ငံအချို့ဖြင့် ဥပမာပြရလျှင် - နိုင်ဂျီးရီးယား နိုင်ငံတွင် သယံဇာတထုတ်လုပ်သည့် ပြည်နယ်က ရေနံမှရငွေ၏ ၁၃%ကို အပိုဆောင်းခွဲဝေမှုအဖြစ် ရရှိသော်လည်း ပြည်နယ်တိုင်း ပြည်နယ်တိုင်းအား သယံဇာတမှ ရငွေများ ခွဲဝေခံစားနိုင်ရန် စီစဉ်ပေးထားသည်။[184] ရငွေများကို ပိုမိုသေးငယ်သည့် နယ်မြေအခြေခံအပေါ်တွင် ခွဲဝေသည်လည်းရှိပါသည်။ ဖိလစ်ပိုင်နိုင်ငံတွင် အခွန်ရငွေများနှင့် သယံဇာတမှ ရငွေများအား လူဦးရေနှင့် အခြားအကြောင်းအချက်များကို ထည့်သွင်းတွက်ချက်ထား သည့် ခွဲဝေချထားရေး ပုံသေနည်း (allocation formula) အတိုင်း ဒေသန္တရအစိုးရ အလွှာ အဆင့်အဆင့်တွင် ခွဲဝေဖြန့်ဖြူးပေးထားသည် ကိုတွေ့ရသည်။[185]

အင်ဒိုနီးရှားနိုင်ငံတွင်မူ ပိုမိုအသေးစိပ်ပါဝင်သည့် စနစ်တစ်ခုကို ဖန်တီးထားပြီး ၄င်းတွင် သဘာဝသယံဇာတရငွေများကို ဒေသဆိုင်ရာ အဖွဲ့အစည်းများသို့ ပုံသေနည်းအခြေခံအတိုင်း ခွဲဝေသည် (ပုံညွှန်း ၉ ကိုကြည့်ပါ)။[186] ထို့အပြင် အချို့သော နယ်မြေများအတွက် နိုင်ငံရေး သဘောတူညီချက်များအရ ဆုံးဖြတ်ထားသည့် တပြေးညီမဟုတ်သည့် အစီအစဉ်များ (asymmetric arrangements) များကို အာချေး(Aceh) ပါပူအာ(Papua) နှင့် ပါပူအာ ဘာရက် (Papua Barat) ပြည်နယ်များအကြားတွင် ချမှတ်နိုင်ခဲ့ပါသည်။[pp187] ဒေသများ တစ်ခုနှင့်တစ်ခုအကြား စိုးရိမ်ချက်ပူပန်ချက်များကြောင့် ဒေသယူနစ်များ အားလုံး၏ စုစုပေါင်းဘတ်ဂျက်ကို ညီမျှစေနိုင်ရန် အထွေထွေဘဏ္ဍာရေးလွှဲပြောင်းငွေများကို ထည့်သွင်းခဲ့ပါသည်။ တွေ့ဆုံမေးမြန်းခဲ့သော မြန်မာနိုင်ငံမှ မူဝါဒချမှတ်သူအများစုက အထူးသဖြင့် အင်ဒိုနီးရှားနိုင်ငံကို အတုယူစရာ ဥပမာတစ်ခုအဖြစ် ညွှန်းဆိုကြလေ့ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် အင်ဒိုနီးရှားကဲ့သို့ ကျယ်ပြန့်စွာ ခွဲဝေဖြန့်ဖြူးရမည့် အရင်းအမြစ် များပြားစွာ ရှိနေသော ကြောင့် ဖြစ်သည်။ သို့ရာတွင် အင်ဒိုနီးရှားမှ ဘဏ္ဍာရေးဗဟိုချုပ်ကိုင်မှုလျော့ချရေးအစီအစဉ်၏ ပုံစံဒီဇိုင်းသည် အချိန်ယူ၍ တည်ဆောက်ခဲ့ ရသော အရာဖြစ်သည်။ ၁၉၉၉ တွင် တင်ပြခဲ့သော မူဝါဒများကို ၂၀၀၄ ခုနှစ်တွင် ပြန်ပြင်ဆင်ခဲ့သည်။ အောက်တွင် ဖော်ပြထားသည့် ပုံမှာ အကောင်အထည်ဖော်ရန် စီစဉ်ထားခဲ့သည့် အစီအစဉ်ဖြစ်သည်။ [188]

[pp] 'အာချေး(Aceh) သည် ပထမ ကိုးနှစ်တာကာလအတွင်း ၇၀% ရရှိပြီး၊ ပါပူအာ(Papua) နှင့် ပါပူအာ ဘာရက် (Papua Barat) တို့မှာ ပထမ ၂၅ နှစ်အတွင်း ၇၀% ခွဲတမ်းကို ရရှိကြသည်။ ယင်းကာလများပြီးပါက ခွဲတမ်းကို ၅၀% အထိ လျှော့ချမည် ဖြစ်သည်'။ အာချေးတွင် ဥစ္စာဓနခွဲဝေမှု သည်ဖြစ်စဉ်အပေါ်တွင် အကျိုးသက်ရောက်မှု မရှိပေ။ အဘယ့်ကြောင့်ဆိုသော် ဥစ္စာဓနခွဲဝေမှုသတ်မှတ်ချက်များတွင် နည်းပညာဆိုင်ရာနှင့် ပိုင်ဆိုင်မှုဆိုင်ရာ အသေးစိပ်သတ်မှတ်ချက် မပါဝင်ခြင်း နှင့် စစ်တပ်ကဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းများက အုပ်စုကွဲစေခြင်းနှင့် မယုံကြည်မှုများကို ဖြစ်ပေါ်စေခဲ့သည်။ ဆန်းစစ်ကြည့်သောအခါ မကြာမီအချိန်အတွင်း ကုန်ခမ်းတော့မည့် အာချေး၏ ရေနံနှင့် သဘာဝဓါတ်ငွေ့များကြောင့် ဥစ္စာဓနခွဲဝေမှုသည် စီးပွားရေးအရ ကြီးမားသည့် မတူကြောင်းနားမှု ဖြစ်ပေါ်စေနိုင်ခြင်း မရှိကြောင်းတွေ့ရသည်။ သို့တိုင်အောင် ဥစ္စာဓနခွဲဝေမှုအားဖြင့် ယုံကြည်မှုတည်ဆောက်နိုင်စရာ အခွင့်အရေးနှင့်အတူ အာချေး၏ အနာဂါတ်အုပ်ချုပ်ရေးအတွက် အင်စတီကျူးရှင်းအသစ်များ ဖန်တီးပေးနိုင်ခဲ့သည်။' (Wennman and Krause 2009)

ပုံညွှန်း ၉ - အင်ဒိုနီးရှားနိုင်ငံ၏ သယံဇာတအရင်းအမြစ်ဝင်ငွေ ခွဲဝေမှု UU33/2004



ရင်းမြစ် - Agustina, C. D., Ahmad, E., Nugroho, D., & Siagian, H. (2012, March). Political economy of natural resource revenue sharing in Indonesia. Paper submitted to a conference on Alternative Visions for Decentralization in Indonesia, Jakarta (pp. 12-13).

၅.၃ အပေးအယူနှင့် အန္တရာယ် (Trade-offs and risks)

ဘဏ္ဍာရေးဗဟိုချုပ်ကိုင်မှုဖြေလျှော့ခြင်း တွင်ပါဝင်သည့် အထွေထွေ အပေးအယူများအပြင် သယံဇာတကဏ္ဍအား ဗဟိုချုပ်ကိုင်မှုဖြေလျှော့ရာတွင် စဉ်းစားရမည့် အခြားအချက်များစွာ ရှိပါသည်။ အချို့မှာ အများပြောဆိုကြလေ့ရှိသော 'သယံဇာတကျိန်စာ' (resource curse) ကို အားဖြည့်ပေးလေ့ရှိသည့် အန္တရာယ်များဖြစ်ပါသည်။[qq189] အားကောင်းပြီး၊ တာဝန်ခံမှုရှိသည့် ဗဟိုအဆင့် အောက်မှ အဖွဲ့အစည်းများ၊ တစ်နိုင်ငံလုံးအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သတ်မှတ်ပြဋ္ဌာန်းချက်များ၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဖြစ်စဉ်များ မရှိခဲ့ပါက ယင်းအခက်အခဲ အန္တရာယ်များမှာ ပို၍ မြင့်မားနိုင်ပါသည်။

ဗဟိုနှင့် ဒေသန္တရ အကျိုးစီးပွားများကို ယှဉ်တွဲပေးခြင်း - ထိခိုက်နစ်နာမှုများကို ဒေသန္တရမှ ထမ်းပိုးထားရပြီး၊ အကျိုးခံစားမှုများက ဗဟိုသို့ရောက်ရှိနေသည့်အခါ အမှန်တကယ်ထိခိုက်နစ်နာမှုမည်မျှ ဖြစ်ပေါ်နေသည်ကို အပြည့်အဝတိုင်းတာနိုင်ခြင်း မရှိဘဲ၊ လုပ်ဆောင်ရန် မသင့်သည့် စီမံကိန်းများကို ဆက်လက်လုပ်နေတတ်ကြပါသည်။ ဤအတွက် ဖြေရှင်းမှု နည်းလမ်းတစ်ရပ်မှာ အချို့သောဆုံးဖြတ်ချက်များကို ဗဟိုအဆင့်အောက် အစိုးရများသို့ လွှဲပြောင်းပေးအပ်ခြင်း သို့မဟုတ် ဗဟိုအစိုးရ၏ ဆုံးဖြတ်ချက်ချမှတ်မှုတွင် ဒေသဆိုင်ရာ ကိုယ်စားပြုမှုကို အသေအချာ ပါဝင်နိုင်စေရန် ပင်ဖြစ်သည်။

နိုင်ငံရေးတွင် ပါဝင်ဆောင်နေသူများနှင့် ပြည်သူလူထု၏ အကျိုးစီးပွားများကို ယှဉ်တွဲပေးခြင်း - ဒေသန္တအာဏာပိုင်များ၏ အကျိုးစီးပွားမက်လုံးများက ဒေသန္တပြည်သူလူထုဖြင့် မကိုက်ညီသည့်အခါ ပြဿနာများဖြစ်ပေါ်နိုင်ပါသည်။ အင်ဒိုနီးရှားနိုင်ငံတွင်

[qq] သယံဇာတကျိန်စာတွင် 'တစ်ဦးချင်းဝင်ငွေ၊ ရုပ်ပိုင်းနှင့် လူသားအရင်းအနှီးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ၊ ပွင့်လင်းသည့် ကုန်သွယ်မှု နှင့် ဥပဒေစိုးမိုးမှု အပေါ် စတင်ထိန်းချုပ်ကန့်သတ်ပြီး၊ သယံဇာတအပေါ်သိသာထင်ရှားစွာပင် အလွန်အမင်းဗိုဒိ (GDP ၌ သယံဇာတပြည်ပသို့ တင်ပို့မှုပမာဏဖြင့် တိုင်းတာသည်) လာသည်နှင့်အမျှ ၄င်းသည် တစ်ဦးချင်း GDP တိုးတက်မှုအပေါ်တွင် အနုတ် လက္ခဏာ သက်ရောက်မှုများ ဖြစ်ပေါ်စေသည်' ဟုတွေ့ရှိသည်။ (Sachs and Warner 1997 in Van Der Ploeg and Venables 2012)

သစ်ထုတ်လုပ်ငန်းများအတွက် ခွင့်ပြုမိန့်ပါမစ် ပေးနိုင်ခြင်းကို ဗဟိုချုပ်ကိုင်မှုပြုသောအခါ ဒေသခံအရာရှိများက ဝင်ငွေများများ ရရှိနိုင်ရန် သစ်ထုတ်ခွင့်လိုင်စင်များစိတ်ကြိုက်ချပေးထားရာမှ အလွန်အကျွံ သစ်ထုတ်ယူမှုများ ဖြစ်ပေါ်ခဲ့သည်။[190]

တရားမဝင်တူးဖော်ထုတ်ယူမှုများအပေါ် သက်ရောက်မှု - မြန်မာနိုင်ငံတွင် တရားမဝင်တူးဖော်ထုတ်ယူများ အနှံ့အပြား မြင့်မားစွာ ဖြစ်ပွားလျက်ရှိသည့်အလျောက် အစိုးရအဆင့်များအားလုံးအကြားမူဝါဒဆိုင်ရာထိတွေ့ဆောင်ရွက်ချက်များတွင် တရားမဝင်တူးဖော်ထုတ်ယူမှု ကိစ္စကို ထည့်သွင်းစဉ်းစားကြရမည်။ အင်ဒိုနီရှားနိုင်ငံတွင် ၂၀၁၂ ခုနှစ် လေ့လာချက်အရ မြို့နယ်များအားလုံးသည် အပြိုင်အဆိုင် တရားမဝင် သစ်လုပ်ငန်းများကို ဆွဲဆောင်ရာမှ သစ်စေ့များ အလွန်းအမင်းကျဆင်းသွားခဲ့သည်ကို တွေ့ရသည်။[191]

တရားဝင်ရင်းနှီးမြှုပ်နှံမှုအပေါ် သက်ရောက်မှု - အဆင့်အမျိုးမျိုးတွင် တောင်းဆိုချက်အမျိုးမျိုးဖြင့် ရှုပ်ထွေးဝေဝါးပြီး တစ်ခုနှင့်တစ်ခု တခါတရံ ဝိရောဓိသဘောလည်းဖြစ်နေသော ဥပဒေ/ ပြဋ္ဌာန်းသတ်မှတ်ချက် မူဘောင် ကြောင့် အားလုံးအတွက် အကျိုးဖြစ်ထွန်းနိုင်သည့် ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာရေးကို အဟန့်အတားဖြစ်နေနိုင်ကြောင်း တွေ့ဆုံးမေးမြန်းခဲ့သည့် ပုဂ္ဂလိကကဏ္ဍမှ ပါဝင်သူများက ပြောဆိုသည်။[192] ဒေသဆိုင်ရာအဆင့်မှ သတ္တုတွင်း လုပ်ငန်းရှင်အသင်းများ က ၄င်းတို့ ပါမစ်လျှောက်ထားရာတွင် ဗဟိုဝန်ကြီးဌာနမှ အောက်သို့ အဆင့်ဆင့်စီစစ်စေပြီး၊ ဗဟိုသို့ ပြန်လည် အဆင့်ဆင့် ပေးပို့နေရသည့် 'ကြိုးနီ'စနစ်ကြီးမားနေမှုကိုလည်း ထုတ်ဖော်ပြောဆိုကြသည်။ အခြားတစ်ဖက်တွင် ရင်းနှီးမြှုပ်နှံသူများသည် ဒေသခံရပ်ရွာလူထုဖြင့် ပဋိပက္ခဖြစ်ပွားနိုင်သည့် အန္တရာယ် လည်း ရှိနေပါသေးသည်။ သယံဇာတစီမံခန့်ခွဲမှု၌ ဒေသဆိုင်ရာအစိုးရ၏ အခန်းကဏ္ဍ အပြောင်းအလဲများစဉ်စားရာတွင် သယံဇာတထုတ်ယူမှု များအပေါ် ကောင်းစွာ စီမံခန့်ခွဲနိုင်စေပြီး၊ ပဋိပက္ခလျှော့ချစေနိုင်သည့်အပြင် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်း တစ်ခု ဖန်တီးပေးမည့် စနစ်တစ်ခုဖြစ်ဖို့ လိုပါသည်။

တာဝန်ခံမှု - အကယ်၍ ဥစ္စာဓနခွဲဝေမှုအစီအစဉ်တွင် မြောက်များသော ရန်ပုံငွေများအား စနစ်တကျ စီမံခန့်ခွဲနိုင်ရန် ပြင်ဆင်ပေးမထားသည့် ဒေသသို့ လွှဲပေးခဲ့ပါက အမြတ်တစေ အကျင့်ပျက်ခြစားမှုများ ဖြစ်ပေါ်လေ့ရှိပါသည်။[193] မြန်မာနိုင်ငံအနေဖြင့် ထောက်ကူပေးမည့် ပြဋ္ဌာန်းသတ်မှတ်ချက်များ နှင့် ထိန်းချုပ်စီစစ်မှုများ ဖွံ့ဖြိုးရန် လိုအပ်လျက်ရှိပါသေးသည်။ သယံဇာတမှ ရငွေများသည် အများခံစားရမည့်ဖွံ့ဖြိုးတက်မှုများကို ဆောင်ကျဉ်းပေးနိုင်ရန်လိုပြီး၊ ဒေသန္တရအီလစ်များ (local elites) ကိုသာ ပိုအာဏာပိုကြီးလာစေမျိုးမဖြစ်သင့်ပါ။[rr] တွေ့ဆုံးမေးမြန်းခဲ့သည့် အရပ်ဘက်လူမှုအဖွဲ့အစည်း ခေါင်းဆောင်တစ်ဦးက 'တကယ်တော့ ဗဟို ချုပ်ကိုင်မှု လျှော့ချတာကို ကြိုက်ပါတယ်။ ဒါပေမယ့် အဖွဲ့အစည်း အင်စတီကျူးရှင်းတွေ အားမကောင်းဘဲနဲ့၊ အာဏာပိုင်တွေကို ပြန်စစ်ဆေးထိန်းကျောင်းဖို့ စနစ်တွေ မရှိဘဲနဲ့ လျှော့ချရင်တော့ အရမ်း သတိထားဖို့လိုတယ်' ဟု ပြောပါသည်။ အချို့သောနိုင်ငံများတွင် ဒေသဆိုင်ရာ အစိုးရများ သယံဇာတဝင်ငွေများရရှိမှုအပေါ်တွင်အထောက်အကူပြုနိုင်မည့် ဘတ်ဂျက်ကြီးကြပ်စစ်ဆေးမှု၊ အခြေခံအဆောက်အအုံ ကြီးကြပ်စစ်ဆေးမှု စသည့်လုပ်ဆောင်ချက်များအားဖြင့် ဖြည့်စွက်ပေးရပါသည်။

အခွန်ကောက်ခံမှုဆိုင်ရာ အရည်အသွေး - တိုက်ရိုက်ကောက်ခံသည့် အခွန်များ သို့မဟုတ် တိုက်ရိုက် လွှဲပြောင်းငွေများဖြင့် သယံဇာတဝင်ငွေများကို ဗဟိုချုပ်ကိုင်မှု ဖြေလျှော့ရာတွင် ဒေသဆိုင်ရာ အစိုးရများသည် အချို့သော စိန်ခေါ်မှု အခက်အခဲများကို ရင်ဆိုင် ကြရလေ့ ရှိပါသည်။ ရွေးချယ်သည့် စနစ်ယန္တရားအပေါ်မူတည်၍ အစိုးရများအနေဖြင့် ရှုပ်ထွေးသော အခွန်အမျိုးအစားများကို စီမံနိုင်ရန်၊ နိုင်ငံခြားလုပ်ငန်းများအား အခွန်စည်းကြပ်နိုင်ရန် အဖွဲ့အစည်းစနစ်ဆိုင်ရာ အရည်အသွေးလည်း လိုအပ်ပါသည်။ အချို့သော အခွန်ကောက်ခံခြင်းများကို ဗဟိုချုပ်ကိုင်မှု ဖြေလျှော့ရန် ရပ်ခံပြောဆိုချက်တစ်ခု တွင် ကိုယ်ပိုင်ရင်းမြစ်ဝင်ငွေ (own-source revenue) ကို ဒေသကကိုယ်တိုင် ထိန်းသိမ်းထားခွင့်ရစေခြင်းဖြင့် ဒေသအရာရှိများကို အခွန်ထိထိရောက်ရောက် ကောက်ခံရရှိရေး အတွက် ဆွဲဆောင်မှု မက်လုံးတစ်ခုဖြစ်နိုင်သည်ဟု ဆိုပါသည်။ အချို့အခြေအနေများ တွင် ဒေသအစိုးရများကို

[rr], Siegle and O'Mahony (2006) ၏ နိုင်ငံစုံလေ့လာချက်တွင် ဤ ပဋိပက္ခ အန္တရာယ်အကြောင်းအချက်များ (conflit risk factors)ကို ဖော်ထုတ်တင်ပြရာ - 'ဒေသန္တရဝင်ငွေရင်းမြစ်များ မမျှတမှုကြီးမားစွာ ရှိနေပြီး ရင်းမြစ်များမှာ ပုံမှန်အားဖြင့် သယံဇာတမှ ဖြစ်သော်လည်း မူးယစ်ဆေး သို့မဟုတ် စာရင်းမသွင်းသည့် အခွန်အခများမှ တိုးမြှင့် ရရှိနေခြင်း၊ ဗဟိုအစိုးရမှလုံခြုံရေးအရထိန်းချုပ်ထားနိုင်ခြင်းမရှိသော နယ်မြေများ၊ လူမျိုးစုအခြေခံသို့မဟုတ် ပထဝီဒေသအခြေခံဖွဲ့စည်းထားသည့် နိုင်ငံရေးပါတီများ၊ လူနည်းစုအုပ်စုများ များပြားစွာဖြင့် စုဖွဲ့ထားသည့် လူ့အဖွဲ့အစည်းများ၊ အကျင့်ပျက်ခြစားမှုမြင့်မားသည့် နိုင်ငံများ' တို့ပါဝင်သည်။ ထို့အပြင် 'ဒေသန္တရအစိုးရ၏သုံးငွေအဆင့်၊ ဝန်ထမ်းစသည့် အဆင့်များ တိုးမြှင့်ပေးခြင်း၊ ရွေးကောက်ခံခေါင်းဆောင်များ တင်မြှောက်ခြင်း စသည့် ဗဟိုချုပ်ကိုင်မှုအစီအစဉ်များသည် လူမျိုးစုပဋိပက္ခ ကို အများအားဖြင့် လျှော့ကျစေနိုင်လေ့မရှိကြောင်း တွေ့ရှိရသည်' ဟုလည်း ဖော်ပြထားသည်။

အခွန်ကောက်ခံရန် တာဝန်ပေးထားသော်လည်း ယင်းရင်ဌေများကို ထိန်းသိမ်းထားခွင့် မရခြင်းကြောင့် မက်လုံးမရှိဘဲ ဖြစ်တတ်ပါသည်။[ss]

ဘဏ္ဍာငွေရေး/သုံး ဆိုင်ရာ အရည်အသွေး - အကယ်၍ ဒေသန္တရစီးပွားရေးက အရွယ်အစားသေးငယ်ပြီး သယံဇာတအရင်းအမြစ် အပေါ် များစွာ မှီခိုနေရပါက နိုင်ငံတကာ၌ သယံဇာတစျေးနှုန်း အပြောင်းအလဲများ ဖြစ်ပေါ်သောအခါ ကာကွယ်နိုင်စွမ်းရှိမည် မဟုတ်ပေ (အထူးသဖြင့် ရေနံနှင့် သဘာဝဓါတ်ငွေ့တွင် အတက်အကျ ပိုများသည်)။ ကုန်ပစ္စည်းစျေးနှုန်း (commodity price) အပြောင်းအလဲများက ဒေသဆိုင်ရာ အစိုးရအား ၄င်း၏ အသုံးစရိတ် စီစဉ် ရေးဆွဲ ရာတွင် အခက်အခဲဖြစ်စေပါသည်။ စျေးနှုန်းမြင့်မားစွာ ရရှိနေချိန်တွင် သုံးငွေများလည်း မြင့်မားနေနိုင်သော်လည်း အရင်းအမြစ်များ တဖြည်းဖြည်း ကုန်ခမ်းလာချိန်တွင် ဤသို့သုံးစွဲ နိုင်တော့မည် မဟုတ်တော့ပေ။[194] နိုင်မာသည့် အစိုးရအင်စတီကျူးရှင်းများရှိသည့် သြစတြေးလျ အနောက်ပိုင်း၌ပင်လျှင် သံသတ္ထုတူးဖော်မှုရင်ဌေ အပေါ် တစ်စိတ်တစ်ပိုင်း မှီခိုနေရာမှ စျေးကွက်အတွင်း ဖြစ်ပေါ်သည့် သံသတ္ထု စျေးနှုန်း အတက်အကျ အပြောင်းအလဲများက ပြည်နယ် ဘတ်ဂျက်ကို မတည် မငြိမ်ဖြစ်စေကြောင်း တွေ့ရှိပါသည်။ ဒေသဆိုင်ရာ အစိုးရများအနေဖြင့် ဝင်ငွေများ (သယံဇာတမှဖြစ်စေ အခြားရင်းမြစ်မှဖြစ်စေ) တဖြည်းဖြည်းပိုမိုရရှိလာချိန်တွင် ၄င်းတို့၏ တာဝန်ဝတ္တရားများနှင့် စွမ်းဆောင်ရည်များမှာလည်း ပိုမိုမြင့်မားကောင်းမွန် လာရန်လိုပါသည်။[195]

ဒေသဆိုင်ရာ အစိုးရများအနေဖြင့် ဝင်ငွေများ (သယံဇာတမှဖြစ်စေ အခြားရင်းမြစ်မှဖြစ်စေ) တဖြည်းဖြည်းပိုမိုရရှိလာချိန်တွင် ၄င်းတို့၏ တာဝန်ဝတ္တရားများနှင့် စွမ်းဆောင်ရည်များမှာလည်း ပိုမိုမြင့်မားကောင်းမွန် လာရန်လိုပါသည်။ ဝင်ငွေများကို ဒေသခံပြည်သူလူထု အကျိုးခံစားနိုင်ရန်အတွက် ကောင်းမွန်စွာ အသုံးချနိုင်ရန်လိုပါသည်။ အမြဲလက်ခံကျင့်သုံးရမည့် စည်းမျဉ်းတစ်ခုအရ ပြောရပါက မြန်မာနိုင်ငံအနေဖြင့် တနေ့တချိန်တွင် ကုန်ဆုံးသွားမည့် သယံဇာတများရှိနေရာတွင် ဤအရင်း အမြစ်များကိုသာမာန်အသုံးစရိတ်များတွင်မဟုတ်ဘဲ လူသားအရင်းအနှီးတည်ဆောက်ရေးအတွက်သာ အထူးအသုံးပြုသင့်ပါသည်။

နိုင်ငံအစိုးရများအတွက်ပင် သယံဇာတဝင်ငွေများကို ကောင်းမွန်စွာ ထိန်းသိမ်း၊ ရင်းနှီးမြှုပ်နှံရန် ခက်ခက်ခဲခဲ လုပ်ဆောင်ကြရ လေ့ရှိပါသည်။ ဒေသဆိုင်ရာအစိုးရများအတွက် ဆိုလျှင် ပို၍ပင် ခက်ခဲကောင်းခက်ခဲပါလိမ့်မည်။ တစ်ရံတစ်ရံ၌ သယံဇာတမှ သီးသန့်ရန်ပုံငွေများ (natural resource revenue funds)များကိုတည်ထောင်၍ ၄င်းမှတဆင့် အစိုးရအဆင့်များအားလုံးသို့ ပွင့်လင်းမြင်သာပြီး၊ ခန့်မှန်းရလွယ်ကူသည့် နည်းလမ်းများဖြင့် ငွေထုတ်ပေးနိုင်ပါက ဝင်ငွေစီးဆင်းမှုကို တည်ငြိမ်စေနိုင်ပါသည်။ အနာဂါတ်တွင်သေချာရရှိမည့် ဝင်ငွေအနေအထားအရ မြန်မာနိုင်ငံအနေဖြင့် တည်တံခိုင်မြဲရေး (stabilization) သို့မဟုတ် နိုင်ငံတော်အချုပ်အခြာအာဏာဥစ္စာဓန ရန်ပုံငွေ (soverign wealth funds) များကို တည်ထောင်ရန် သင်လျော်ကောင်း သင့်လျော်ပါမည်။ ၄င်းအားချီလီနိုင်ငံတွင် မက်ခရိုစီးပွားရေး အဖွဲ့အရာယ်ကိုလျှော့ချရာနှင့် ရင်းနှီးမြှုပ်နှံမှုများကို တွန်းအားပေးနိုင်ရန် အတွက် များစွာ အောင်မြင်အထောက်အကူဖြစ်ခဲ့ကြောင်းတွေ့ရသည်။[196] ၄င်းတို့အား တစ်ခါတစ်ရံတွင် ဒေသဆိုင်ရာအဖွဲ့အစည်း များသို့ ငွေလွှဲပြောင်းပေးသည့် အခြားအစီအစဉ်များဖြင့်လည်း ပေါင်းစပ်နိုင်ပါသည်။[tt]

မည်ကဲ့သို့မဟုတ် ပဋိပက္ခအဖွဲ့အရာယ် - သယံဇာတထွက်ရှိသော ဒေသများ၊ မထွက်သောဒေသများ၏ ဆင်းရဲမှုအဆင့်များ အပေါ်မူတည်၍ မူလရင်းမြစ်ဒေသအခြေခံမူ (derivation principles) အပေါ်အခြေခံ၍ သယံဇာတဝင်ငွေခွဲဝေခြင်းသည် ပိုဆင်းရဲသည့်နယ်မြေမှ ချမ်းသာသည့် နယ်မြေသို့ ပေးခြင်း သို့မဟုတ် ချမ်းသာသည့် နယ်မြေမှ ဆင်းရဲသည့် နယ်မြေသို့ ပေးခြင်း စသည်ဖြင့် အဓိပ္ပါယ်အမျိုးမျိုးထွက်နိုင်ပါသည်။ ဒေသတစ်ခုနှင့် တစ်ခုအကြား မည်ကဲ့မှုများက မတည်ငြိမ်မှုများနှင့်အတူ ပဋိပက္ခ အဖွဲ့အရာယ်ကိုပါ ယူဆောင်လာတတ် ပါသည်။[197]

အခြားထည့်သွင်းစဉ်းစားစရအနေဖြင့် သယံဇာတအရင်းအမြစ်များအား မျိုးဆက် (generation) တစ်ခုနှင့်တစ်ခုအကြား မျှတစွာ ခွဲဝေနိုင်ရေး ပင်ဖြစ်သည်။[uu] အကယ်၍ ယခုရှိသည့် သဘာဝသယံဇာတ အရင်းအမြစ်ဥစ္စာဓနသည် ယခင်မျိုးဆက်များ(past

---

[ss] ဒေသန္တရအစိုးရများက အခွန်မူဝါဒများကို လွတ်လပ်စွာ ချမှတ်နိုင်သောအခါတွင် ဥပမာအားဖြင့် နိုင်ငံအတွင်း ရွှေ့ပြောင်းနေထိုင်မှုများကဲ့သို့ မျှော်လင့်မထားသည့် အကျိုးဆက်များလည်း ဖြစ်ပေါ်တတ်ပါသည်။ ဤအပြောင်းအလဲများမှာ အကျိုးအမြတ်ဖြစ်နိုင်သို့ အွန္တရာယ်များလည်း ဖြစ်နိုင်ပါသည်။ အစိုးရများအနေဖြင့် ဤအတွက် ပြင်ဆင်ထားရန် လိုပါသည်။

[tt] ဥပမာကို Van der Ploeg, F. and A. Venables (2012) တွင်ကြည့်ပါ။ နိုင်ငံများနှိုင်းယှဉ်ချက်များ ကို International Growth Centre (www.theigc.org) နှင့် Resource Governance Institute (http://www.resourcegovernance.org/) တို့တွင်လည်း ကြည့်ရှုနိုင်ပါသည်။

[uu] မရေရာသည့် အရင်းအမြစ်များ၏ စုစုပေါင်းပမာဏက အကောင်းမြင်လွန်ခြင်း (over-optimism) သို့ ဦးတည်စေနိုင်ပြီး၊ မူဝါဒချမှတ်သူများအား လက်ရှိ အသုံး စရိတ်များအတွက် သယံဇာတရင်ဌေများကို အလွန်အကျွံသုံးစွဲစေရန် ဖိအားပေးသည်မျိုးဖြစ်စေနိုင်ပါသည်။ ၂၀၁၁ခုနှစ် လွတ်တော်အစည်းအဝေး ဆွေးနွေးချက် များတွင်

generation) ထံမှ အမွေအနှစ် များဟု ဆိုပါက အနာဂါတ်မျိုးဆက်များသည်လည်း ၄င်းမှ အကျိုးခံစားခွင့်မရှိဘူးလား ဆိုသည်မှာ စဉ်စားရမည့် မေးခွန်းဖြစ်သည်။ သယံဇာတအရင်းအမြစ်ရင်ငွေများကို ဒေသများအကြား မည်သို့ ခွဲဝေချထားသည်ဖြစ်စေ ၄င်းတို့အား မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂါတ်မျိုးဆက်များ၏ အတွက် ကျယ်ပြန့်စုံလင်သည့် စီးပွားရေးတစ်ရပ်တည်ဆောက်ပေးနိုင်ရန်တို့အတွက် ရင်းနှီးမြှုပ်နှံနိုင်ရမည် ပင် ဖြစ်ပါသည်။[198]

၅.၄ နိဂုံးချုပ်

မြန်မာနိုင်ငံ၏ သဘာဝသယံဇာတအရင်းအမြစ်များခွဲဝေမှုဆိုင်ရာ အစီအစဉ်များအပေါ် ပြောဆိုဆွေးနွေးမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ ဆောင်ရွက်လျက်ရှိသည့် ပြုပြင်ပြောင်းလဲမှုများတွင်၊ အထူးသဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ် အတွင်း၌ သယံဇာဥစ္စာဓနများ၏ အခန်းကဏ္ဍမှာ အဓိကဆွေးနွေးရမည့်အကြောင်းအရာ တစ်ခုဖြစ်ပါသည်။ ဤကိစ္စမှာ သဘောသဘာဝအရ အန္တရာယ် (risks)နှင့် အပေးအယူများ (trade-offs) များ ပါဝင်နေသည့်အလျောက် အလွန်အရေးကြီးသော ဆွေးနွေးမှုလည်း ဖြစ်ပါလိမ့်မည်။ မြန်မာနိုင်ငံ၏ သယံဇာတရေးရာနှင့် ဒေသဆိုင်ရာ အစိုးရများအပေါ် စဉ်းစားဆွေးနွေးကြရာတွင် မည်သို့သော ရည်မှန်းချက်များကိုရရှိရန် မူဝါဒအသစ်များ ချမှတ်မည်ဆိုသည်ဖြင့် အရင် စတင်သင့်ပါသည်။

ဤမေးခွန်းများအတွက် စဉ်းစားစရာများကို အဆောတလျင်ဆုံးဖြတ်လိုက်လို့မရပါ။ သို့တိုင်အောင် ရှေ့နှစ်များအတွင်းတွင် ထပ်မံဝင်ရောက်လာမည့် ရေနံနှင့် သဘာဝ ဓါတ်ငွေ့မှ ဝင်ငွေ အမြောက်အများရှိနေခြင်း နှင့် အခြေခံဥပဒေဆိုင်ရာ ဆုံးဖြတ်ပြင်ဆင်မှုများ မပြုရသေးသည့်အတွက် လက်ရှိအချိန်တွင် ပါဝင်သက်ဆိုင်နေသူများအားလုံးအတွက် သတင်းအချက်အလက်များ ရယူပိုမိုရယူရန် အခွင့်အလမ်း ရှိနေပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများ၏ အခန်းကဏ္ဍကို ပိုမိုမြှင့်တင်လိုသူများ အနေဖြင့် သယံဇာတဥစ္စာဓန ခွဲဝေမှု အပြင် ဤရည်မှန်းချက်ကိုရရှိရန် အခြားနည်းလမ်းများစွာ ရှိသည်ကို ထည့်သွင်းစဉ်းစားကြရပါမည်။ သယံဇာတအရင်းအမြစ် များမှ ဥစ္စာဓနခွဲဝေမှု အစီအစဉ်များတွင်လည်း စဉ်းစားစရာ အန္တရာယ်အခက်အခဲများ ရှိနေတတ်ပါသည်ကို သတိပြုရန်လိုပါသည်။ ဥပမာ ဈေးနှုန်းအတက်အကျများကြောင့် ဖြစ်ပေါ်သည့် မတည်ငြိမ်မှုများ (volatility) ၊ အဖွဲ့အစည်း စနစ်ဆိုင်ရာ အရည်အသွေး၊ သယံဇာတစီမံခန့်ခွဲမှုများနှင့် ဝင်ငွေကောက်ခံမှုပုံစံအလွဲများကြောင့် ဖြစ်ပေါ်လာတတ်သော မှားယွင်းသည့် ဆွဲဆောင်မှုမက်လုံးများ (distorted incentives) စသည်တို့ဖြစ်ပါသည်။ ထို့အပြင် သယံဇာတဆိုင်ရာ ရှုပ်ထွေးသည့် အစီအစဉ်များချမှတ်ပါကလည်း လက်တွေ့ကျင့်သုံးနိုင်ဖို့ ခက်ခဲပါလိမ့်မည်။[199] အတိုချုပ်ပြောရပါက သယံဇာတအရင်းအမြစ် ခွဲဝေမှုသည် ဒေသများအား သယံဇာတထုတ်ယူမှုမှ အကျိုးခံစားခွင့်ရစေနိုင်သည့် နည်းလမ်းတစ်ခု ဖြစ်နိုင်သော်လည်း ယင်းနည်းလမ်း တစ်ခုတည်းရှိသည်မဟုတ်ကြောင်းကို သတိပြုစေလိုပါသည်။ ထို့အပြင် သယံဇာတဥစ္စာဓန ခွဲဝေမှုသည် ဒေသဆိုင်ရာ အစိုးရများအား ပြည်သူ့ရေးရာဝန်ဆောင်မှုများ အတွက် ငွေကြေးအသုံးပြုနိုင်ရန် ငွေဖြည့်ပေးနိုင်သည့် တစ်ခုတည်းသော နည်းလမ်း လည်း မဟုတ်ပါ။ ပါဝင်နေသူများအနေဖြင့် သယံဇာတဥစ္စာဓနအား ခွဲဝေဖြန့်ဖြူးခြင်းနှင့် ပုံမှန်ဘဏ္ဍာရေးဗဟိုချုပ်ကိုင်မှု ဖြေလျှော့ခြင်းမူဘောင် (fiscal decentralization framework) တို့အကြား ဆက်သွယ်ပေါင်းစပ်ပေးနိုင်ရန် ထည့်သွင်း စဉ်းစားကြရပါမည်။

သယံဇာတရေးရာ၌ ဒေသဆိုင်ရာ အစိုးရ၏ အခန်းကဏ္ဍ ပိုမိုရရှိရေးအတွက် ပြောဆိုဆွေးနွေးချက်များတွင် *သယံဇာတစီမံခန့်ခွဲမှု* နှင့် *သယံဇာတဝင်ငွေများအားခွဲဝေခြင်း* ကိစ္စရပ်နှစ်ခုကို တပေါင်းတည်းလုံး၍၊ တခါတရံတွင် ရောယှက်၍ ပြောဆိုနေကြသည်ကို တွေ့ရသည်။ မတူညီသော မူဝါဒကိစ္စများဟု ဆိုနိုင်သော်လည်း ယင်းကိစ္စနှစ်ခု အကြားတွင် အရေးကြီးသည့် ဆက်နွယ်မှုများ ရှိနေပါသည်။ ၂၀၁၄ ဧပြီ၌ ရခိုင်ပြည်နယ်တွင် ကျင်းပခဲ့သော ရခိုင်အမျိုးသားညီလာခံတွင် တိုင်းရင်းသားနိုင်ငံရေးပါတီများက သယံဇာတစီမံခန့်ခွဲမှုတွင် ဒေသအဆင့်မှ ပိုမိုပါဝင်နိုင်ရန်နှင့် သယံဇာတရင်ငွေများကို ဒေသမှ ခွဲတမ်းတစ်ခု ရရှိရန် တိုက်တွန်းခဲ့သည်ကိုတွေ့ရသည်။[200]

ချင်းအရပ်ဘက်လူမှုအဖွဲ့အစည်းဝင် တစ်ဦး၏ စကားကို ပြန်ကိုးကားရပါက -

---

လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက 'ကျောက်စိမ်းထုတ်လုပ်တာကို လျှော့ချဖို့ ခုနက ပြောသွားတာကို ကျွန်တော့်အနေနဲ့ သဘောမတူနိုင်ပါဘူး။ ကျွန်တော်တို့ ဘိုးဘေးများလက်ထက်ကတည်းက ဒီလို တူးဖော်လာကြတာပါပဲ။ ပြီးတော့ မြေအောက်မှ ဘာရှိမလဲ ဆိုတာလဲ မမြင်နိုင်ပါဘူး။ ကုန်ခမ်းသွားမယ် လို့ မယုံကြည်ပါဘူး။ ဓါတ်သတ္တုတွေတွေ့ရှိနိုင်တဲ့ တခြားနေရာတွေတောင် ရှိဒုံးမှာပါ' စသဖြင့် ဆွေးနွေးသွားသည်ကို တွေ့ရသည်။ နိုင်ငံအဆင့်တွင် ဖြစ်စေ၊ ဒေသဆိုင်ရာ အဆင့်တွင် ဖြစ်စေ ဤကဲ့သို့သော စဉ်းစားချက်မှာ ရေရှည်အတွက် ကောင်းမွန်သည့် စီးပွားရေးစီမံကိန်းဆွဲခြင်းအတွက် များစွာ အန္တရာယ် ရှိပါသည်။ (အမျိုးသားလွှတ်တော် အစည်းအဝေးမှတ်တမ်း၊ ၂၀၁၁)

> ပြည်သူတွေဟာ သယံဇာတအရင်းအမြစ်စီမံခန့်ခွဲမှုနဲ့ ဝင်ငွေတွေနဲ့ ပတ်သက်ပြီး ကောင်းကောင်း သိရှိနိုင်တယ် ဆိုရင် ပိုပြီး သဘောထား ပျော့ပြောင်းမှာပါ။ ဒါပေမယ့် လက်ရှိ ဥပဒေတွေကို ကောင်းကောင်း မသိရတဲ့ အခါကျတော့ ယုံကြည်မှု ဖြစ်ပေါ်ဖို့ ခက်နေတာပေါ့။ ပြည်နယ် အစိုးရက ဆုံးဖြတ်ပိုင်ခွင့်မရှိဘူး။ သယံဇာတအရင်းအမြစ်ကိစ္စတွေမှာ ပါဝင်နိုင်တဲ့ အခန်းကဏ္ဍ မရှိဘူး။ အဲ့ဒီတော့ သူ့ကို ဘယ်လို ယုံကြည်အားကိုးရမလဲ။ ပြည်နယ်အစိုးရနဲ့ CSOတွေနဲ့ ပြည်သူတွေအကြားမှာ အပြန်အလှန် နားလည်မှုတွေ တည်ဆောက်နိုင်ဖို့ လိုတယ်။[201]

အစိုးရအနေဖြင့် လက်ရှိစီမံခန့်ခွဲမှုများအား ပို၍ ပွင့်လင်းမြင်သာပြီး၊ ဒေသန္တရပြည်သူလူထု၏ စိုးရိမ်ချက်များကို သေချာထည့်သွင်းစဉ်းစားပေးနိုင်က ဆုံးဖြတ်ချက်များအားလုံး၊ ရင်ဆိုင်များအားလုံးကို ဒေသသို့လွှဲပြောင်းပေးရန်ဆိုသည့် တောင်းဆိုမှုမျိုး ထက် ဤသယံဇာတဝင်ငွေများကိုအကျိုးရှိထိရောက်အောင်၊ မြန်မာနိုင်ငံအတွက် ရေရှည်မျှော်မှန်းသည့် ရည်မှန်းချက်များ ရရှိအောင် မည်သို့ ပုံဖော်ဒီဇိုင်းဆင်သင့်သည့် ဆိုသည့် စိတ်ဆန္ဒများ ဖြစ်ပေါ်လာနိုင် ပါသည်။

အခြေခံဥပဒေ ပြင်ဆင်ပြောင်းလဲမှု သို့မဟုတ် နိုင်ငံရေးသဘောတူညီချက်များကို မရောက်ရှိခင် လက်ရှိအချိန်အတွင်း၌ သယံဇာတ စီမံအုပ်ချုပ်မှုတွင် ဒေသဆိုင်ရာ အစိုးရများ၏ အခန်းကဏ္ဍအပေါ် သက်ရောက်မှု ရှိနိုင်သည့် ပြုပြင်ပြောင်းလဲမှုအချို့ ကိုလည်း တဖြည်းဖြည်း တွေ့မြင်နေရပါသည်။

အချို့သာ အခြေအနေများ၌ ဒေသဆိုင်ရာ အစိုးရများအတွက် သယံဇာတရေးရာ ကိစ္စရပ်များကို အောက်ခြေအဆင့်တွင်သာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် ကိုင်တွယ်ဖြေရှင်းနိုင်ခြင်းက ပို၍အဆင်ပြေပါမည်။ ဥပမာအားဖြင့် အသစ်ဖွဲ့စည်းခဲ့သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန (ECD) အနေဖြင့် ပတ်ဝန်းကျင်ဆိုင်ရာ တစ်နိုင်ငံလုံးအတွက် တစ်ပြေးညီစံသတ်မှတ်မှုများ ပြုလုပ်ပြီး အကောင်အထည်ဖော်ဆောင်မှုနှင့် ကြီးကြပ်စစ်ဆေးမှုများကို ဒေသန္တရအဆင့်တွင် လုပ်ဆောင်နိုင်ပါက အကောင်းဆုံး ဖြစ်ပါမည်။

အခြားသော အခြေအနေအချို့တွင်မူ ဤသေးငယ်သည့် အပြောင်းအလဲလေးများက မမျှော်လင့်သည့် အန္တရာယ်များဖြစ်လာတတ်သဖြင့် လွန်စွာ သတိထားဆောင်ရွက်သင့်ပါသည်။ အင်ဒိုနီးရှားနိုင်ငံတွင် ကောင်းမွန်သည့် ရည်ရွယ်ချက်များဖြင့် သစ်ထုတ်ခွင့် လိုင်စင်ချပေးခွင့်ကို ဒေသန္တရအဆင့်သို့ ဗဟိုချုပ်ကိုင်မှု ဖြေလျှော့ခဲ့ရာမှ သစ်တောပြန်းတီးမှုများ ပိုမို ဆိုးဝါးလာခဲ့ခြင်းသည် မြန်မာနိုင်ငံအတွက် ယူသင့်သည့် ဥပမာ တစ်ခုဖြစ်သည်။ မြန်မာနိုင်ငံ၌ အသေးစား သတ္တုတွင်း လုပ်ငန်းများအား ခွင့်ပြုမိန့်ပေးခြင်းကို ဗဟိုချုပ်ကိုင်မှုလျှော့ချရန်အဆိုပြုထားခြင်းသည်လည်း ဤကဲ့သို့သော ဆွဲဆောင်မှု မက်လုံး အလွဲများ (mismatch in incentives) များ ဖြစ်ပေါ်လာနိုင်စရာရှိသဖြင့် သေချာစဉ်းစား သင့်ပါသည်။

ပါဝင်သက်ဆိုင်သူများအနေဖြင့် သယံဇာတစီမံခန့်ခွဲမှုအတွက် ထားရှိမည့် ရေရှည် ရည်မှန်းချက်များကိုလည်း စဉ်းစားသင့်ပါသည်။ မြန်မာနိုင်ငံသည် လက်ရှိအချိန်တွင် သယံဇာတကြွယ်ဝမှုအရ၊ တူးဖော်ထုတ်ယူနေမှုများအရ ၄င်းရသင့်သည့်၊ ရနိုင်သည့် ဝင်ငွေများကို အပြည့်အဝ မရရှိပါ။ သယံဇာတမှရငွေများကို သယံဇာတများ ကုန်ခမ်းသွားမည့် အချိန်အတွက် ကြိုတင်ပြင်ဆင်နိုင်ရန် ကောင်းစွာ အသုံးပြုနိုင်ခြင်းမရှိပါက သယံဇာတများတိုးမြှင့်၍တူးဖော်ထုတ်ယူနိုင်ခြင်းသက်သက်မျှဖြင့် တိုင်းပြည်ကို ဘာအကျိုးမှ မပြုနိုင်ပါ။ ဆိုလိုသည်မှာ အနာဂါတ်မျိုးဆက်များအတွက်ရင်းနှီးမြှုပ်နှံခြင်း သို့မဟုတ် 'လူသားအရင်းအနှီး' တည်ဆောက်ခြင်းတွင် အသုံးပြုခြင်း သို့မဟုတ် နိုင်ငံ၏ စီးပွားရေးကို သယံဇာတမဟုတ်သည့် အခြားနည်းများအပေါ် ဖြန့်ကျက်ထားနိုင်ရန် တို့ဖြစ်သည်။ သယံဇာတအမျိုးအစားတစ်ခု သို့မဟုတ် သယံဇာတအချို့အပေါ်တွင်သာ မှီခိုလာရနိုင်သော အန္တရာယ်ရှိသည့် ဒေသများမှ ဒေသဆိုင်ရာ အစိုးရ၊ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်များသည် လည်း ဤ အချက်များကို သေချာ စဉ်းစားကြသင့်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် သယံဇာတဥစ္စာဓနအပေါ်တွင် မည်သို့သော နိုင်ငံရေးသဘောတူညီချက်ရရှိသည် ဖြစ်စေ ဤသို့သော စဉ်းစားချက်များမှာ နိုင်ငံအဆင့်အတွက်ရော ဒေသဆိုင်ရာ အစိုးရများအတွက်ပါ အရေးကြီးလှပါသည်။ ဥစ္စာဓနခွဲဝေမှုဆိုင်ရာ အစီအစဉ်များတွင် ပါဝင်နေသည့် အရနှင့်အပေးများ (trade-offs) သည် မြန်မာနိုင်ငံအသွင်ကူးပြောင်းရေးဖြစ်စဉ်၏ မျက်နှာစာ သုံးခု (စီးပွားရေးပြန်လည်တည်ဆောက်မှု၊ နိုင်ငံရေး/အခြေခံဥပဒေပြင်ဆင်ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်) စလုံးကို ချိုင့်စဉ်းစားရာတွင် အဓိကကျသော အကြောင်းအချက်တစ်ခု ဖြစ်ပါလိမ့်မည်။ နောက်ဆုံးအနေဖြင့် ဥစ္စာဓနခွဲဝေမှုအစီအစဉ်များကို ဒီဇိုင်းဆင်ခြင်းသည် လက်ရှိစေ့စပ်ညှိနှိုင်းနေရသူများအချင်းချင်းအကြား စိတ်ကျေနပ်နစ်သက်စေရန် တစ်ကြိမ်တည်းဖြင့် အလွယ်တကူ လက်ခံဆုံးဖြတ် ပေးလိုက် (one-off bargain) လို့ရသည့် ကိစ္စမဟုတ်ပါ။ ၄င်းမှဖြစ်ပေါ်လာသည့် ဖွဲ့စည်း

တည်ဆောက်ပုံများ (structures) နှင့် အင်စတီကျူးရှင်းများက စီမံခန့်ခွဲမှုဆိုင်ရာ အလေ့အထများ၊ သယံဇာတကုန်ခမ်းမှုနှုန်း၊ နိုင်ငံရေးမက်လုံးများ နှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုများအပေါ် သက်ရောက်မှုများ ဖြစ်ပေါ်စေပါလိမ့်မည်။

အကြံပြုတိုက်တွန်းချက်များ

သတင်းအချက်အလက်စုဆောင်းကောက်ယူပြီး ဖြန့်ဝေရန်- သယံဇာတဥစ္စာဓနခွဲဝေမှု၏ ဖြစ်လာနိုင်သော အကောင်း သို့မဟုတ် အဆိုးများကို ပိုမိုနားလည်နိုင်ရန်အတွက် ပါဝင်ပတ်သက်နေသူများအနေဖြင့် -

- လက်ရှိ အစိုးရအနေဖြင့် မည်သည့် သယံဇာတအမျိုးအစားမှ ဝင်ငွေမည်မျှရရှိနေပြီး၊ မည်သည့် ပြည်နယ်သို့မဟုတ် တိုင်းဒေသကြီးမှ မည်မျှရရှိနေသည်
- သယံဇာတ တည်ရှိဖြစ်ထွန်းနေမှုအနေအထားနှင့် ထပ်မံရှာဖွေတွေ့ရှိနိုင်သည့် အလားအလာ
- ထုတ်လုပ်သည့် အရေအတွက်၊ တင်ပို့မှုနှင့် ပြည်တွင်းမှ ဝယ်ယူအသုံးပြုမှုနှင့်တကွ ဖြစ်နိုင်ပါက သယံဇာတအမျိုးအစား တစ်ခုချင်းစီအတွက် ပြည်နယ်/တိုင်းအလိုက် ရောင်းရငွေတန်ဖိုး
- လူဦးရေနှင့် ဆင်းရဲမှုအဆင့်များ၊ ပြည်နယ်၊ တိုင်း တစ်ခုချင်းစီတွင် အသုံးစရိတ်လိုအပ်ချက်များ
- သယံဇာတဆိုင်ရာ လုပ်ငန်းများကြောင့် ပတ်ဝန်းကျင်၊ လူမှုရေး၊ အခြေခံအဆောက်အအုံ သို့မဟုတ် အခြား ထိခိုက်နစ်နာမှုများ

တွေ့ဆုံမေးမြန်းခဲ့သော သယံဇာတကဏ္ဍဝန်ကြီးဌာနများမှ အရာရှိများအနေဖြင့် သတင်းအချက်အလက်များ မျှဝေရန်ဆန္ဒရှိ ကြကြောင်းနှင့် ပွင့်လင်းမြင်သာမှုအတွက် အတွေးအမြင်သစ်များ(new mindset) လိုအပ်မှုကို ထောက်ခံပြောဆိုကြပါသည်။ တောင်းဆိုမှုအရ သတင်းအချက်များ ထုတ်ပြန်ခြင်းကို ပုံမှန်တာဝန်တစ်ရပ်ဖြစ်အောင် လုပ်ဆောင်သင့်ပါသည်။ ဥပမာအားဖြင့် သီးခြား တစ်ခုချင်း ခွဲထုတ် ဖော်ပြထားသည့် ကိန်းဂဏန်းအချက်အလက်များ (disaggregated data) ကို အင်တာနက် စာမျက်နှာပေါ်တွင် ထုတ်ပြန်ခြင်း မျိုး ပြုလုပ်သင့်သည်။ ဤသတင်းအချက်အလက်များမှာ အဖွဲ့အစည်း၊ ဌာနအသီးသီးနှင့် အစိုးရအဆင့်အသီးသီးမှ မူဝါဒမှတ်သူများ ထံသို့လည်း အလွယ်တကူ ရောက်ရှိနိုင်ရပါမည်။

ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု (Public financial management) - ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲမှုများစတင် ဆောင်ရွက် နေခြင်းမှာ ကောင်းသော လက္ခဏာ ဖြစ်ပါသည်။ ဤတွင် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အခန်းကဏ္ဍကို ပိုမိုမြှင့်တင်ပေး သင့်ပါသည်။ အစိုးရဝင်ငွေများအားလုံးကို ဘတ်ဂျက်စာရင်းတစ်ခုတည်းသီသို့သာ စီးဆင်းစေပြီး ဤအတွက် ဘဏ္ဍာရေးဝန်ကြီးဌာန အောက်မှ ပြည်တွင်းအခွန်များ ဦးစီးဌာနသည် စာရင်းစစ်ဆေးမှုနှင့် အခွန်များ အားလုံးအား စုစည်း ကောက်ခံနိုင်မှု စသည့် အခွင့်အရေးများ ရရှိရမည် ဖြစ်သည်။

သယံဇာတစီမံခန့်ခွဲမှုအတွက် ပွင့်လင်းလွယ်ကူသည့် ဆက်သွယ်ရေးလမ်းကြောင်းများ - သယံဇာတစီမံခန့်ခွဲမှုတွင် ပွင့်လင်းမြင်သာ မှုရှိပါက ယုံကြည်မှုကိုပိုတည်ဆောက်နိုင်ပြီး ဥစ္စာဓနခွဲဝေမှုဆိုင်ရာ ဆွေးနွေးချက်များအား ကိန်းဂဏန်းအရခွဲဝေမှုအပေါ် အဓိကထား ပြောဆိုနေကြသည့် (ဥပမာ ၃၀-၇၀၊ ၅၀-၅၀ စသဖြင့်) အနေအထားကို ကျော်လွန်၍ စဉ်းစားစေနိုင်မည်ဖြစ်သည်။ ယခုအချိန်တွင် သယံဇာတစီမံခန့်ခွဲမှုအတွက် ပုံမှန်ဖြစ်သော ဆက်သွယ်မှု လမ်းကြောင်းများ ဒေသဆိုင်ရာအဆင့်၌ ပိုမိုဖြစ်ပေါ်ရန် လိုလားမှုများ ရှိနေပါသည် (ဥပမာအားဖြင့် အချို့မှဆွေးနွေးထားကြသည့် ဒေသဆိုင်ရာအဆင့် CSO- အစိုးရ EITI အထောက်အကူ အဖွဲ့မျိုး)။ ဤလမ်းကြောင်းများသည် သယံဇာတ အုပ်ချုပ်မှု (resource governance) နှင့်ပတ်သက်ပြီး အနာဂါတ်တွင် ဖြစ်လာနိုင်သည့် ပဋိပက္ခ၊ အလွဲသုံးစားလုပ်မှု သို့မဟုတ် နားလည်မှုလွဲခြင်းများကို ကာကွယ် ပေးနိုင်စရာ ရှိပါသည်။ EITI လုပ်ငန်းစဉ် အနေဖြင့် ဆက်သွယ်ရေးလမ်းကြောင်းတစ်ခု ဖြစ်နိုင်သည်ဖြစ်စေ မဖြစ်စေ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ နှင့် ဒေသန္တရ အစိုးရ များ အကြား ထိရောက်လွယ်ကူသည့် ဆက်သွယ်ဆက်ဆံမှုများ ဖြစ်ပေါ်ခြင်းသည် အနာဂါတ်တွင် ဖြစ်လာနိုင်သည့် ပဋိပက္ခ၊ အလွဲသုံးစားလုပ်မှု သို့မဟုတ် နားလည်မှုလွဲခြင်းများကို ကာကွယ် ပေးနိုင်စရာ ရှိပါသည်။[202]

ပြည်နယ်/တိုင်းဒေသကြီးအစိုးရများ၏ အခန်းကဏ္ဍ ကို ပိုမိုရှင်းလင်းစေရန်နှင့် အဖွဲ့အစည်းဆိုင်ရာအရည်အသွေးတည်ဆောက်ရန် - သဘာဝအရင်းအမြစ်ဆိုင်ရာ လုပ်ငန်းတာဝန်များ၏ အစိတ်အပိုင်း တစ်ခုချင်းအလိုက် ဗဟိုချုပ်ကိုင်မှု လျော့ချခြင်း (piece-by-piece decentralization) သည် ဒေသဆိုင်ရာ အဖွဲ့အစည်းများ အား မြန်ဆန်ထိရောက်စွာ စွမ်းဆောင်နိုင်စေ (efficiency) ပြီး၊ စီမံခန့်ခွဲမှု

ဆိုင်ရာ အတွေ့အကြုံကို ရရှိစေပါသည်။ သို့တိုင်အောင် ဤသို့ အရွယ်အစားတစ်စုံတစ်ရာအပေါ် သို့မဟုတ် သယံဇာတ အမျိုးအစား အပေါ် ထိန်းချုပ်စီမံခွင့် တစ်စိတ်တစ်ပိုင်းသာ လွှဲပြောင်းပေးခြင်းသည် ၄င်းမှရနိုင်မည့် ဆွဲဆောင်မှု မက်လုံးအလွှဲများ သို့မဟုတ် အကျင့်ပျက်ခြစားမှု အန္တရာယ်ကို ဖြစ်ပေါ် စေနိုင်ပါသည်။ ပြည်နယ်များရှိ ပြည်ထောင်စုဝန်ကြီးဌာနများအောက်မှ ဌာနများအနေဖြင့် နှစ်ဆင့်နှစ်သွယ် အစီရင်ခံသတင်းပို့ရန် လိုအပ်ချက် (dual reporting) ကို ဖယ်ရှားပြီး တိုက်ရိုက်တာဝန်ခံမှု ပုံစံဖြင့် အစားထိုး ရပါမည်။ မူဝါဒချမှတ်သူများအနေဖြင့် မည်သည့် လုပ်ငန်းတာဝန်များကို လွှဲပြောင်းမည်နှင့် ဘာကြောင့် လွှဲပြောင်းသင့်သည် ကိုလည်း သေချာစဉ်းစားရပါမည်။ အစိုးရအဆင့်အသီးသီးရှိ အဖွဲ့အစည်းစနစ်ဆိုင်ရာ နှင့် နည်းပညာရပ်ပိုင်း ဆိုင်ရာ စွမ်းဆောင်ရည်တို့သည် သယံဇာတစီမံအုပ်ချုပ်မှုဆိုင်ရာ စိန်ခေါ်မှုအခက်အခဲများကို ဖြေရှင်းပေးနိုင်ရန် လုံလောက်စွာရှိနေရမည် ဖြစ်ပြီး တာဝန်အပြောင်းအလဲများကို လွယ်ကူစွာ ဆောင်ရွက်နိုင်စွမ်းရှိရပါမည်။

ဥပဒေသတ်မှတ်ပြဋ္ဌာန်းခြင်းနှင့် အကောင်အထည်ဖော်ခြင်း – သယံဇာတအရင်းအမြစ်စီမံအုပ်ချုပ်မှုဖြင့် ဆက်စပ်သော သီးခြားစီ ဖြစ်နေသည့် ဥပဒေများကို ညီညွတ်မှုရှိစေရန် ဆောင်ရွက်ရပါမည်။ ဥပမာ ၁၉၉၅ ကျောက်မျက်ရတနာဥပဒေမှ အခွန်ကင်းလွတ်ခွင့် ဆိုင်ရာ ပုဒ်မမျိုးကို ပြန်လည်ပြင်ဆင်သင့်ပါသည်။ ဥပဒေများအတွက် ထုတ်ပြန်သည့် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း စည်းကမ်းများနှင့်တကွ သယံဇာတထုတ်ယူခွင့် လိုင်စင်များလျှောက်ထားသည့် ဖြစ်စဉ်များကိုလည်း ပြည်သူလူထု လက်လှမ်းမှီ သိရှိ နိုင်ရန် သေချာ ထုတ်ပြန်ရပါမည်။ ဤကဏ္ဍများအားလုံး၌ ဥပဒေအသက်ဝင်အောင်ပြုလုပ်ခြင်းမှာ တိုးတက်ရန် လိုအပ်လျက်ရှိပြီး လတ်တလောအချိန်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေအတွက် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်နိုင်ပြီး အသက်ဝင်စေရေးမှာ နိုင်ငံအတွက် အရေးကြီးသည့် ကိစ္စဖြစ်ပါသည်။

တိုင်းတာစစ်ဆေးခြင်း၊ အွန္တရာယ်လျှော့ချခြင်း နှင့် ပတ်ဝန်းကျင်ပျက်စီးမှု သို့မဟုတ် အခြားထိခိုက်နစ်နာမှုများအတွက် ပေးလျော်ခြင်း - သယံဇာတတူးဖော်ထုတ်ယူမှုများကြောင့် ဖြစ်ပေါ်သည့် ပတ်ဝန်းကျင်၊ ကျန်းမာရေး၊ အခြေခံအဆောက်အအုံ နှင့် လူမှုရေး ထိခိုက်နစ်နာမှုများ ကို စနစ်တကျတိုင်းတာစစ်ဆေးမှုပြုရပါမည်။ ဤသို့သော ထိခိုက်ဆုံးရှုံးမှုများအတွက် ပေးလျော်ခြင်း (compensation) ဆိုသည်မှာ ယင်းဒေသအား ထိခိုက်နစ်နာမှုအခြေအနေမှ နဂိုမူရင်းအခြေအနေသို့ ပြန်ဆွဲတင်ပေးသည့် သဘော ဖြစ်ပါသည် (အရင်းအမြစ်ဥစ္စာဓနအကျိုးအမြတ်ကို ထပ်တိုးပေးသည့် သဘောမဟုတ်ပါ)။ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံများတွင် ရေအရည်အသွေးစစ်သပ်ခြင်း၊ သတ္တုတွင်းများဝန်းကျင်တွင် သန့်ရှင်းရေးဆောင်ရွက်ခြင်း အစီအစဉ်များကို အစပျိုးနိုင်ခဲ့ပြီး၊ ထိခိုက်မှုနည်းနိုင်သော သတ္တုတူးဖော်နည်းများကို အချို့ဒေသများတွင် မိတ်ဆက်ပေးနိုင်ခဲ့သည်။[203] ပြည်နယ်/ တိုင်းဒေသကြီး အစိုးရများ၊ ဒေသွန္တရအုပ်ချုပ်ရေးအဖွဲ့အစည်းများ နှင့်ရပ်ရွာ ပြည်သူလူထု များအနေဖြင့် ထိုကဲ့သို့သော အစီအစဉ် များတွင် အခန်းကဏ္ဍတစ်ရပ်မှ ပါဝင်နိုင်သည့်အပြင် အသစ်ဖွဲ့စည်းမည့် ပြည်နယ်/တိုင်းဒေသကြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနများ သို့မဟုတ် ပြည်နယ်/တိုင်းဒေသကြီးဘတ်ဂျက်များမှတဆင့် ထိခိုက်နစ်နာမှုအတွက် ပေးလျော်ခြင်းပုံစံ အချို့ကို ထည့်သွင်း နိုင်ပါသည်။

ဥစ္စာဓနခွဲဝေမှုစနစ်များ ပုံဖော်ဒီဇိုင်းဆင်ခြင်းဖြစ်စဉ်များသည် ဂရုတစိုက်စဉ်းစားဆုံးဖြတ်ရန်နှင့် ရှေ့နောက်အစဉ်မှန်ရန်လိုပါသည် - သဘာဝသယံဇာတအရင်းအမြစ်များအား ပဋိပက္ခကို မောင်းနှင်နေသည့်အရာ မဖြစ်စေလိုဘဲ၊ ငြိမ်းချမ်းရေးရည်ရွယ်ချက်များတွင် အသုံးပြုနိုင်ရန်နှင့် ဥစ္စာဓနခွဲဝေမှုအား တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများဖြင့် ဆွေးနွေးမည့် နိုင်ငံရေးဆွေးနွေးမှု ဖြစ်စဉ် (political dialogue process) အတွင်း အရေးတကြီးထည့်သွင်းရမည့် အရာအဖြစ် ပြောဆိုထားကြသည်များရှိပါသည်။ ငြိမ်းချမ်းရေး ဖြစ်စဉ်နှင့် ဆောင်ရွက်လျက်ရှိသည့် စီးပွားရေး/အခြေခံဥပဒေပြုပြင်ပြောင်းလဲရေး ဖြစ်စဉ်များအကြား အပြန်အလှန် သက်ရောက်မှု များကို ထည့်သွင်းစဉ်းစားရပါမည်။ ဥစ္စာဓနခွဲဝေမှု အစီအစဉ်များအပေါ် ဆွေးနွေးမှုဖြစ်စဉ်နှင့် ရှေ့နောက် အစဉ် (sequence) တို့အား မျှတမှုရှိပြီး ပြည်သူလူထု၏ အကျိုးစီးပွားကို ကိုယ်စားပြုသည်ဟု မြင်သာအောင် ဂရုတစိုက် ပုံဖော်ဒီဇိုင်းဆင်ရပါမည်။

သယံဇာတစီမံအုပ်ချုပ်မှုဆိုင်ရာပြုပြင်ပြောင်းလဲမှုများအတွက်ရည်မှန်းချက်များနှင့် ဖြစ်နိုင်သည့် မူဝါဒများအားလုံးကို ထည့်သွင်း စဉ်းစားရန် - ထိရောက်ကောင်းမွန်စွာ နှင့် အများပါဝင်သော သယံဇာတ စီမံခန့်ခွဲမှုရည်မှန်းချက် သို့မဟုတ် ဒေသဆိုင်ရာ အစိုးရများ အတွက် ပိုမိုလွတ်လပ်သည့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများကို ရရှိရန် အတွက် နည်းလမ်း များစွာ ရှိပါသည်။ သယံဇာတအထူးပြုသည့် ပြုပြင်ပြောင်းလဲမှုများအနေဖြင့် ပိုမိုအကျယ်အပြန့်သဘောဆောင်သည့် ဘဏ္ဍာရေးဗဟိုချုပ်ကိုင်မှု ဖြေလျှော့ခြင်း (fiscal decentralization) ဖြင့် ကောင်းစွာ ချိတ်ဆက်နိုင်ဖို့လိုပါသည်။ အစိုးရအတွင်းနှင့် အပြင်မှ ပါဝင်

ပတ်သက်နေသူများအနေဖြင့် သယံဇာတဝင်ငွေသီးသန့် (resource-revenue specific) မဟုတ်သော အခြားဘဏ္ဍာရေး ဗဟိုချုပ်ကိုင်မှု စနစ်ယန္တရားအပါအဝင် အခြားရွေးစရာနည်းလမ်းအသီးသီး၏ အကျိုးအမြတ်နှင့် အန္တရာယ်များကို အလေးအနက်စဉ်းစားရပါမည်။ ဥပမာအားဖြင့် ပြည်နယ်/တိုင်းဒေသကြီးများသို့ အချို့သော သယံဇာတသီးသန့် အခွန်အကောက်များ ခွဲဝေချထား ပေးခြင်း သို့မဟုတ် သယံဇာတရငွေဖြင့်တည်ထောင်သည့် ရန်ပုံငွေတွင် ဒေသဆိုင်ရာ အစိုးရများ၏ အခန်းကဏ္ဍကိုထည့်သွင်းခြင်း သို့မဟုတ် လူမှုဖွံ့ဖြိုးတိုးတက်ရေး သို့မဟုတ် အခြေခံအဆောက်အဦး စီမံကိန်းများ အတွက် ဦးတည်သုံးစွဲခြင်း စသဖြင့် အမျိုးမျိုးဖြစ်နိုင်ပါသည်။

နောက်ဆက်တွဲ ၁ ၊ ပြည်နယ်များနှင့် တိုင်းဒေသကြီးများမှ သယံဇာတ ခန့်မှန်းစာရင်း

သယံဇာတကဏ္ဍဆိုင်ရာ ဝန်ကြီးဌာနဝက်ဘ်ဆိုက်များနှင့် presentation များမှ စုစည်းတင်ပြထားခြင်းသာ ဖြစ်ပါသည်။ ဤစာရင်းအား ပြည့်စုံသည့် နောက်ဆုံး သတင်းအချက်အလက်အဖြစ် မှတ်ယူရန် မရည်ရွယ်ပါ။

State/region	Types	Major sites
Ayeyarwady	Copper, coal, gas and oil, limestone, timber	Laymyetna copper mine, Myanaung gas and oil field, NyaungDon gas and oil field
Bago	Iron, gold, platinum, timber, oil, hydropower	Yenwe hydropower station, Pyay gas and oil field, Minlan Thanseik-ShweGyin iron mine, Taunggu gold/platinum deposit
Chin	Nickel, chromite, manganese, limestone, timber, hydropower	Mwe Taung nickel deposit. Hydropower projects: Zalui, Tongva, Ngasitvar, Paletwa, Namhlaung Creek, Laiva, Htweehsaung and Chichaung
Kachin	Amber, gold, platinum, iron, jade, molybdenum, nickel, rare earth, lead, zinc, silver, ruby, oil, copper, limestone, timber, hydropower	Hpakant jade mines, Hukawng valley amber, Panwa lead-zinc-silver deposit, Indawgyi nickel deposit, Shadusuik gold-platinum deposit, Wakan-Tanaing gold/platinum deposit, Ngagyan gold/platinum deposit, Namma- Kangon gold/ platinum deposit. Hydropower projects: Myitsone (suspended), Tarpain, Chibwe, Pashe, Lakin, Phizaw
Kayah	Tin/tungsten, antimony, limestone, timber, hydropower	Mawchi mine, Konsut antimony deposit, Peinchit antimony deposit. Hydropower projects: Lawpida, Beluchaung (Loikaw).
Kayin	Antimony, gold, limestone, lead, zinc, silver, tin- tungsten, timber, hydropower	Shwegyin gold mine, Shwegyi hydropower station, Hetgyi Dam, Mawhki lead/zinc/silver deposit
Magway	Coal, oil and gas, nickel, limestone, hydropower	Mann oil field, Yenangyaung oil field, Mone hydropower station, Chauk gas and oil field, Yeyang Naung gas and oil, Kyaukkwet/Letpando gas and oil field, Kanni gas and oil field, Htaukshabin gas and oil field, Thargyitaung/sabe gas and oil field, Mindinkyin nickel deposit
Mandalay	Gold, iron, limestone, marble, manganese, platinum, rubies, sapphire, silicate, silver, nickel, iron, antimony, oil, timber, hydropower	Mogok ruby/gem/sapphire mines, Thabeikkyin gold mine, Phayaung Taung gold mine (Patheingyi), Kyatwinye Iron mine, Paungdaw Lead/zinc/silver deposit, Lebyin antimony deposit, Moehti Taung gold/platinum deposit, Kwinthonse gold /platinum deposit, Phayaungtaung gold/platinum deposit, Kyaukpadaung manganese deposit
Mon	Limestone, gold, nickel, antimony, tin-tungsten, timber, hydropower	Payagon gas and oil field, Kadaik antimony deposit, Tabyu antimony deposit, Kayukway nickel deposit, Padatchaung tin/tungsten deposits
Rakhine	Offshore natural gas, marble, nickel,	Shwe Gas Field (offshore), Nayputaung mine, Maungdaw-nanmadaw nickel deposit, UkinTaung nickel deposit, Hkakyintaung nickel deposit.

	chromite, limestone, timber, hydropower	Hydropower projects: Laymyo Chaung, Thahtay Chaung, Am Chaung, and Saidin
